# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)



၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ် (၁၁၉)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ ကော့သောင်းခရိုင်အတွင်း ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းတို့အား လှည့်လည်ကြည့်ရှု




ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘုတ်ပြင်းမြို့နယ် ညောင်ဦးဖီးကျွန်း၌ **Victoria Cliff Hotel & Resort** မှ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိန်းသိမ်းထားရှိမှုအခြေအနေများ ကြည့်ရှုလေ့လာစဉ်။

သတင်းစဉ်

မြိတ် ဇန်နဝါရီ ၂၆

**တနင်္သာရီတိုင်းဒေသကြီး၌ ရောက်ရှိနေသည့် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့တွင် ကော့သောင်းခရိုင်အတွင်း ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ကော့သောင်းနယ်စပ်ကုန်သွယ် ရေးစခန်းတို့အား လှည့်လည် ကြည့်ရှုသည်။**

### ဂေဟစနစ်များ ထိန်းသိမ်းမှု လှည့်လည်ကြည့်ရှု

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ဇာဒက်ကြီးကျေးရွာအုပ်စု ညောင်ဦးဖီးကျွန်းရှိ Victoria Cliff Hotel & Resort မှ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များအား ထိန်းသိမ်းထားရှိမှုအခြေအနေ၊ ခရီးသွားလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ကမ်းခြေသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာရာ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဝင်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဇာဒက်ကြီးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်း၌ အဆိုပါကျေးရွာရှိ ဆလုံတိုင်းရင်း သားလူမျိုးများနှင့် တွေ့ဆုံသည်။

### စားသောက်ဖွယ်ရာများ ထောက်ပံ့

တွေ့ဆုံစဉ် ဒုတိယသမ္မတက မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများစာရင်းတွင် လူဦးရေအနည်းဆုံးစာရင်း၌ ပါဝင်သည့် ဆလုံတိုင်းရင်းသားများနှင့် ယခုလို တွေ့ဆုံခွင့်ရသည့်အတွက် 

## ဆလုံတိုင်းရင်းသားများအနေဖြင့် မိမိတို့၏မျိုးနွယ်စု တည်တံ့ခိုင်မြဲရန် ထိန်းသိမ်းရေး၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို မပျောက်ပျက်အောင် စောင့်ရှောက်ကြရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စာပေပညာရပ်များကိုလည်း ကြိုးစားသင်ယူသွားကြရန် မှာကြား

များစွာ ဝမ်းမြောက်ပါကြောင်း၊ ဆလုံတိုင်းရင်းသားများအနေဖြင့် မိမိတို့၏မျိုးနွယ်စု တည်တံ့ခိုင်မြဲရန်ထိန်းသိမ်းရေး၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို မပျောက်ပျက်အောင် စောင့်ရှောက်ကြရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စာပေပညာရပ်များကိုလည်း ကြိုးစားသင်ယူသွားကြရန် မှာကြားပြီး ဆလုံတိုင်းရင်းသား သက်ကြီးရွယ်အိုများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✤

---

မက်ဆီဒိုးနီးယား အမည်ပြောင်းလဲခြင်းကို သမိုင်းဝင်စာချုပ်ဖြင့် ဂရိပါလီမန် အသိအမှတ်ပြု စာ » ၁၄

အစုလိုက်ရွှေ့ပြောင်းနေထိုင်သူတွေအတွက် မက္ကဆီကိုနိုင်ငံက ဆွဲဆောင်မှုတစ်ခုဖြစ်လာ စာ » ၁၅

ပြောင်းစိုက်ခင်းများ၌ ငမြှောင်တောင်ပိုးကျရောက်မှုအန္တရာယ်နှင့် ကာကွယ်နှိမ်နင်းမှုထိရောက်ရေး ဂရုပြုအလေးထားရန်အချက်များ စာ » ၁၇


CB BANK

ကုန်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုနှင့် ငွေကြေးထောက်ပံ့ မှုများ

Best Trade Finance Bank

2018 (Asset Triple A) (The Asian Banker)

Tel : +95 1 2317 770 STU : +95 1 2317 698 STU@cbbank.com.mm

မြန်မာ့အလင်း

# လှိုက်လှဲပျူငှာဖိတ်ခေါ်သည့် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ"

တိုင်းရင်းသားများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ဖော်ဆောင်သည့် ပွဲတော်ကြီးတစ်ရပ်ကို ရန်ကုန်မြို့ကျိုက္ကဆံကွင်းကြီး၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်း တောင်တန်း၊ မြေပြန့်၊ ကုန်းပြင်မြင့်၊ မြစ်ဝှမ်းစသည့် ဒေသအသီးသီးတို့တွင် နေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု စသည်တို့ကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်းတွေ့ရှိလေ့လာ သိရှိနားလည်နိုင်မည့် အခွင့်အရေးကြီးတစ်ခုပင်ဖြစ်သည်။

ဇန်နဝါရီ ၂၅ ရက်မှစ၍ ၃၀ ရက်အထိ ခြောက်ရက်တိုင်တိုင် နံနက် ၁၁ နာရီမှသည် ည ၁၀ နာရီအထိ ကျင်းပလျက်ရှိသည့် အဆိုပါ "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်ကြီးကို မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပခြင်းဖြစ်သည်ကလည်း ထူးခြားသည်။ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ အကအလှ ဖျော်ဖြေတင်ဆက်မှုများ၊ အလှမယ်ရွေးချယ်ပြိုင်ပွဲနှင့် ပြခန်းများ၊ ကုန်စည်ပြပွဲများ၊ စားဖွယ်သောက်ဖွယ်ဈေးတန်းများ၊ ပျော်ရွှင်ဖွယ်ရာ အစီအစဉ်များ စသည်တို့က သွေးချင်းတို့၏ပွဲတော်ကြီးကို အလှရောင်စုံစီခြယ်လျက်ရှိပြီး လာရောက်လေ့လာကြရန်၊ ပါဝင်နွှဲပျော်ကြရန် လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်နေသည့်ဟန် ရှိသည်။

ပွဲတော်မုခ်ဦးဖွင့်ပွဲနေ့တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် အဖွင့်အမှာစကားပြောကြားရာ၌ "ယခုကဲ့သို့ တိုင်းရင်းသားများပါဝင်သည့် ပွဲတော်များကျင်းပခြင်းကြောင့် တိုင်းရင်းသားများအချင်းချင်း တစ်ဦးနှင့်တစ်ဦး မတူကွဲပြားသည့် ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုသိရှိနားလည်လာကြပြီး ရင်းနှီးချစ်ကြည်မှုများ ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ရင်းနှီးချစ်ကြည်မှုမှသည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ယုံကြည်မှုများ တိုးပွားရရှိလာမည်ဖြစ်ကြောင်း၊ သို့မှသာ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား သံသယကင်းစင်ပြီး ခိုင်မာသည့် ယုံကြည်ချက်များဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဆွေးနွေးအဖြေရှာနိုင်မည်ဖြစ်ပါကြောင်း"ဟူ၍ ထည့်သွင်းပြောကြားချက်သည် ပွဲတော်ကြီးကျင်းပရသည့် ရည်ရွယ်ချက်နှင့် မျှော်လင့်ချက်တို့ပင် ဖြစ်သည်ဟု ဆိုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လူမျိုးတစ်မျိုးတည်း ထီးတည်းနေထိုင်သည့် နိုင်ငံမဟုတ်။ တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်ရှိ အချို့သောပြည်ထောင်စုနိုင်ငံမျိုးကဲ့သို့ ရေခြား၊ မြေခြားမှ သွေးမတော် သားမစပ်လူမျိုးများ လာရောက်အခြေချနေထိုင်ခြင်းမျိုးမဟုတ်ဘဲ နှစ်ပရိစ္ဆေဒများစွာ အတူတကွ နေထိုင်လာကြသော သွေးသားရင်းချာများလည်း ဖြစ်ကြသည်။ အရေးကြီးသည့်အချက်မှာ မိမိတို့တိုင်းရင်းသားလူမျိုးများမှာ ရာစုနှစ်နှင့်ချီ၍ ကိုလိုနီလက်အောက် ကျရောက်ခဲ့ပြီး သွေးခွဲအုပ်ချုပ်မှုကို ခံယူခဲ့ကြရခြင်း၊ ဗဟိုဦးစီးစနစ်များအောက်တွင် ဆယ်စုနှစ်များစွာ နေထိုင်ခဲ့ကြရခြင်း၊ တိုင်းပြည်စီးပွားရေးနိမ့်ကျကာ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံအဖြစ် ကျရောက်ခဲ့ရခြင်း စသည့် သမိုင်းရေးပကတိအခြေအနေတို့ကို ဖြတ်သန်းခဲ့ကြရခြင်းပင်ဖြစ်သည်။ ယင်းအချက်များက ညီအစ်ကိုမောင်နှမ သွေးချင်းသားချင်းတို့အကြား အနေဝေးစရာ၊ အထင်လွဲစရာ၊ သံသယဝင်စရာ အကျိုးဆက်များကို သက်ရောက်ဖြစ်ပေါ်စေခဲ့သည်ဟု ရှုမြင်မိသည်။

မည်သို့ပင်ဖြစ်စေ ပစ္စုပ္ပန်ကာလသည် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် ပြည်သူက ရွေးကောက်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရက ဦးဆောင်ကာ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက ကြိုးပမ်းတည်ဆောက်နေကြသည့် အချိန်အခါသမယပင် ဖြစ်သည်။ သွေးသားရင်းချာ ပြည်ထောင်စုဖွားအချင်းချင်း စည်းလုံးညီညွတ်မှု၊ ရင်းနှီးချစ်ခင်မှု၊ အပြန်အလှန် ဖေးမကူညီမှုတို့ဖြင့် တစ်သွေးတည်း တစ်သားတည်းအဖြစ် ခိုင်မာစွာရပ်တည်နေကြရမည့် အချိန်အခါသမယလည်း ဖြစ်သည့်အလျောက် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၏ ကြီးမှူးကျင်းပမှုဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲပျော်ရွှင်လျက်ရှိသော "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်ကြီးများ နှစ်စဉ်မပျက် ကြီးကျယ်ခမ်းနားစွာ ဆက်လက်ဆင်နွှဲ နိုင်ပါစေကြောင်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

တန်းတူညီမျှ အခွင့်အရေးရ
ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ
တန်းတူညီမျှ တာဝန်ယူကြ
လုံခြုံခိုင်မာ ပြည်ထောင်စုမှာ။

## အစိုးရနည်းပညာအထက်တန်းကျောင်း (ပလက်ဝ) တည်ဆောက်နေ

ပလက်ဝ ဇန်နဝါရီ ၂၆

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၈၄ ဒသမ ၂၆၈၉ သန်းဖြင့် ချင်းပြည်နယ် ပလက်ဝမြို့ မြို့သစ်တိုးချဲ့ဖော်ထုတ်သည့်နေရာတွင် အစိုးရနည်းပညာအထက်တန်းကျောင်း (ပလက်ဝ) တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကီမိုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ၁၃-၉-၂၀၁၈ ရက်မှစ၍ လုပ်ငန်းစတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ အစိုးရနည်းပညာအထက်တန်းကျောင်း (ပလက်ဝ) ကို အလျား ၁၉၂ ပေ၊ အနံ ၃၈ ပေ၊ အာရ်စီသုံးထပ်စာသင်ဆောင်တစ်လုံး တည်ဆောက်ခြင်းဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၉ စက်တင်ဘာ ၂၅ ရက်တွင် ရာနှုန်းပြည့်ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်နိုင်ထံမှ သိရသည်။ **မောင်မောင်ကျော့-ပလက်ဝ**

## ဝါးခယ်မကြိုးတံတား ပြုပြင်နေစဉ်အတွင်း ဇက်ရေယာဉ်နှစ်စင်းဖြင့် ပြေးဆွဲပေးနိုင်ရန် ဒေသခံများလိုလားနေ

ဝါးခယ်မ ဇန်နဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ရှိ ဝါးခယ်မကြိုးတံတားအား ဇန်နဝါရီ ၉ ရက်မှစတင်ကာ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများ ဆက်သွယ်သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးမှ ဇက်ရေယာဉ်တစ်စင်းဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်နေမှုအပေါ် ကုန်စည်စီးဆင်းမှု၊ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စရပ်များအတွက် သွားလာမှု ပိုမိုအဆင်ပြေချောမွေ့စေရန် ဇက်ရေယာဉ်နှစ်စင်းဖြင့် ပြေးဆွဲပေးနိုင်ရန် ဒေသခံများ လိုလားလျက်ရှိသည်။

"ဇက်ရေယာဉ် တစ်စင်းတည်းကျတော့ အချိန်ကြာတာပေါ့။ တစ်ခေါက်တစ်ခေါက်ဆို တစ်နာရီဝန်းကျင်လောက် စောင့်ရတယ်။ ဒါကလည်း ကားတွေ၊ ဆိုင်ကယ်တွေ၊ လူတွေ အတက်အဆင်းနဲ့ ကြာတာဖြစ်တယ်။ အမှန်ဆို ဇက်နှစ်စင်းနဲ့ ပြေးဆွဲပေးရင် ပိုကောင်းတာပေါ့။ စောင့်ရတဲ့အချိန် သက်သာမယ်။ ကျန်းမာရေးမကောင်းတဲ့သူတွေအတွက်လည်း ပိုအဆင်ပြေတာပေါ့။ မဟုတ်ရင် ဇက်ကို စောင့်ရတာနဲ့ စိုးရိမ်စရာဖြစ်တာပေါ့"ဟု ဒေသခံများက ပြောသည်။

"ဇက်ရေယာဉ်တစ်စင်းတည်းကျတော့ တကယ်လို့ စက်ချွတ်ယွင်းတာ ဖြစ်ခဲ့ရင် ကုန်စည် စီးဆင်းမှု လုံးဝပြတ်တောက်သွားမယ်။ ကုန်ဈေးနှုန်းတွေ ထိုးတက်သွားနိုင်တယ်။ ကားအဝင်၊ အထွက်တွေ ပိတ်ဆို့ကုန်မယ်။ ကျန်းမာရေးကြောင့် အရေးပေါ်လူနာတွေအတွက် အများကြီး ထည့်စဉ်းစားဖို့လိုတယ်။ ဇက်နှစ်စင်းနဲ့ ပြေးဆွဲပေးနိုင်ရင် ပြည်သူတွေ သွားလာမှု ပိုမြန်ဆန်မယ်။ ကျောင်းသား ကျောင်းသူတွေအတွက်လည်း အဆင်ပြေတာပေါ့။ သက်ဆိုင်ရာတာဝန်ရှိသူတွေက ဒါကို ခွင့်ပြုပေးမယ်ဆိုရင် ပြည်သူတွေအတွက် ဝမ်းသာရမှာပါ"ဟု ဒေသခံ ဦးမျိုးမင်းအောင်က ပြောသည်။ **လှမ်းသီဟ (မြန်/ဆက်)**

## မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း ရိုးမဖြတ်ကျော်ကားလမ်း ကတ္တရာထပ်ပိုးလွှာခင်း

ပဲခူး ဇန်နဝါရီ ၂၆



မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း ကားလမ်းသည် ပဲခူးရိုးမတောင်တန်းကြီး ခြားနေသဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေသော ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသများကို ဆက်သွယ်ပေးရန်ဖောက်လုပ်ထားသော ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းအနက် တစ်လမ်းအပါအဝင်ဖြစ်ပြီး ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကျွန်းကုန်းမှ ရန်ကုန်-ပြည်လမ်းဘက်ခြမ်းရှိ မင်းလှအထိ ၈၇ မိုင် ၇ ဖာလုံ ရှိသည်။

မူလက သစ်တောရေးရာဝန်ကြီးဌာနပိုင် သစ်ထုတ်လုပ်ရေးလမ်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀-၃-၂၀၁၃ ရက်နေ့တွင် လွှဲပြောင်းရယူခဲ့သော လမ်းဖြစ်သည်။ ထို့နောက် အများပြည်သူ ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ရန် ၂၀၁၀ ပြည့်နှစ် ဧပြီလမှစ၍ ကားလမ်းအဖြစ်ဖောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ကွင်းဆင်းလေ့လာ တိုင်းတာစမ်းသပ်မှုများ ပြုလုပ်ပြီး မင်းလှဆည်၊ ရဲနွယ်ဆည်၊ ဘိုင်းဒါးဆည်တို့၏ ရေလှောင်ဧရိယာအတွင်း ရေလွတ်ရာတောင်ကြောတစ်လျှောက် ကွေ့ပတ်၍ ၁-၅-၂၀၁၀ ရက်နေ့တွင် စတင်ဖောက်လုပ်ခဲ့သည်။

အဆိုပါလမ်းကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးလမ်းဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ခရိုင်လမ်းဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မိုင်တိုင်အမှတ် (၈၁/၇) မှ (၈၂/၇) အတွင်းကို မြေသားတာပေါင် အကျယ်ပေ ၄၀ ချဲ့ကာ ဂဝံလမ်းပခုံးခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ရေပိတ်လွှာလောင်းခြင်း၊ တံတားများ တည်ဆောက်ခြင်း၊ မိုင်တိုင်အမှတ် (၇၇/၇)၌ ၈၅၅ ပေရှိ ကွန်ကရစ်ခင်းခြင်းတို့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရမ်း -စိုးမြင့်**

## လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် ဇန်နဝါရီ ၂၆

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီ ဖြစ်သည်။ **မိုး/ဇလ**




## ညအပူချိန်များ လျော့နည်းမည်

နေပြည်တော် ဇန်နဝါရီ ၂၆

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ သီပေါမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့၊ လွိုင်လင်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့၊ ပင်လောင်းမြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနေမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာမေးပွဲကြီးကြပ် ဆရာတော်များနှင့် စာဖြေသံဃာတော်များအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဖူးမြော်ကြည်ညို



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို (၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် စာဖြေသံဃာတော်များအား ဖူးမြော်ကြည်ညိုစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပလျက်ရှိသည့် (၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့သွားရောက်၍ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာမေးပွဲကြီးကြပ် ဆရာတော်များ၊ စာဖြေသံဃာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

**ကျင်းပပြီးစီး**

ယနေ့ သဘောရေးဖြေစာမေးပွဲသို့ သံဃာတော် ၉၅ ပါး ဖြေဆိုတော်မူကြပြီး သဘောရေးဖြေစာမေးပွဲမှာ ယနေ့ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

တိပိဋကကောဝိဒဘွဲ့ရရှိရန် အာဂုံပြန်ဆိုခြင်း ၅ ဆင့်နှင့် သဘောရေးဖြေစာမေးပွဲ ၅ ဆင့် ဖြေဆိုရသည်။ သင်ရိုးပိဋကတ် သုံးပုံပါဠိတော် ကျမ်းစာအုပ်ပေါင်း ၂၀ ကို အာဂုံပြန်အောင်မြင်ပါက တိပိဋကဓရဘွဲ့ကိုရရှိပြီး ယင်းကျမ်းများ၏ အဖွင့်ကျမ်းများဖြစ်သည့် အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ ၊ အနုဂဏ္ဌိ၊ နိဿယ စသော ကျမ်းစာအုပ်ပေါင်း ၁၀၀ ကျော်မှ အဓိပ္ပာယ်များကို သဘောရေးဖြေ အောင်မြင်တော်မူသဖြင့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို ခံယူရရှိတော်မူမည် ဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ စတင်ကျင်းပသည့် ၁၃၁၀ ပြည့်နှစ်မှ အကြိမ် ၇၀ အထိ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်သူမြတ် ၁၄ ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ရီရီမြင့်(သတင်းစဉ်)၊ ဓာတ်ပုံ - ရဲထွဋ်**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားနှင့် လုံးတော်ပြည့် ရွှေဆေးသက်န်းတော် ကပ်လှူပူဇော်ရေး အလှူတော်ငွေပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၆

**နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်၌ တည်ထားကိုးကွယ်သော ဥပ္ပါတသန္တိစေတီတော် မြတ်ကြီးအား ရွှေစင်ရွှေပြားနှင့် လုံးတော်ပြည့် ရွှေဆေးသင်္ကန်းတော် ကပ်လှူပူဇော်ရေး အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ စေတီတော် ဓမ္မာရုံ၌ ကျင်းပသည်။**

အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တဇနိန္ဒ အရှင်သူမြတ် အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်း အတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားနှင့် လုံးတော်ပြည့် ရွှေဆေးသင်္ကန်းတော် ကပ်လှူပူဇော်ရေးနှင့် စပ်လျဉ်း၍ ဆရာတော်၊ သံဃာတော်များထံ သာသနာရေးဆိုင်ရာများကို ပန်ကြားလျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများထံ အလှူရှင် ၇၄ ဦးတို့က အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး ပြည်ထောင်စုရှေ့နေချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ညီ့ပရိသတ်များက အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ယနေ့ကျင်းပသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားနှင့် လုံးတော်ပြည့် ရွှေဆေးသင်္ကန်းတော် ကပ်လှူပူဇော်ရေးအတွက် အလှူငွေ



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားနှင့် လုံးတော်ပြည့် ရွှေဆေးသင်္ကန်းတော် ကပ်လှူပူဇော်ရေးအတွက် အလှူရှင်များ လှူဒါန်းသည့် ရွှေစင်ရွှေပြားများကို လက်ခံရယူစဉ်။

ပေးအပ်ပွဲတွင် အလှူရှင် ၇၄ ဦးတို့၏ လှူဒါန်းမှုစုစုပေါင်းမှာ ရွှေ ၈ ပိဿာ ၉၁ ကျပ်သား ၁၂ ပဲ ၁ ရွေးနှင့် ရွှေစင်ရွှေပြား ၁၅၂ ချပ်နှင့် ရွှေဆေးသင်္ကန်းတော်အတွက် အလှူငွေကျပ် ၁၃၉၀၂၅၄၅၀ (ကျပ်တစ်ထောင့်သုံးရာ ကိုးဆယ်သိန်း နှစ်သောင်းငါးထောင်လေးရာ့ငါးဆယ်) လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

စေတနာရှင်၊ အလှူရှင်များအနေဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားနှင့် လုံးတော်ပြည့် ရွှေဆေးသင်္ကန်းတော် ကပ်လှူပူဇော်နိုင်ရန် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း ဖုန်း ၀၆၇-၃၅၀၂၁၃၊ နေပြည်တော် သာသနာရေးမှူးရုံး ညွှန်ကြားရေးမှူး ဖုန်း ၀၉-၂၁၃၂၁၉၁၊ ၀၆၇-၃၅၀၃၂၁၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင် ဦးထွန်းကြည် ဖုန်း ၀၉-၅၁၃၅၆၉၈၊ ၀၆၇-၂၅၉၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



သမဝါယမတက္ကသိုလ်(သန်လျင်) ဆဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပစဉ်။

# သမဝါယမတက္ကသိုလ်(သန်လျင်) ဆဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမ ဦးစီးဌာန သမဝါယမတက္ကသိုလ်(သန်လျင်)၏ ဆဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာ ရီရီဝင်းက နိုင်ငံတော်နှင့် ပြည်သူများ၏ လိုအပ်ချက်များကို မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စိတ်ရောကိုယ်ပါ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် မျိုးဆက်သစ် သမဝါယမ လူငယ်ခေါင်းဆောင်ကောင်းများ၊ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယနေ့အခမ်းအနားတွင် စာရင်းကိုင်ပညာနှင့် ဘဏ္ဍာရေးပညာ မဟာဘွဲ့ ၂၁ ဦး၊ အသုံးချ စာရင်းအင်းပညာ မဟာဘွဲ့ လေးဦး၊ ဈေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုပညာ မဟာဘွဲ့ ၁၅ ဦး၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ မဟာဘွဲ့ လေးဦး၊ လူမှုစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ မဟာဘွဲ့ လေးဦး၊ စာရင်းကိုင်ပညာနှင့် ဘဏ္ဍာရေးပညာ ဘွဲ့လွန်ဒီပလိုမာ နှစ်ဦး၊ ဈေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုပညာ ဘွဲ့လွန်ဒီပလိုမာ သုံးဦး၊ စီးပွားရေးသိပ္ပံဘွဲ့ (စာရင်းကိုင်ပညာနှင့် ဘဏ္ဍာရေးပညာ) ၁၀၁ ဦး၊ စီးပွားရေးသိပ္ပံဘွဲ့(အသုံးချစာရင်းအင်းပညာ) ၈၅ ဦး၊ စီးပွားရေးသိပ္ပံဘွဲ့(ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ) ၁၀၆ ဦး၊ စီးပွားရေးသိပ္ပံဘွဲ့(ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ) ၇၃ ဦး၊ စီးပွားရေးသိပ္ပံဘွဲ့ (လူမှုစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ) ၇၄ ဦးနှင့် စီးပွားရေးသိပ္ပံဘွဲ့ ၅၇ ဦးကို ဘွဲ့များအပ်နှင်းခဲ့သည်။

**သတင်းနှင့် ဓာတ်ပုံ - ကိုဇော်(ဒလ)**

✤ ရှေ့ဖုံးမှ

**ပြခန်းများ ကြည့်ရှုလေ့လာ**

ထို့နောက် ဒုတိယသမ္မတသည် အဆိုပါကျေးရွာရှိ ဆလုံတိုင်းရင်းသားများ၏ အဏ္ဏဝါပြခန်းသို့ ရောက်ရှိပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ဆလုံရိုးရာနေအိမ်၊ ရိုးရာလှေများနှင့် ပင်လယ်မှရရှိသည့် ခရုခွံအမျိုးမျိုး၊ သန္တာကျောက်အမျိုးမျိုးတို့ကို လှည့်လည်ကြည့်ရှုလေ့လာပြီး ပြခန်း၌ ဆလုံလူမျိုးများ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံ မှတ်တမ်းဓာတ်ပုံများနှင့် ထူးချွန်စွာဆောင်ရွက်ခဲ့သည့် ဆလုံတိုင်းရင်းသားပုဂ္ဂိုလ်များ၏ မှတ်တမ်းနှင့် ဓာတ်ပုံများ ပြသနိုင်ရေးကို စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

**ဂေဟစနစ် စီမံဆောင်ရွက်ထားမှုကြည့်ရှု**

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် သူဌေးကျွန်းသို့ရောက်ရှိပြီး ငှက်ပျောပင်၊ နွားနို့ကြက်ဥနှင့် သကြားတို့ကို အဓိကအသုံးပြု၍ သဘာဝမြေသြဇာထုတ်လုပ်မှုနည်းစနစ်၊ အဆိုပါသဘာဝမြေသြဇာများကို အသုံးပြု၍ ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ ခေတ်မီနည်းပညာများ အသုံးပြု၍ ရေငန်ပုစွန်များမွေးမြူထားရှိမှု အခြေအနေ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ မပျက်စီးအောင် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာရာ Grand Andaman Hotel & Resort ပိုင်ရှင် ဦးကျော်လွင်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိရာ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ကုန်သွယ်ရေးစခန်းဆိုင်ရာ အချက်အလက်များ၊ ပို့ကုန်၊ သွင်းကုန်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက ကော့သောင်းကုန်သွယ်ရေးစခန်း စနစ်တကျဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ပို့ကုန်တန်ဖိုး ပိုမိုတိုးမြှင့်ရန်ကြိုးပမ်း**

ဒုတိယသမ္မတက ကုန်သွယ်မှုတန်ဖိုးကို လက်ရှိအခြေအနေထက် တိုးတက်အောင် ဆောင်ရွက်သွားရန်နှင့် အထူးသဖြင့် သွင်းကုန်တန်ဖိုးထက် ပို့ကုန်တန်ဖိုး ပိုမိုတိုးမြှင့်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထို့ပြင် နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ရပ်တည်ရန် ခက်ခဲလာနိုင်သဖြင့် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရန် ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး အထူးအဖွဲ့ဖြင့် ထိရောက်စွာ ဖမ်းဆီးအရေးယူရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ တိုးတက်မှုအခြေအနေများကို လစဉ်မပျက်မကွက်တင်ပြရန် မှာကြားသည်။

**ဘုရင့်နောင်အငူသို့ သွားရောက်လေ့လာ**

ယင်းနောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဘုရင့်နောင်အငူသို့ သွားရောက်လေ့လာကြည့်ရှုသည်။

**လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်လေ့လာ**

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရေယာဉ်များဖြင့် ဝအလယ်ကျွန်းသို့ ရောက်ရှိပြီး Wa Ale Island Resort အခြေအနေနှင့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အား လှည့်လည်ကြည့်ရှုရာ Wa Ale Island Resort မှ CEO ဖြစ်သူ Mr. Christopher Kingsley က သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ထိန်းသိမ်းဆောင်ရွက်သည့် Wa Ale Island Resort အခြေအနေများကိုလည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တည်ထောင်ထားရှိမှု၊ အဏ္ဏဝါအမျိုးသားဥယျာဉ်ဆိုင်ရာ အချက်အလက်များ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

**စံနမူနာကောင်းများဖြစ်**

ဒုတိယသမ္မတက Wa Ale Island Resort ၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ဆောင်ရွက်ထားရှိမှုများသည် စံနမူနာကောင်းများဖြစ်ပါကြောင်း၊ ထိုဆောင်ရွက်ချက်များကို နမူနာယူ၍ အခြား Island Resort များတွင်လည်း ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တစ်ခုတည်းသော လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင် အမြဲစိမ်းတော၊ ဒီရေတော၊ သဲသောင်ခုံတောများနှင့် ဂေဟစနစ်များ တည်ရှိနေသဖြင့် သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်နှင့် နောက်ထပ်အမျိုးသားဥယျာဉ်များ ပေါ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ပလတ်စတစ်စသည့် အမှိုက်သရိုက်များ စည်းကမ်းမဲ့စွန့်ပစ်မှုများ မရှိစေရေးကိုလည်း စနစ်တကျဆောင်ရွက်ကြရန်နှင့် တားမြစ်ငါးဖမ်းနည်းလမ်းများဖြစ်သည့် အဆိပ်ချခြင်း၊ မိုင်းခွဲခြင်း၊ ဘက်ထရီရှော့တိုက်ခြင်း၊ ပိုက်ကွက်စိပ်များအသုံးပြုခြင်း၊ Baby Trawl ဖြင့် ငါးဖမ်းနည်းများ မရှိစေရေး ကြပ်မတ်ထိန်းသိမ်းရန် မှာကြားသည်။

ယင်းနောက် ရေယာဉ်များဖြင့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် ဧရိယာအတွင်းရှိ ကမ်းခြေများ၊ သစ်တောများနှင့် ဂေဟစနစ်များ ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်အတွင်းတည်ရှိပြီး တနင်္သာရီကမ်းရိုးတန်းနှင့် ၁၂ မိုင်ခန့်အကွာတွင် ရှိကြောင်း၊ အကျယ်အဝန်းသည် လန်ပိကျွန်းနှင့် အရံကျွန်းငယ်များအပါအဝင် ၅၀၅၂၈ ဒသမ ၇၃ ဧက ကျယ်ဝန်းပြီး လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကို ကုန်းပိုင်းနှင့် အဏ္ဏဝါပိုင်းဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့၏ ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ရန်၊ လန်ပိကျွန်းစုဒေသရှိ ဒီရေတောဂေဟစနစ်နှင့် ကမ်းခြေရေတိမ်ဒေသ ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ရန်၊ ပတ်ဝန်းကျင်မပျက်စီးစေသောနည်းစနစ်ဖြင့် ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်နှင့် အဏ္ဏဝါဇီဝဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်များချမှတ်၍ ထိန်းသိမ်းကာကွယ်ထားရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စုရှိ (၁၁၅) ကျွန်းသို့ ရောက်ရှိရာ Co Coon Hotel Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဦးစိုးမိုးအေးက Island 115 Resort စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်တည်တံ့ရေးအတွက် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ရှိ ဝအလယ်ကျွန်းတွင် ဆောင်ရွက်နေမှု အခြေအနေများကို စံနမူနာယူ၍ ဆောင်ရွက်ရန်၊ ကျွန်းပတ်ဝန်းကျင်တွင် ပလတ်စတစ်စသည့် အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်မှုများ မရှိစေရေးအတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် ဒေသခံပြည်သူများအတွက် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရေး ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘုတ်ပြင်းမြို့နယ် ညောင်ဦးဖီးကျွန်းရှိ ဇာဒက်ကြီးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဆလုံတိုင်းရင်းသားလူမျိုးများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘုတ်ပြင်းမြို့နယ် ညောင်ဦးဖီးကျွန်း ဇာဒက်ကြီးကျေးရွာရှိ ဆလုံတိုင်းရင်းသားများ၏ အဏ္ဏဝါပြခန်းအတွင်း ခင်းကျင်းပြသထားမှုများအား ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

**လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်အတွင်း တည်ရှိပြီး တနင်္သာရီကမ်းရိုးတန်းနှင့် ၁၂ မိုင်ခန့် အကွာတွင်ရှိ၊ အကျယ်အဝန်းသည် လန်ပိကျွန်းနှင့် အရံကျွန်းငယ်များအပါအဝင် ၅၀၅၂၈ ဒသမ ၇၃ ဧက ကျယ်ဝန်းပြီး လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကို ကုန်းပိုင်းနှင့် အဏ္ဏဝါပိုင်းဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့၏ ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ရန်၊ လန်ပိကျွန်းစုဒေသရှိ ဒီရေတောဂေဟစနစ်နှင့် ကမ်းခြေရေတိမ်ဒေသ ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ရန်၊ ပတ်ဝန်းကျင်မပျက်စီးစေသော နည်းစနစ်ဖြင့် ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်နှင့် အဏ္ဏဝါဇီဝဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်များချမှတ်၍ ထိန်းသိမ်းကာကွယ်ထား**

❍ *ကျောဖုံးမှ*

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်းနှင့် တက်ရောက်လာသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး မြန်မာ-အိန္ဒိယရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Saurabh Kumar နှင့် ဇနီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

# “စာဖတ်ကြစို့” စီမံကိန်းဖြင့် ဆောင်ရွက်သော ကျောင်းစာကြည့်တိုက်များ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၆

**“စာဖတ်ကြစို့” စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီး Max Power Co.,Ltd (သာကေတ)မှ လှူဒါန်းသော စကားဖြူကျောင်းစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။**

ရှေးဦးစွာ စကားဖြူကျောင်းစာကြည့်တိုက်ကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လှိုင်သာယာမြို့နယ် အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်၊ မြန်မာစာပေပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုပရဟိတအဖွဲ့ (MBAPF) အမှုဆောင်ဒါရိုက်တာ ဒေါက်တာသန့်သော်ကောင်းနှင့် Max Power (သာကေတ) မှ အထွေထွေမန်နေဂျာ ဦးမျိုးသွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမှတ်တရ စကားဖြူပန်းပင်အား စိုက်ပျိုးကြသည်။

ထို့နောက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သတ္တမတန်းမှ ကျောင်းသား ကျောင်းသူများက စာကြည့်တိုက်အဖွင့်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဗိုလ်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

**မိဘများနှင့်ဒေသခံပြည်သူများ အရေးကြီး**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ ကျောင်းစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် လှူဒါန်းကြသည့်အလှူရှင်များ၊ ပံ့ပိုးကူညီဆောင်ရွက်ကြသည့် တာဝန်ရှိသူများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ စာကြည့်တိုက်တွင်တွေ့ရသည့် ကျောင်းသားကျောင်းသူများအနေဖြင့် ပညာကိုသင်ယူလိုစိတ်ရှိပြီး သင်ယူပြီးသည့်စာများကို ကျွမ်းကျင်စွာ ဖတ်တတ်ကြသည်ကို တွေ့ရှိရသည့်အတွက် ကျေနပ်အားရမိပါကြောင်း၊ ကျောင်းသားကျောင်းသူများ စာဖတ်တတ်စေရန် ဆရာဆရာမများ၊ မိဘအုပ်ထိန်းသူများနှင့် ပူးပေါင်းပြီး ပြုစုပျိုးထောင်ကြသည့်အတွက် ဝမ်းသာပါကြောင်း၊ အထူးသဖြင့် မိဘအုပ်ထိန်းသူများ၏ ပူးပေါင်းဆောင်ရွက်မှုမပါရှိဘဲ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ရာတွင် အောင်မြင်နိုင်မည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် မိဘများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လှိုင်သာယာမြို့နယ် အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်နှင့် တာဝန်ရှိသူများ စကားဖြူကျောင်းစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**ညီညီညွတ်ညွတ် ဆောင်ရွက်**

ကျောင်းများတွင် စာကြည့်တိုက် အချိန်များ၌ စာကြည့်တိုက်များကို အချိန်ပြည့်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ စာကြည့်တိုက်များမှ ဆည်းပူးလေ့လာသော ပညာရပ်များကို စဉ်းစားတွေးခေါ်ပြီး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လိုက်လျောညီထွေ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာကြည့်တိုက်ဖွင့်လှစ်နိုင်ရန်အတွက် လှူဒါန်းကြသည့် အလှူရှင်များ၊ ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများ၊ ပြည်သူများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ စာကြည့်တိုက်များ ရေရှည်အသုံးချနိုင်ရေးအတွက် အားလုံးက ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် MBAPF မှ ဒေါက်တာသန့်သော်ကောင်းက ကျောင်းစာကြည့်တိုက်ပံ့ပိုးပေးမှု အစီအစဉ်များနှင့် Max Power (သာကေတ)မှ အထွေထွေမန်နေဂျာ ဦးမျိုးသွင်က ကျောင်းစာကြည့်တိုက်ပံ့ပိုးမှု၊ လှူဒါန်းမှု အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ စတုတ္ထတန်း ကျောင်းသား ကျောင်းသူများက စာကြည့်တိုက်အကြောင်း သရုပ်ပြခြင်း၊ တတိယတန်း ကျောင်းသူလေးများ ကြိမ်ကွင်းအကနှင့် အားကစားသရုပ်ပြအဖွဲ့များက သရုပ်ပြတင်ဆက်ခြင်းနှင့် အဋ္ဌမတန်းမှ ကျောင်းသား ကျောင်းသူများက ထာဝရသစ္စာသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် အင်းစိန်မြို့နယ်ရှိ အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းမှ **“ပညာပျိုးခင်း”**ကျောင်းစာကြည့်တိုက်၊ အမှတ်(၂၉) အခြေခံပညာမူလတန်း(လွန်)ကျောင်းမှ **“စာပေနန်းတော်”**ကျောင်းစာကြည့်တိုက်နှင့် သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ **“ပညာမွန်”** ကျောင်းစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

**သတင်းစဉ်**

# ဝိတိုရိယဆေးရုံကြီး၌ နားအကြားအာရုံချို့တဲ့သော ကလေးငယ်သုံးဦးကို ခွဲစိတ်ကုသပေး

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီး၌ နားအကြားအာရုံချို့တဲ့သော ကလေးငယ်သုံးဦးကို ယနေ့တွင် ခွဲစိတ်ကုသပေးကြောင်း သိရသည်။ ခွဲစိတ်ကုသသည့် ကလေးငယ်သုံးဦးမှာ မောင်မြတ်မင်းခန့်၊ မောင်ချစ်မင်းကိုနှင့် မောင်အောင်ပြည့်မင်းတို့ဖြစ်ကြောင်း၊ ကလေးငယ်များကို ဝိတိုရိယဆေးရုံ ကျန်းမာရေးထောက်ပံ့ကူညီစောင့်ရှောက်မှု ဖောင်ဒေးရှင်း၏ သောတပြည့်စုံစီမံချက်ဖြင့် အခမဲ့ ခွဲစိတ်ကုသပေးခြင်းဖြစ်ကြောင်း သိရသည်။

“ကလေးလေးကို နားခွဲပြီး စက်ထည့်တဲ့အချိန်ကို ကလေးမွေးတယ်လို့ သတ်မှတ်လို့ရတယ်။ ဘာလို့လဲဆိုသူက လုံးဝ အသံမကြားဘူး။ အဲဒါကို ကြားအောင်လုပ်လိုက်တဲ့ သဘောပဲ။ အဲဒီလိုစက်ထည့်ပြီး နှစ်နှစ်လောက်ဆို စကားပြောတတ်ပါတယ်။ သုံး၊ လေးနှစ်ဆိုပိုပြီး လည်လည်ဝယ်ဝယ်ပြောတတ်တာမျိုးရှိပါတယ်” ဟု သောတပြည့်စုံစီမံချက်၏ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိုးတင်က ပြောသည်။

ကလေးငယ်များ၏ နားအတွင်း အာရုံကြောများ ပျက်စီးနေသည့်အတွက် အာရုံကြောနှိုးဆွစက်ကို နားအနောက် ဦးခေါင်းအရေပြားအောက်တွင် ခွဲစိတ်ထည့်ပေးခြင်းဖြင့် အသံကို ကြားစေခြင်းဖြစ်သည်။ အဆိုပါ ခွဲစိတ်မှုမျိုးကို အမေရိကန်တွင် ဒေါ်လာတစ်သိန်းခန့် ကုန်ကျ၍ ဩစတြေးလျတွင် ဒေါ်လာ ၇၊ ၈ သောင်းခန့် ကုန်ကျနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း မိမိဘာသာ ခွဲစိတ်ပါက ငွေကျပ်သိန်း ၂၀၀၊ ၃၀၀ ခန့် ကုန်ကျနိုင်ကြောင်း သိရသည်။ ခွဲစိတ်ကုသမှုအလုံးစုံနှင့် ကလေးငယ်များ စကားပြောလေ့ကျင့်ပေးခြင်းကို ဝိတိုရိယဆေးရုံမှ တာဝန်ယူဆောင်ရွက်ပေးပြီး နားအသံကြိုးနှိုးဆွစက် တန်ဖိုးကိုသာ ပြင်ပအလှူရှင်များထံမှ လက်ခံကြောင်း အဆိုပါစက်တစ်လုံး၏ တန်ဖိုးမှာ အမေရိကန် ဒေါ်လာတစ်သောင်းခန့် ကုန်ကျကြောင်း သိရသည်။

သောတပြည့်စုံစီမံချက်အရ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ မွေးရာပါ နားမကြားသော ကလေးငယ် ၉၂ ဦးကို ခွဲစိတ်ကုသပေးခဲ့ပြီး ဆက်လက်ခွဲစိတ်ခံမည့် ကလေးငယ် ၂၀ ခန့်ရှိ၍ ပြင်ပလူနာဌာနတွင် လာရောက်ပြသသော ကလေးငယ်များ နေ့စဉ်တိုးပွားလျက်ရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# အိန္ဒိယနိုင်ငံအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ ဇန်နဝါရီ ၃ ရက်က လွှဲပြောင်းပေးခဲ့သူ ခြောက်ဦးအား ၎င်းတို့၏ မိဘဆွေမျိုးများထံ စနစ်တကျ လွှဲပြောင်းပေးအပ်ပြီးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၆**

အိန္ဒိယနိုင်ငံအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ ဇန်နဝါရီ ၃ ရက်က လွှဲပြောင်းပေးခဲ့သည့် ရခိုင်ပြည်နယ်မှ မာမွတ်ဆာလမ် အပါအဝင် ခြောက်ဦးအား တမူး - မိုးရေးနယ်စပ်ဂိတ်၌ လက်ခံခဲ့ပြီး ယခုအခါ ၎င်းတို့၏ မိဘဆွေမျိုးများထံ စနစ်တကျ လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

အိန္ဒိယက ပြန်လည်လွှဲပြောင်းပေးခဲ့သည့် ၎င်းခြောက်ဦးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသားဖြစ်မှု သို့မဟုတ် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူ ဟုတ်၊ မဟုတ်တို့ကို စိစစ်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မြန်မာသံရုံးသို့ ပေးပို့ခဲ့ပြီး မြန်မာသံရုံးမှ ၎င်းတို့အား C of I ထုတ်ပေးကာ ဇန်နဝါရီ ၃ ရက်က နှစ်နိုင်ငံနယ်စပ်တွင် တရားဝင် လာရောက်လွှဲပြောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ တရားဝင် လာရောက်လွှဲပြောင်းရာတွင် တမူး - မိုးရေးနယ်စပ်ဂိတ်၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တမူးခရိုင်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးထံ လွှဲပြောင်းခဲ့ပြီး ဇန်နဝါရီ ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့မှ မကွေးမြို့သို့ လည်းကောင်း၊ ဇန်နဝါရီ ၅ ရက်တွင် မကွေးမြို့မှ ရခိုင်ပြည်နယ် အမ်းမြို့သို့ လည်းကောင်း၊ ဇန်နဝါရီ ၇ ရက်တွင် အမ်းမြို့မှ စစ်တွေမြို့သို့ လည်းကောင်း ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အစ္စလာမ်ဘာသာဝင် ခြောက်ဦးတို့အား အမ်းမြို့နယ် ဦးစီးဌာနမှူးရုံး၌ NV Card များ ထုတ်ပေးခြင်း၊ e-ID မှတ်တမ်းကောက်ခြင်းများ စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ၎င်းတို့နေရပ်ဖြစ်သည့် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့သို့ ပြန်လည်လွှဲပြောင်းပေးရန် စီစဉ်နေသည့် ကာလအတွင်း စစ်တွေမြို့နယ် သက္ကေပြင်ကျေးရွာအုပ်ချုပ်ရေးမှူးထံတွင် ခေတ္တနေရာချထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ဃ) နိုင်ငံတကာ၏ တိုင်းရင်းဆေးပညာရပ်များကို အသုံးပြုခြင်းနှင့် ပတ်သက်၍ စိစစ်ခြင်း၊ သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်း တိုင်းရင်းဆေးပညာ ဦးစီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အကြံပြုခြင်း၊

( င ) ပြည်သူလူထု ကျန်းမာရေးအတွက် တိမ်မြုပ်နေသော တိုင်းရင်းသားတို့၏ ရိုးရာဆေးပညာရပ်များကို ဖော်ထုတ်အသုံးပြုစေခြင်း သို့မဟုတ် အသုံးပြုရန် ငြင်းပယ်ခြင်း၊

( စ ) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်ခြင်း။

**အခန်း (၅)**

**အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၆။ အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းရင်းဆေးဆရာများ ကျင့်ဝတ်သိက္ခာလိုက်နာရန် ကြီးကြပ်ကွပ်ကဲခြင်းနှင့် လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

( ခ ) ကောင်စီက အသိအမှတ်ပြုထားသော တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဆေးပညာဘွဲ့များ၊ ဒီပလိုမာနှင့် လက်မှတ်များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

( ဂ ) မှတ်ပုံတင်ရ တိုင်းရင်းဆေးဆရာနှင့် ဆေးကုသခွင့်လိုင်စင်ရ တိုင်းရင်းဆေးဆရာစာရင်းအား ပြုစုထားရှိခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဃ) နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်နှင့်အညီ တိုင်းရင်းဆေးပညာရှင်များ စဉ်ဆက်မပြတ် သင်ကြားမှုရရှိစေရေးအတွက် ဝန်ကြီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ တိုင်းရင်းဆေးပညာဆိုင်ရာ အသင်းအဖွဲ့များ၊ ပညာရှင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( င ) တိုင်းရင်းဆေးဝါး၊ တိုင်းရင်းဆေးဘက်ဆိုင်ရာ ကျန်းမာရေးဓာတ်စာ၊ ဆေးဘက်ဆိုင်ရာ အထောက်အကူပြုဆေးပစ္စည်းကိရိယာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ ဆေးပစ္စည်းကိရိယာများသုံးစွဲခြင်း၊ သုတေသနပြုခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( စ ) ကောင်စီအစည်းအဝေးများတွင် လိုအပ်ပါက သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ပညာရှင်များကို ဖိတ်ကြား၍ အကြံဉာဏ်တောင်းခံခြင်း။

၁၇။ အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

( ခ ) ဆေးကုသခွင့် လိုင်စင်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် စိစစ်၍ ပြန်လည်ထုတ်ပေးခြင်း၊

( ဂ ) ဆေးကုသခွင့်လိုင်စင် သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(ဃ) ဆေးပညာဘွဲ့လက်မှတ်များ စိစစ်ခြင်းနှင့် အသိအမှတ်ပြုခြင်း။

**အခန်း (၆)**

**ကောင်စီဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များ**

၁၈။ (က) ကောင်စီဝင်များ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကောင်စီကသတ်မှတ်သည့် ချီးမြှင့်ငွေနှင့် ခံစားခွင့်များကို ခံစားခွင့်ရှိခြင်း၊

(၂) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ်ကုန်ကျသည့် ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်သည့် နေ့တွက်စရိတ်ကို ခံစားခွင့်ရှိခြင်း၊

(၃) ကောင်စီနှင့်သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက အခါအားလျော်စွာ သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။

( ခ ) အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကောင်စီက သတ်မှတ်သည့်လစာငွေ သို့မဟုတ် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း၊

(၂) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ် ကုန်ကျသည့် ခရီးစရိတ်ကို ခံစားခွင့်ရှိခြင်း။

**အခန်း (၇)**

**ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း**

၁၉။ အောက်ပါ အကြောင်းအရာတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီသည် နာယကအဖွဲ့၏ အတည်ပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) မိမိဆန္ဒအရ နုတ်ထွက်ခြင်း၊

( ခ ) ကောင်စီသို့ ခွင့်ပန်ကြားခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် သုံးကြိမ်ဆက်တိုက် ပျက်ကွက်ခြင်း၊

( ဂ ) ကောင်စီသို့ ခွင့်ပန်ကြားခြင်းမရှိဘဲ ပြည်ပသို့ ခြောက်လနှင့်အထက် ထွက်ခွာခြင်း၊

(ဃ) တိုင်းရင်းဆေးဆရာ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

( င ) ဆေးကုသခွင့်လိုင်စင် ပယ်ဖျက်ခံရခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း၊

( စ ) တိုင်းရင်းဆေးဆရာတစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ယွင်းသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(ဆ) ကောင်စီကပေးအပ်သော တာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်း၊

( ဇ ) တာဝန်ထမ်းဆောင်နိုင်ရန် လုံလောက်သော ကျန်းမာရေးနှင့် မပြည့်စုံခြင်း သို့မဟုတ် ကွယ်လွန်ခြင်း၊

( ဈ ) ကောင်စီ၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များတွင် အလွဲသုံးစားပြုခြင်း။

**အခန်း (၈)**

**အစည်းအဝေးကျင်းပခြင်း**

၂၀။ အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပဆောင်ရွက်ရမည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း၊

( ခ ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို တစ်လလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း၊

( ဂ ) အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး ပုံမှန်အစည်းအဝေးတွင် တင်ပြ၍ အဆုံးအဖြတ်ရယူခြင်း။

၂၁။ ကောင်စီ သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့၏ မည်သည့်အစည်းအဝေးတွင်မဆို တက်ရောက်ခွင့်ရှိသူ စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် တက်ရောက်မှသာ အစည်းအဝေးအထမြောက်သည်။

၂၂။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့၏ ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းနှင့် နီးနွယ်အဖွဲ့အစည်းများသို့ ထုတ်ပြန်နိုင်သည့်အပြင် ဦးစီးဌာနနှင့် ဝန်ကြီးဌာနသို့ အသိပေးတင်ပြနိုင်သည်။

**အခန်း (၉)**

**ရုံးအဖွဲ့ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးခြင်း**

၂၃။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့နှင့် ဌာနများကို အောက်ပါအတိုင်း ဖွဲ့စည်း၍ လိုအပ်သောဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးရမည် -

(က) ရုံးအဖွဲ့မှူး တစ်ဦး၊

( ခ ) စီမံရေးရာနှင့် ငွေစာရင်းဌာန၊ မှတ်ပုံတင်နှင့် လိုင်စင်ရေးရာဌာန၊ နိုင်ငံတကာနှင့် ပြည်သူ့ဆက်ဆံရေးဌာနတို့တွင် ဌာနမှူး တစ်ဦးစီနှင့် စာရေးဝန်ထမ်း နှစ်ဦးစီ၊

( ဂ ) အရည်အသွေးထိန်းသိမ်းစစ်ဆေးခြင်းဌာန၊ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတို့တွင် တိုင်းရင်းဆေးဆရာအဖွဲ့ခွဲမှူး တစ်ဦးစီနှင့် စာရေးဝန်ထမ်း နှစ်ဦးစီ။

၂၄။ ကောင်စီသည် ပုဒ်မ ၂၃ ပါ ရုံးအဖွဲ့နှင့် ဌာနများကို လိုအပ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း (၁၀)**

**ဘဏ္ဍာရေး**

၂၅။ ကောင်စီသည် မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို ပြုလုပ်နိုင်သည်။

၂၆။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရမည် -

(က) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားစရိတ်များမှ ကောက်ခံရရှိငွေများ၊

( ခ ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

( ဂ ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ၊

(ဃ) အခြားရငွေများ။

၂၇။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များက လှူဒါန်းသော ပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံနိုင်သည့်အပြင် တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၂၈။ ကောင်စီသည် ကောင်စီအလုပ်အမှုဆောင်အဖွဲ့နှင့် ရုံးအဖွဲ့တို့၏ လစာနှင့် စရိတ်တို့ကို ကျခံ၍ ရုံးအဆောက်အဦကိုလည်း တာဝန်ယူရမည်။

၂၉။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၀။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက်ရမည်။ မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

**အခန်း (၁၁)**

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ မှတ်ပုံတင်ခြင်း**

၃၁။ မှတ်ပုံတင်လက်မှတ်ရရှိလိုသော နိုင်ငံသားတစ်ဦးဦးသည် အောက်ပါ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည် -

(က) ကောင်စီက အသိအမှတ်ပြုသည့် ပြည်တွင်း ပြည်ပတက္ကသိုလ် တစ်ခုခုက အပ်နှင်းသည့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဘွဲ့ သို့မဟုတ် ဒီပလိုမာ၊ တိုင်းရင်းဆေးသိပ္ပံမှ အပ်နှင်းသည့် တိုင်းရင်းဆေးပညာ ဒီပလိုမာလက်မှတ်ရရှိသူ၊

( ခ ) တိုင်းရင်းဆေးပညာ တစ်နှစ်သင်တန်း အောင်လက်မှတ်ရရှိသူ၊ တိုင်းရင်းဆေးပညာ သုံးဘာသာ အောင်လက်မှတ်ရရှိသူ သို့မဟုတ် တိုင်းရင်းဆေးပညာ လေးဘာသာ အောင်လက်မှတ်ရရှိသူ။

၃၂။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၁ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ညီညွတ်မှုရှိပါက မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးနိုင်သည်။

၃၃။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် သတ်မှတ်ထားသည့် သက်တမ်းအလိုက် စည်းကမ်းချက်များနှင့်အညီ မှတ်ပုံတင်သက်တမ်းတိုးရမည်။

၃၄။ အလုပ်အမှုဆောင်အဖွဲ့သည် မှတ်ပုံတင်တိုင်းရင်းဆေးဆရာတစ်ဦးနှင့် ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည် -

(က) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ယင်းပြစ်မှုသည် တိုင်းရင်းဆေးဆရာအဖြစ် ဆက်လက်ထမ်းဆောင်နိုင်ရန်မသင့်ဟု ကောင်စီက အခါအားလျော်စွာ သတ်မှတ်ထားသော ပြစ်မှုဖြစ်ခြင်း၊

( ခ ) တိုင်းရင်းဆေးဆရာတစ်ဦး၏ ကျင့်ဝတ်သိက္ခာပျက်ယွင်းသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

( ဂ ) စိတ်ပိုင်းဆိုင်ရာ ကျန်းမာမှုမရှိခြင်းကြောင့် တိုင်းရင်းဆေးဆရာတစ်ဦး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(ဃ) ကွယ်လွန်ကြောင်း ခိုင်လုံသည့်အထောက်အထားဖြင့် တင်ပြခြင်း သို့မဟုတ် စိစစ်တွေ့ရှိခြင်း။

**အခန်း (၁၂)**

**ဘွဲ့လွန်၊ ဒီဂရီ အသိအမှတ်ပြုခြင်း**

၃၅။ ပြည်တွင်းပြည်ပ တိုင်းရင်းဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် ဘွဲ့လွန်တိုင်းရင်းဆေးပညာဘွဲ့ရရှိသူသည် ဘွဲ့လွန်ဒီဂရီ အသိအမှတ်ပြုနိုင်ရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၃၆။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၅ အရ လျှောက်ထားသူများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အရည်အချင်း ပြည့်မီခြင်းမရှိပါက ငြင်းပယ်နိုင်သည်။ အရည်အချင်းပြည့်မီပါက မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး ဘွဲ့လွန်ဒီဂရီရရှိကြောင်း မှတ်ပုံတင်လက်မှတ်တွင် ရေးသွင်းရမည်။

**အခန်း (၁၃)**

**ဆေးကုသခွင့်လိုင်စင်**

၃၇။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာသည် ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အထွေထွေဆေးကုသခွင့်လိုင်စင်ကို ကောင်စီသို့ လျှောက်ထားရမည်။

၃၈။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၇ အရ လျှောက်ထားလာသော လျှောက်လွှာကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိပါက ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး အထွေထွေဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။

၃၉။ နိုင်ငံခြားသား တိုင်းရင်းဆေးဆရာသည် ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၄၀။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၉ အရ လျှောက်ထားလာသူအား သတ်မှတ်ချက်များနှင့်အညီ အရည်အချင်းစစ်ဆေးပြီး အရည်အချင်းပြည့်မီခြင်း မရှိပါက ငြင်းပယ်နိုင်သည်။ အရည်အချင်းပြည့်မီပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။

၄၁။ မှတ်ပုံတင်တိုင်းရင်းဆေးဆရာသည် အထူးဆေးကုသခွင့်လိုင်စင်အတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံပါက အထူးဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၄၂။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၁ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိပါက ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး အထူးဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။

၄၃။ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအစဉ်အလာအတိုင်း ဆေးကုသခွင့်လိုင်စင်ရရှိလိုသူ တိုင်းရင်းဆေးဆရာသည် ကန့်သတ်ဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၄၄။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၃ အရ လျှောက်ထားလာသူအား သတ်မှတ်ချက်များနှင့်အညီ အရည်အချင်းစစ်ဆေးခြင်းပြုလုပ်ပြီး အရည်အချင်း ပြည့်မီခြင်းမရှိပါက ငြင်းပယ်နိုင်သည်။ အရည်အချင်းပြည့်မီပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေပြီး ရောဂါအမျိုးအစား၊ ကုသခွင့်ပြုသည့်ဒေသနှင့် ကုသခွင့်ကာလတို့အား ကန့်သတ်လျက် ကန့်သတ်ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးရမည်။

၄၅။ ဆေးကုသခွင့်လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် မိမိ၏ ဆေးကုသသည့် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ လျှောက်ထားဆဲကာလအတွင်း ယင်း၏ ဆေးကုသမှုလုပ်ငန်းများသည် တရားဝင်ဆောင်ရွက်ခြင်းဟု မှတ်ယူရမည်။

၄၆။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄၅ အရ ဆေးကုသခွင့်လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး (၃၉) ကြိမ်မြောက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များ၏ ညီလာခံဖွင့်ပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၆

**မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း၏ (၃၉) ကြိမ်မြောက် ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်း အနေဖြင့် ယခုကဲ့သို့သော ညီလာခံမျိုးကို (၃၉)ကြိမ်တိုင်အောင် ကျင်းပပြုလုပ်နိုင်ခြင်းသည် အသင်း၏ စည်းလုံးညီညွတ်မှုရှိခြင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာနယ်ပယ်ကို ပိုမိုတိုးတက် ဖွံ့ဖြိုးစေလိုစိတ်ရှိခြင်းကို ပြသနေပါကြောင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာတွင် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဟူ၍ အဓိကနယ်ပယ်နှစ်ရပ်လုံးတွင် ဆက်လက် တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်ကောင်စီ အပါအဝင် နှီးနွှယ်အသင်းအဖွဲ့များ၊ ဌာနများနှင့် လက်တွဲပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**ပိုမိုကြိုးစား အားထုတ်ရမည်**

ဖွံ့ဖြိုးပြီးနိုင်ငံများ၌ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာနှင့် ကုသမှုနယ်ပယ်တွင် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ မိမိတို့ နိုင်ငံအနေဖြင့်လည်း ပိုမိုကြိုးစား အားထုတ်မှုများ ပြုလုပ်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အဖြစ်များသော သွားနှင့်ခံတွင်းရောဂါပြဿနာများ ဖြစ်ပွားမှုလျော့နည်းစေရန်အတွက် သွားနှင့်ခံတွင်းဆိုင်ရာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သွားဘက်ဆိုင်ရာ ဆရာဝန်များ အပါအဝင် ကျန်းမာရေးဝန်ထမ်းများ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားခြင်းများကို ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးချ ပြုလုပ်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှ မျိုးဆက်သစ် သွားနှင့်ခံတွင်း ဆေးပညာရှင်များအနေဖြင့် ညီလာခံတက်ရောက်သူ နိုင်ငံတကာမှ ဝါရင့်ပညာရှင်ကြီးများထံမှ အတွေ့အကြုံနှင့် အမြင်များ ရယူဖလှယ်နိုင်ခြင်း၊ ခေတ်မီနောက်ဆုံးပေါ် ကုထုံးများကို သိရှိနိုင်ခြင်းနှင့် ကွန်ရက်ချိတ်ဆက် ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သဖြင့် အကျိုးထိရောက်စွာ အသုံးချစေလိုပါကြောင်း၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆေးပညာလောကကြီး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယခုညီလာခံကြီးသို့ တက်ရောက်လာကြသည့် ပြည်တွင်းနှင့် နိုင်ငံတကာမှ ပညာရှင်ကြီးများက အကြံပြုချက်များ ပေးကြစေလိုပါကြောင်း။

**ပညာရှင်ဆန်မှု မြှင့်တင်**

ပညာရှင်ဆန်မှု မြှင့်တင်ကာ စေတနာ့ဝန်ထမ်းလုပ်ငန်းများ ချဲ့ထွင်ပါဟူသည့် ညီလာခံ၏ ရည်ရွယ်ချက် ခေါင်းစဉ်နှင့်အညီ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားကြရန်ကိုလည်း တိုက်တွန်းလိုပါကြောင်း၊ ဝန်ကြီးဌာနသည် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ဦးစားပေးသတ်မှတ်ဆောင်ရွက်လျက်ရှိရာ သွားနှင့်ခံတွင်း ဆေးပညာရှင်များအနေဖြင့် ကျောင်းကျန်းမာရေး လုပ်ငန်းများတွင် သွားကျန်းမာရေး လုပ်ငန်းများကိုလည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ၉ ဒသမ ၅ သန်း ခန့်ရှိသော ကျောင်းသားထုကြီးသည် ကောင်းမွန်သော သွားနှင့်ခံတွင်းကျန်းမာမှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ညီလာခံမျိုးကို သာမက သွားနှင့်ခံတွင်း ဆေးပညာရှင်ကြီးများကို ဖိတ်ခေါ်၍ ပညာရပ်ဆိုင်ရာ ရှင်းလင်းတင်ပြပွဲများ၊ ဆွေးနွေးပွဲများ၊ ပညာရှင်များ ဝိုင်းဖွဲ့ဆွေးနွေးပွဲများကိုလည်း ပြုလုပ်သွားကြစေလိုပါကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး (၃၉) ကြိမ်မြောက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များ၏ ညီလာခံဖွင့်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

**ဝမ်းမြောက်ဂုဏ်ယူ**

ထို့နောက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ သိန်းကြူနှင့် ညီလာခံဧည့်ခံကြိုဆိုရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ခင်နှင်းအေးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး China Stomatological Association မှ ဥက္ကဋ္ဌ Professor Guangyan Yu က ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း ဥက္ကဋ္ဌတို့က ညီလာခံ အထိမ်းအမှတ်ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**ပါဝင်တက်ရောက်**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း၏ (၃၉) ကြိမ်မြောက် ညီလာခံကို ဇန်နဝါရီ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ထိုင်ဝမ်၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဩစတြေးလျနိုင်ငံများနှင့် ဟောင်ကောင်တို့ရှိ အမျိုးသားအဆင့် သွားနှင့်ခံတွင်း ကျန်းမာရေးအဖွဲ့များမှ ဆေးပညာရှင်များလည်း ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း အခွန်အကောက်ဆိုင်ရာလုပ်ငန်းများ လွှတ်တော်ကိုယ်စားလှယ်များသို့ ရှင်းလင်းတင်ပြ

နေပြည်တော် ဇန်နဝါရီ ၂၆

**မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့်ဆေးရွက်ကြီး ထွက်ပစ္စည်း အခွန်အကောက်ဆိုင်ရာလုပ်ငန်းများ လွှတ်တော်ကိုယ်စားလှယ်များသို့ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားရေးရာ ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ဌာနေကိုယ်စားလှယ် မစ္စအလာကာဆင်းတို့က အမှာစကားများ ပြောကြားခဲ့ကြသည်။

**နှစ် ၂၀ အတွင်း ၂၂ သန်းအထိ ရှိလာမည်**

ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်က တစ်ကမ္ဘာလုံးတွင် နှစ်စဉ် လူ(၇)သန်းခန့် သေဆုံးစေသည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုသည် ကာကွယ်တားဆီး၍ရသည့် ပြဿနာတစ်ခုဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် နှစ်စဉ်ကင်ဆာဖြစ်ပွားမှုမှာ ၂၀၁၂ ခုနှစ်တွင် ၁၄ သန်းရှိရာမှ လာမည့် နှစ် ၂၀ အတွင်း ၂၂ သန်းအထိ ရှိလာမည်ဖြစ်ကြောင်း၊ ကင်ဆာကြောင့် သေဆုံးမှုသည် ၈ ဒသမ ၂ သန်းရှိရာမှ ၁၃ သန်းအထိ များပြားလာမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကင်ဆာရောဂါသုတေသနအေဂျင်စီက ဆိုထားပါကြောင်း၊ အဓိကတရားခံမှာ ဆေးလိပ်နှင့်ဆေးရွက်ကြီး ထွက်ပစ္စည်းများ အစဉ်တစိုက်သုံးစွဲခြင်းကြောင့် ဖြစ်ပါကြောင်း။




မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း အခွန်အကောက်ဆိုင်ရာလုပ်ငန်းများ လွှတ်တော်ကိုယ်စားလှယ်များသို့ ရှင်းလင်းတင်ပြခြင်း အခမ်းအနား ကျင်းပစဉ်။

မြန်မာအမျိုးသား ၆၂ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၂၄ ရာခိုင်နှုန်းတို့သည် ဆေးရွက်ကြီးပါသော ကွမ်းယာစားသုံးလျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှု လျော့နည်းကျဆင်းရေးအတွက် မဟာဗျူဟာမြောက်ဆောင်ရွက်ရာတွင် အခွန်အခတိုးမြှင့်ကောက်ခံခြင်းသည် ထိရောက်အရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

ထို့ပြင် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားရေးရာ ဥက္ကဋ္ဌ ဒေါက်တာ စံရွှေဝင်းက မကူးစက်တတ်သော ရောဂါများဖြစ်သည့် ဆီးချို၊ နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါများ၊ သွေးတိုးရောဂါနှင့် ကင်ဆာရောဂါများ၏ ပြဿနာသည် တစ်နေ့ထက်တစ်နေ့ ကြီးမားလာပါကြောင်း၊ သေဆုံးမှု စုစုပေါင်း၏ ထက်ဝက်ကျော်သည် မကူးစက်တတ်သော ရောဂါများဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

**မကူးစက်တတ်သောရောဂါများ**

မကူးစက်တတ်သောရောဂါများကို ဖြစ်စေသော အကြောင်းရင်းများမှာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း၊ ကွမ်းယာစားသုံးခြင်း၊ အရက် အလွန်အကျွံသောက်သုံးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းသော၊ ဓာတုအဆိပ်အတောက်ကင်းသော အစားအစာများ မစားသုံးနိုင်ခြင်း၊ လူတိုင်း၏ ကျန်းမာရေးဖွံ့ဖြိုးရေးအတွက် မဖြစ်မနေလိုအပ်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်ခြင်း၊ စိတ်သောက ဖြစ်လွယ်ခြင်း၊ စိတ်ဖိစီးမှု ဖြစ်စရာများကို ကြုံတွေ့ရခြင်းတို့ ဖြစ်ပါကြောင်း။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းသုံးစွဲမှု လျော့နည်းစေရေးအတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းများသုံးစွဲမှုလျော့နည်းရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိနေပြီဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ရှင်းလင်းတင်ပြခြင်း အခမ်းအနားတွင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဆေးလိပ်နှင့်ဆေးရွက်ကြီး ထွက်ပစ္စည်းများအပေါ် အခွန်ကောက်ခံခြင်း အားနည်းမှု၊ အားသာမှုများ၊ အာဆီယံနိုင်ငံများ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများအပေါ် အခွန်အကောက်မှု၊ အခွန်ကောက်ခံရာတွင် ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများ ဖော်ထုတ်ရန်နှင့် ကျော်လွှားနိုင်ရန် အဖြေရှာခြင်း၊ အခွန်ကောက်ခံခြင်းနှင့် ပတ်သက်၍ ဌာနဆိုင်ရာများ၏ အမြင်များနှင့် မျှော်မှန်းချက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ပြန်လည်အကြံပြုဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ ဆေးလိပ်နှင့်ဆေးရွက်ကြီး အခွန်ကောက်ခံခြင်းနှင့် နီးနွှယ်သည့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အရှေ့တောင်အာရှဒေသ ဆေးလိပ်ထိန်းချုပ်ရေးဆိုင်ရာ မဟာမိတ်အဖွဲ့၊ ကလေးများဆေးရွက်ကြီးကင်းစင်ရေးလှုပ်ရှားရေးအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့မှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်မော်**

**ဓာတ်ပုံ-ထန်းဖုန်**

# အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်ရေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၆**

၂၀၁၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်းအလိုက် အောင်မြင်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် ပထမအကြိမ် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး (ဒုတိယနေ့) ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံး (၁) သုဝဏ္ဏပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် လက်ဝှေ့၊ ဂျူဒို၊ ကရာတေး၊ တိုက်ကွမ်ဒို၊ နပန်း၊ ဝူရှူး၊ မြားပစ်၊ သိုင်း / Arnis၊ Muay၊ Jui-Jitsu၊ Kick Boxing၊ Kurash၊ Sambo စသည့် အဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးတို့က စခန်းသွင်းလေ့ကျင့်မှု၊ လက်ရည်စစ်လူရွေးပြိုင်ပွဲများ ကျင်းပနိုင်ရေး၊ အားကစားနည်းအလိုက် Event အတိုင်း ပါဝင်ယှဉ်ပြိုင်၍ ဆုတံဆိပ်ရရှိမှုအခြေအနေ၊ ပါဝင်ယှဉ်ပြိုင်မည့် အင်အားစာရင်း၊ အားကစားသမား တစ်ဦးချင်းစီ၏ အားနည်းချက် / အားသာချက်များ အခြေအနေနှင့် ဖိတ်ခေါ်လက်ရည်စစ်ပြိုင်ပွဲများ ကျင်းပမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက တင်ပြချက်များကို ပြန်လည်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၆ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် ထိုင်းဘုရင်ဖလား အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် အလေးမပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် သွားရောက်မည့် အားကစားအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ အဖွဲ့ခေါင်းဆောင် တပ်ကြပ်ဖိုးထူးက ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာအော်ဂဲနစ် စံချိန်စံညွှန်းအသိပေးကြေညာခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

စိုက်ပျိုးရေးလုပ်ငန်းများကို အော်ဂဲနစ်ဖြင့် ဆောင်ရွက်ရာတွင် သိရှိလိုက်နာရန်နှင့် အော်ဂဲနစ် အသိအမှတ်ပြုလက်မှတ် လျှောက်ထားရာတွင် အထောက်အကူ ဖြစ်စေရန် မြန်မာအော်ဂဲနစ်စံချိန်စံညွှန်း အသိပေးကြေညာခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက လှည်းကူးမြို့နယ်ရှိ ဟင်းသီးဟင်းရွက်သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရန်လင်း၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သစ်သီးဝလံနှင့် ပန်းမန်အသင်းဥက္ကဋ္ဌနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးထုတ်လုပ်သူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တောင်သူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများ အော်ဂဲနစ်ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ကြည့်ရှုအားပေးစဉ်။

**စံချိန်စံညွှန်းများ စတင်ကျင့်သုံး**

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အမှာစကားပြောကြားရာတွင် အစားအစာဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော စိုက်ပျိုးရေးထွက်ကုန်များကို ပြည်သူများ ဖူလုံစွာစားသုံးနိုင်ရေးအတွက် အော်ဂဲနစ်စိုက်ပျိုးရေး စနစ်တကျ ဖွံ့ဖြိုးလာစေရေးနှင့် အော်ဂဲနစ်နှင့် ပတ်သက်သည့်စံချိန်စံညွှန်းများကို တိကျစွာလိုက်နာကျင့်သုံးနိုင်ရေးတို့ကို ရည်ရွယ်၍ အာဆီယံအော်ဂဲနစ်စံချိန်စံညွှန်းများကို အခြေခံပြီး မြန်မာနိုင်ငံ၏ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများနှင့် ကိုက်ညီမှုရှိစေရန် မြန်မာအော်ဂဲနစ် စံချိန်စံညွှန်းကို ရေးဆွဲဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ အော်ဂဲနစ်စိုက်ပျိုးရေးစနစ်သည် မြေဆီလွှာ၊ ဂေဟစနစ်နှင့် လူသားများ အပါအဝင် သက်ရှိများကို မထိခိုက်စေဘဲ ရေရှည်တည်တံ့စေသည့် ထုတ်လုပ်မှုစနစ်တစ်ခုဖြစ်ကြောင်း၊ ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သော သွင်းအားစုများကို အသုံးမပြုခြင်း၊ သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင်တို့ ဆက်စပ်မှုရှိခြင်း၊ မတူညီသည့် သက်ရှိဇီဝများ ယှဉ်တွဲနေထိုင်နိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်ရာ ဒေသအခြေအနေနှင့် လိုက်လျောညီထွေမှုရှိခြင်း စသည့် အချက်အလက်များအပေါ်တွင် အဓိကထား၍ စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်သည့်အတွက် အော်ဂဲနစ်စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးလာရေးကို စိုက်ပျိုးရေးကဏ္ဍတွင် ပါဝင်ပတ်သက်သူ အားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါရန်နှင့် ယနေ့မှစ၍ မြန်မာအော်ဂဲနစ် စံချိန်စံညွှန်းများအား စတင်ကျင့်သုံးကြောင်း ကြေညာအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မြန်မာအော်ဂဲနစ်စံချိန်စံညွှန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင်ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဟင်းသီးဟင်းရွက်သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန စိုက်ကွင်းအတွင်း စိုက်ပျိုးပြသထားသော အော်ဂဲနစ်ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ အိမ်မြဲဝင်းစိုက်ခင်း၊ မျိုးစေ့ထုတ်စိုက်ခင်းနှင့် နည်းပညာပေးစိုက်ခင်းများ၊ ပုဂ္ဂလိကအရောင်းဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ဆိုးကျိုးများ မသက်ရောက်စေရန်**

အော်ဂဲနစ် စိုက်ပျိုးရေးစနစ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက် များစွာရှိသော်လည်း အဓိကဆိုလိုရင်းမှာ ပြင်ပသွင်းအားစုများကို အသုံးပြုခြင်းထက် ဂေဟစနစ်အစီအမံများ အပေါ်တွင်သာ အားထားရန်ဖြစ်သည်။ ဓာတုသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများ၊ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ဆေးဝါးများ၊ မျိုးဗီဇပြုပြင်ထားသည့် မျိုးစေ့နှင့် စပ်မျိုးများ၊ တာရှည်ခံဆေးများ၊ အစားအစာဖြည့်စွက်ပစ္စည်းများ၊ ဓာတ်ရောင်ခြည်သုံးပြုပြင်ခြင်းများကို ရှောင်ကြဉ်ပြီး ပတ်ဝန်းကျင်နှင့် လူမှုဘဝများအပေါ် ဆိုးကျိုးများ မသက်ရောက်စေရန် ထည့်သွင်းရေးဆွဲထားသည့် စနစ်တစ်ခုလည်း ဖြစ်သည်။

“အစားအစာ ဒါမှမဟုတ် စိုက်ပျိုးရေးထွက်ကုန်များမှာ အော်ဂဲနစ်လို့ အညွှန်းတပ်ပြီဆိုရင် အဲဒီကုန်ပစ္စည်းကို သတ်မှတ်ထားတဲ့ အော်ဂဲနစ်နည်းလမ်းများ၊ စံညွှန်းများအတိုင်း ထုတ်လုပ်ရမှာ ဖြစ်ပါတယ်။ အော်ဂဲနစ်စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်ရာမှာ လိုက်နာရမယ့် သတ်မှတ်ချက်တွေကို တရားဝင်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့က ရေးဆွဲပြီး အော်ဂဲနစ်စံချိန်စံညွှန်းတွေမှာ အသေးစိတ်ဖော်ပြပေးရမှာ ဖြစ်ပါတယ် ” ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က ပြောကြားသည်။

အစားအစာ ဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေးတို့အတွက် အော်ဂဲနစ်စံချိန်စံညွှန်းများစွာကို နိုင်ငံအသီးသီးတွင် ရေးဆွဲလိုက်နာကျင့်သုံးလျက်ရှိနေကြရာ မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံအော်ဂဲနစ် စံချိန်စံညွှန်းများကိုအခြေခံပြီး မြန်မာနိုင်ငံ၏ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများနှင့် ကိုက်ညီမှုရှိစေရန် ပြင်ဆင်ရေးဆွဲခြင်းကို စိုက်ပျိုးရေးဦးစီးဌာန ပညာရှင်များ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးတက္ကသိုလ် စသည့်နယ်ပယ်အသီးသီးမှပညာရှင်များဖြင့်အကြိမ်ကြိမ်ဆွေးနွေးခဲ့ပြီး အော်ဂဲနစ်စိုက်ပျိုးရေး၏ အနှစ်သာရများ မထိခိုက်စေဘဲ စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် စိုက်ပျိုးသူများ လိုက်နာကျင့်သုံးနိုင်ရန် ရည်ရွယ်ရေးဆွဲကြခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် တာဝန်ရှိသူများ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ဓာတ်ပုံ- အောင်မြင့်(ပြန်/ဆက်)

❖ *ကျောဖုံးမှ*

ရှေးဦးစွာ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယနေ့ “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ” ပွဲတော်၌ ဖွင့်လှစ်လိုက်သည့် ကုန်စည်ပြပွဲတွင် အဝတ်အထည်၊ လူသုံးကုန်ပစ္စည်း၊ ဆေးဝါး၊ အစားအစာအသီးအနှံ၊ အလှကုန်ပစ္စည်း၊ ကားအရောင်းပြခန်း စသည့်ဆိုင်ခန်းပေါင်း ၂၀၀ ခန့် ခင်းကျင်းပြသထားကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်အတူ “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ” ပွဲတော်သို့ ဖျော်ဖြေတင်ဆက်ရန်လာရောက်သည့် ကရင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ ယာဉ်မတော်တဆဖြစ်ပွားပြီး ဒဏ်ရာရရှိကာ အင်းစိန်အထွေထွေရောဂါကုဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသခံယူနေမှုအား သွားရောက်ကြည့်ရှုအားပေးသည်။

ယာဉ်မတော်တဆ ဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကရင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့အား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ငွေကျပ် ငါးသိန်း၊ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမှ ငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**သီသီမင်း**




မွန်ရိုးရာယဉ်ကျေးမှုပြခန်းသို့ လာရောက်လေ့လာသူများကို တွေ့ရစဉ်။ ဓာတ်ပုံ- အောင်မြင့်(ပြန်/ဆက်)




ရခိုင်ရိုးရာယဉ်ကျေးမှုပြခန်းတွင် ရခိုင်ယဉ်ကျေးမှုအဖွဲ့ ကပြဖျော်ဖြေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- ဖိုးထောင်

# ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့် ဦးဆောင်သောအဖွဲ့ ဖိလစ်ပိုင်နိုင်ငံ သတင်းမီဒီယာနှင့် ရုပ်မြင်သံကြားအဖွဲ့အစည်းများသို့သွားရောက်လေ့လာ

မနီလာ ဇန်နဝါရီ ၂၆

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကွီဇုန်မြို့ရှိ ဖိလစ်ပိုင်သတင်းအေဂျင်စီ (PNA) သို့ ရောက်ရှိပြီး သတင်းထုတ်ပြန် ဆောင်ရွက်နေမှုများကို လေ့လာရာ PNA မှ ညွှန်ကြားရေးမှူး Virgina R. Arcilla- Agtay က PNA ၏ သတင်းရယူမှုဆိုင်ရာ မူဝါဒများ၊ PNA ၏ ဖွဲ့စည်းပုံနှင့် နိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးမှ သတင်းစုဆောင်းမှု၊ တည်းဖြတ်မှု၊ ထုတ်ပြန်မှုများဆောင်ရွက်နေပုံကို အသေးစိတ်ရှင်းလင်းတင်ပြသည်။**

ဆက်လက်၍ ဖိလစ်ပိုင်ပြန်ကြားရေးအေဂျင်စီ (Philippine Information Agency (PIA) သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် Harold E. Clavide နှင့်တာဝန်ရှိသူများက PIA ၏ သတင်းပြန်ကြားရေးဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များ၊ အများပြည်သူသို့ ရေဒီယို၊ ရုပ်သံနှင့် လူမှုကွန်ရက်မီဒီယာများမှ သတင်းအချက်အလက် ဖြန့်ဝေပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဖိလစ်ပိုင်ရေဒီယို (Radyo Pilipinas)၏ စတူဒီယိုတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဖိလစ်ပိုင်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီး Jose Ruperto Martin M. Andanar နှင့် ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်တို့သည် ဖိလစ်ပိုင်ရေဒီယိုမှ တိုက်ရိုက်ထုတ်လွှင့်သည့် Cabinet Report အစီအစဉ်တွင် နှစ်နိုင်ငံပြန်ကြားရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့မှုနှင့် သတင်းမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအား ဆွေးနွေးထုတ်လွှင့်ခဲ့သည်။

ယင်းနောက် ဖိလစ်ပိုင်ရုပ်မြင်သံကြားဌာန (PTV) သို့ ရောက်ရှိရာ PTV မှ အရာရှိချုပ် Ms. Alan L. Allanigue က PTV ၏ ရုပ်သံအစီအစဉ် ရိုက်ကူးထုတ်လွှင့်နေမှုများ၊ နိုင်ငံတကာ ရုပ်သံလွှင့်ဌာနများနှင့်ပူးပေါင်း၍ အစီအစဉ်ဖလှယ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး PTV စတူဒီယိုတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား နှစ်နိုင်ငံအကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရုပ်မြင်သံကြား အင်တာဗျူး ရိုက်ကူးဆောင်ရွက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဖိလစ်ပိုင် ရုပ်ရှင်နှင့် ရုပ်သံအစီအစဉ်များ စိစစ်ရေးနှင့်အဆင့်အတန်းသတ်မှတ်ရေးဘုတ်အဖွဲ့ (Movie and Television Review and Classif-ication Board ) (MTRCB) သို့ ရောက်ရှိရာ MTRCB မှ အမှုဆောင်ညွှန်ကြားရေးမှူး Atty. Ann Marie L. Nemenzo က ရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်သံအစီအစဉ်များအား စိစစ်အကဲဖြတ်၍ (Rating) ခွဲခြား သတ်မှတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ MTRCB ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဖိလစ်ပိုင်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီး Jose Ruperto Martin M. Andanar နှင့် တာဝန်ရှိသူများ ဖိလစ်ပိုင်ရေဒီယို (Radyo Pilipinas) ၏ စတူဒီယိုတွင် သတင်းမီဒီယာဆိုင်ရာများ ဆွေးနွေးထုတ်လွှင့်စဉ်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး သံတွဲခရိုင်အတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် သံတွဲခရိုင် ကျိန္တလီမြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပသော ကျိန္တလီမြို့အတွင်းရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း၊ လူမှုရေးအသင်းအဖွဲ့နှင့် မိခင်ဝိုင်းများဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။



အခမ်းအနားတွင် ကျိန္တလီမြို့ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းအတွက် ထောက်ပံ့ငွေကျပ်ခုနစ်သိန်း၊ မြတ်ပါရမီ လူမှုရေးအသင်းအတွက် ထောက်ပံ့ငွေကျပ်သုံးသိန်းနှင့် မိခင်ဝိုင်းနှစ်ဝိုင်းဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေကျပ် ၁၈၀၀၀၀ တို့ကို ထောက်ပံ့ပေးခြင်း၊ ကလေးငယ်များအတွက် ကစားစရာနှင့် အာဟာရမုန့်များပေးဝေခြင်းများ ဆောင်ရွက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဂွမြို့ အောင်မင်္ဂလာခန်းမ၌ကျင်းပသော ဂွမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများမှ ကလေးငယ်များနှင့် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ကျန်းမာရေးတစ်ကိုယ်ရည်သုံး ပစ္စည်းများ ထောက်ပံ့ခြင်း၊ လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ခြင်းနှင့် မိခင်ဝိုင်းများဖွင့်လှစ်ရန်အတွက် ထောက်ပံ့ပေးခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက် ဂွမြို့နယ်အတွင်းရှိ ဘဝအားမာန်လူမှုရေးအသင်းအဖွဲ့၊ ကြည်သာအေး ပညာရေးဖောင်ဒေးရှင်း၊ ထာဝရမေတ္တာနာရေးကူညီမှုအသင်း၊ လင်းရောင်ခြည်လူမှုကူညီရေးအသင်း၊ မြင့်မြတ်စေတနာလူမှုကူညီရေးအသင်း၊ ချမ်းမြေ့မေတ္တာလူမှုကူညီရေးအသင်း၊ စံစေတနာလူမှုကူညီရေးအသင်း၊ ရက္ခိတလူမှုနာရေးအသင်း၊ ကင်းရုံးလူငယ်သာရေးနာရေးပရဟိတအသင်း၊ မေတ္တာပါရမီလူမှုကူညီရေးအသင်း၊ ကြွေချိုင်နာရေးကူညီမှုအသင်း၊ ဇွဲမာန်လူမှုနာရေးကူညီမှုအသင်းနှင့် မြင့်မြတ်ဖြူစင်လူမှုနာရေးကူညီမှုအသင်းတို့အတွက် တစ်သင်းလျှင် ထောက်ပံ့ငွေကျပ်သုံးသိန်းစီ၊ မိခင်ဝိုင်းငါးဝိုင်းဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေကျပ် ၃၀၇၈၀၀ နှင့် မူကြိုကျောင်းများမှ ကလေးငယ်များနှင့် တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၆၄၀အတွက် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ကျန်းမာရေးတစ်ကိုယ်ရည်သုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး ကလေးငယ်များအတွက် ကစားစရာနှင့် အာဟာရမုန့်များ ပေးဝေကြသည်။

**သာတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေး**

အဆိုပါ အခမ်းအနားများတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားများအပါအဝင် ပြည်သူတစ်ရပ်လုံး ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် စည်းလုံးညီညွတ်စွာ တစ်နိုင်ငံလုံးသာတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေးကို ခံစားရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖွံ့ဖြိုးမှုနိမ့်ကျနေသေးသောဒေသများမှစ၍ ဦးစားပေးအနေဖြင့် အားလုံးသာတူညီမျှရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုယ်ဝန်ဆောင်ချိန်မှစ၍ သက်ကြီးရွယ်အိုအထိ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရှေးဦးအရွယ်ကလေးသူငယ်များမှစ၍ အလေ့အကျင့်ကောင်းများရရှိရန် မိခင်ဝိုင်းများဖွင့်လှစ်၍ စနစ်တကျ ပြုစုပေးနိုင်ရန်အတွက် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ မသန်စွမ်းများအတွက် ကနဦးထောက်ပံ့ပေးခြင်းကို ရခိုင်ပြည်နယ်တစ်ခုလုံးအတွက် ဦးစားပေးဆောင်ရွက်ပေးပြီး ကျန်ရှိနေသေးသည့် မသန်စွမ်းများအတွက်လည်း ဆက်လက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်းပြောကြားသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားများအား သင်ထောက်ကူပစ္စည်းများပေးအပ်

ဂွ ဇန်နဝါရီ ၂၆

**ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့်အတူ ရခိုင်ပြည်နယ် ဂွမြို့နယ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြရမည့် အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများအား ယနေ့ နံနက်ပိုင်းတွင် တွေ့ဆုံအားပေးပြီး သင်ထောက်ကူနှင့် ကျောင်းသုံးဆက်စပ်ပစ္စည်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ဂွမြို့အခြေခံပညာအထက်တန်းကျောင်းသည် ပြည်နယ်တစ်ခုလုံး၌ အောင်ချက် အကောင်းဆုံးပထမဆုကို နှစ်နှစ်ဆက်တိုက်ရရှိခဲ့သော အစဉ်အလာရှိသည့် ကျောင်းတစ်ကျောင်းဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း အဲဒီအစဉ်အလာကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ ကျောင်းသား ကျောင်းသူများကလည်း ဆရာ ဆရာမများ ညွှန်ကြားမှုကို တစ်သဝေမတိမ်းလိုက်နာပြီး ကြိုးစားရန်လိုကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးကို ငွေကျပ်သိန်း ၂၀၊ ငါးဘာသာဂုဏ်ထူးရှင်များကိုလည်း ငွေကျပ် ၁၅ သိန်းစီ ချီးမြှင့်ပေးလျက်ရှိခြင်းကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် လာမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ကြိုးစားဖြေဆိုကြရန်လိုကြောင်း မှာကြားသည်။

ဂွမြို့ အခြေခံပညာအထက်တန်းကျောင်းသည် ပြီးခဲ့သော ၂၀၁၆-၂၀၁၇ ပညာသင်နှစ်နှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တို့တွင် ရခိုင်ပြည်နယ်တစ်ခုလုံး၌ ပထမအဆင့် ဆွတ်ခူးရရှိခဲ့သော အစဉ်အလာရှိသော ကျောင်းတစ်ကျောင်းဖြစ်သည်။ ယင်းကဲ့သို့ ပြီးခဲ့သောနှစ်များတွင် အောင်ချက်ရာခိုင်နှုန်း အမြင့်မားဆုံးကျောင်းတစ်ကျောင်းဖြစ်သကဲ့သို့ ယခုနှစ်တွင်လည်း အောင်ချက်အကောင်းဆုံးဖြစ်ရန် ဆက်လက်ထိန်းထားနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂွမြို့နယ် ဆပ်သွား အခြေခံပညာအထက်တန်းကျောင်းနှင့် သံတွဲခရိုင် ကျိန္တလီအခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကာ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောပြီး လိုအပ်သော သင်ထောက်ကူနှင့် ကျောင်းသုံးဆက်စပ်ပစ္စည်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂွမြို့နယ်အတွင်းရှိ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ဒေသတွင်းလိုအပ်ချက်များကို မေးမြန်းကာ သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု ကျိန္တလီမြို့နယ်ရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊**
**ဓာတ်ပုံ- မင်းထက်**

# "သွေးချင်းတို့ရဲ့ ပွဲတော်ဆီသို့" ပွဲတော် ဒုတိယနေ့ကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

"သွေးချင်းတို့ရဲ့ပွဲတော်ဆီသို့" ပွဲတော် ဒုတိယနေ့ကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းတွင် ဆက်လက်ကျင်းပခဲ့သည်။ ယနေ့ကျင်းပသည့် ဒုတိယနေ့ပွဲတော်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက တိုင်းရင်းသားရိုးရာထုတ်ကုန်များ ပြသရောင်းချသည့် ပြခန်းများကို လာရောက်ဖွင့်လှစ်ပေးကြသည်။



ဒေါက်တာ အောင်ရဲဇော်



မအော့အော့



မနော်နော်အေး



ဒေါ်မိုးမိုး



အကွာမာရိန်း



မခင်ဝတ်ရည်သိန်း

တိုင်းရင်းသား လုပ်ငန်းရှင်များ အသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်ရဲဇော်က "ဒီနေ့မနက်မှာတော့ ပြည်ထောင်စုဝန်ကြီးနိုင်သက်လွင် အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ခုနစ်ဦးတက်ရောက်ပြီး တိုင်းရင်းသားရိုးရာ ထုတ်ကုန်တွေ ပြသရောင်းချတဲ့ ပြခန်းတွေကို လာရောက်ဖွင့်လှစ်ပေးပါတယ်။ ပြခန်းတွေက ဆိုင်ခန်းပေါင်း ၂၀၀ ပါဝင်ပါတယ်။ အလှကုန်ပစ္စည်းကအစ ပါပါတယ်"ဟု ပြောသည်။

**တိုင်းရင်းသားအလှမယ်ရွေးချယ်ပွဲ**

"သွေးချင်းတို့ရဲ့ ပွဲတော်ဆီသို့" ပွဲတော်သည် ပြခန်းအများအပြား ပါဝင်ပြီး လေအေးပေးစက် တပ်ဆင်ထားပြီး ဆိုင်ခန်းပေါင်း ၂၀၀ ပါဝင်သည့် အရောင်းပြခန်းများ၊ တိုင်းရင်းသားများ၏ ရိုးရာအစားအသောက်ဆိုင်များနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုကို ပြသသည့် ယဉ်ကျေးမှုပြခန်းများနှင့် ရိုးရာယဉ်ကျေးမှုအတွက် ဖျော်ဖြေသည့် စတိတ်စင်အပြင် "Miss Ethnic Myanmar 2019" တိုင်းရင်းသားအလှမယ်ရွေးချယ်ပွဲကိုလည်း ရွေးချယ်ရန် စီစဉ်ထားသည်။

"တိုင်းရင်းသားအလှမယ် ရွေးချယ်တာကတော့ ကျွန်တော်တို့ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနဲ့ အခြားအသင်းတွေ ချိတ်ဆက်လုပ်ကိုင်တဲ့အခါ brand ambassadors အနေနဲ့ သုံးနိုင်ဖို့အတွက် Miss ရွေးချယ်မှုကို ပြုလုပ်တာပါ။ တိုင်းရင်းသား ၁၃၅ မျိုးလုံးပါတယ်။ အခြေခံတိုင်းရင်းသားရှစ်မျိုးတင်မကဘူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေ ဖြစ်တဲ့ 'ဝ'၊ 'ကိုးကန့်'၊ တအာင်း(ပလောင်)၊ ဓနု၊ ပအိုဝ်း စတဲ့ ယဉ်ကျေးမှုပြခန်းတွေမှာလည်း သူတို့ဒေသရဲ့သမိုင်းကြောင်းနဲ့ အဲ့ဒီဒေသတွေရဲ့ စိတ်ဝင်စားစရာ ဝိသေသလက္ခဏာတွေပါ ထည့်သွင်းထားပါတယ်။ နောက် တိုင်းရင်းသားအစုံရဲ့ အစားအစာကို တစ်နေရာတည်းမှာ အခုလိုစားသောက်နိုင်ဖို့က မလွယ်ပါဘူး"ဟု တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်ရဲဇော်က ပြောသည်။

တိုင်းရင်းသားများ၏ ရိုးရာအစားအသောက်ဆိုင်များတွင် တိုင်းရင်းသားတို့၏ ရိုးရာအစားအစာ၊ အဝတ်အထည်နှင့် တိုင်းရင်းသားဒေသများမှ ထွက်ရှိသည့် အော်ဂဲနစ် ကုန်ပစ္စည်းများ ရောင်းချနေသည်ကို တွေ့ရသည်။

**'ဝ' တို့ရဲ့အစားအစာကို မြည်းစမ်းစေချင်**

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆန်းမှ 'ဝ' ရိုးရာ အစားအသောက်များ လာရောက်ရောင်းချသူ မအော့အော့က "ပန်ဆန်းက လာဖွင့်တာ 'ဝ' အစားအစာနဲ့ တရုတ်အစားအစာ၊ 'ဝ' အစားအစာကတော့ 'ဝ' ဆန်ပြုတ်၊ ငါး၊ ကြက်ကင် အဲဒါတွေရတယ်။ အစုံပဲလာစားကြတယ်။ 'ဝ' ရိုးရာအစားအစာကို ကျန်တဲ့တိုင်းရင်းသားတွေလည်း သိရအောင်ပါ လာရောင်းတာပါ။ 'ဝ' တို့ရဲ့အစားအစာကို မြည်းစမ်းစေချင်ပါတယ်"ဟု ပြောသည်။

**ဒေသထွက် အော်ဂဲနစ်ပစ္စည်း**

ရှမ်းပြည်နယ်တောင်ကြီးမှ ပအိုဝ်းအစားအစာနှင့် အဝတ်အထည်များ လာရောက် ရောင်းချသည့် ပအိုဝ်းတိုင်းရင်းသူ မနော်နော်အေးက "အဓိကက ပအိုဝ်းရိုးရာအစားအစာ၊ နောက် ရှမ်းပြည်ထွက်တဲ့ ထောပတ်သီး၊ လိမ္မော်သီး၊ ကြက်သွန်ဖြူ၊ ဂျုံးမြစ်ခြောက်၊ ပဲပုတ်တွေပါတယ်။ ကျွန်မတို့ လူမျိုးကို မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ အခြားလူမျိုးတွေကလည်း သိအောင်ပါ။ သွေးချင်းတို့ရဲ့ပွဲဆိုတဲ့အတိုင်း ကိုယ့်ရဲ့ကုန်ပစ္စည်းကို ဖလှယ်ချင်တာပါ။ ရောင်းချတဲ့ပစ္စည်းတွေက ကိုယ်ရဲ့ ဒေသထွက်ပစ္စည်းတွေပါ။ ကိုယ့်အိမ် ကိုယ့်ဒေသကထွက်တဲ့ အော်ဂဲနစ်ပစ္စည်းကို ဈေးတင်ရောင်းလို့ရပေမယ့် မရောင်းဘဲ ဈေးသက်သက်သာသာနဲ့ပဲ ရောင်းပေးတယ်။ ပအိုဝ်းဝတ်စုံတွေကိုတော့ အောက်ပြည်မှာရှိတဲ့ ကိုယ့်လူမျိုးတွေ၊ နောက် သထုံ၊ ကော့ကရိတ်၊ မြဝတီဘက်မှာရှိတဲ့သူတွေအပြင် စိတ်ဝင်စားတဲ့ သူတွေကလည်း အမှတ်တရအနေနဲ့ ဝယ်ယူကြပါတယ်။ နေရာဒေသ အသီးသီးက အခုလို တစ်စုတစ်စည်းတည်း လာရောင်းတော့ အတိုင်းမသိ ဝမ်းသာတယ်။ နောက်ကိုယ့်ရဲ့ဝတ်စုံကို ကိုယ်ချစ်သလို သူတို့လည်း သူတို့ရဲ့ဝတ်စုံကို ချစ်ကြတယ်။ မျက်စိပသာဒလည်း ဖြစ်တယ်။ မြန်မာနိုင်ငံမှာ လူမျိုးပေါင်း ၁၃၅ မျိုးရှိတာ အဲ့ဒီလူမျိုးတွေ တစ်စုတစ်စည်းတွေ့ရတော့ အတိုင်းမသိ ဝမ်းသာတယ်။ ပီတိဖြစ်မိတယ်" ဟု ပြောသည်။

"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်သည် မြန်မာနိုင်ငံတွင် နေထိုင်ကြသည့် တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ သမိုင်းကြောင်းများနှင့် ရိုးရာအစားအသောက် စုံစုံလင်လင်ကို တစ်စုတစ်စည်းတည်း ပြသထားသည့်အတွက် စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။

"ပြသနိုင်ဖို့ဆိုတာမလွယ်ပါဘူး။ ပြည်သူလူထုရဲ့ စိတ်ဝင်စားမှုက ရာနှုန်းပြည့်ရှိတယ်လို့ ပြောရမယ်။ နောက် ဝင်ကြေးက အခမဲ့ဖြစ်တဲ့အတွက် အခကြေးငွေပေးစရာမလိုဘဲ ဝင်ကြည့်လေ့လာလို့ရတယ်။ ဒါကို အမိအရ ဆုပ်ကိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် လေ့လာပါ၊ သုံးသပ်ပါလို့ အကြံပြုချင်ပါတယ်" ဟု ဒေါက်တာ အောင်ရဲဇော်က သုံးသပ်ပြောကြားသည်။

**နှစ်တိုင်းလုပ်စေချင်**

မော်လမြိုင်ဇာတိ မွန်တိုင်းရင်းသူ ဒေါ်မိုးမိုးက "မွန်ရိုးရာအထည် ထုတ်လုပ်ရေးကပါ။ ဒီတိုင်းရင်းသားပွဲမှာ အန်တီတို့ရဲ့ ရိုးရာအထည်တွေကို လာရောက်ရောင်းချခြင်းဖြင့် မွန်ရိုးရာယဉ်ကျေးမှုကို တိုင်းရင်းသားတွေထဲမှာ သိစေချင်တာပါ။ တိုင်းရင်းသားတွေရဲ့ ရိုးရာ ယဉ်ကျေးမှုတွေကို တစ်ပေါင်းတစ်စည်းတည်း အခုလိုပြသတဲ့နေရာမှာ ကျွန်မတို့လည်း ပြသချင်လို့ပါ။ ဒါကြောင့် လာရောင်းတာပါ။ တော်တော်လေး ရောင်းရတယ်လို့ပြောရင်ရတယ်။ အဲ့ဒီလောက်အထိ မထင်ထားဘူး။ အခြားတိုင်းရင်းသားတွေကလည်း မွန်အဆင်၊ မွန်ရိုးရာအထည်ဆိုတာကို သိကြပြီး ဝယ်ပါတယ်။ အစားအသောက်ဆိုရင်လည်း မွန်ဓလေ့အတိုင်း ချက်ထားတဲ့ မွန်ချက်တွေပေါ့။ သင်္ကြန်ထမင်း၊ လက်ညှစ်ရေစိမ်မုန့်ဟင်းခါး၊ ရိုးရာမုန့်လက်ဆောင်း၊ မုန့်ပဲသရေစာ၊ လှော်စာပေါ့။ ဟင်းဆိုရင်လည်း ငါးမွန်ချက်၊ တောဝက်၊ ဂျီသားတို့ ရတယ်။ ဒီလိုတိုင်းရင်းသားတွေ စုစုစည်းစည်း လုပ်တဲ့ပွဲတော်ဆိုတာ မကြုံဖူးသလောက်ပဲ။ ငယ်ငယ်က ဒီလိုပွဲမျိုးတွေ တက်ဖူးတယ်။ ဒီဘက်ပိုင်းမှာတော့ စုစုစည်းစည်းနဲ့ ဒီလောက်ကြီးမားတဲ့ ပွဲမျိုးလုပ်တာ တစ်ခါမှ မကြုံဖူးဘူး။ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက အခုလိုလုပ်ပေးတဲ့အတွက် အန်တီတို့ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ရလာတယ်။ အခြားတိုင်းရင်းသားတွေနဲ့ ကိုယ့်ရိုးရာဝတ်စုံ၊ သူ့ရိုးရာဝတ်စုံ အဲ့ဒီလို အဆက်အသွယ်ကောင်းတွေ ရလာတယ်။ ဒါကြောင့် နှစ်တိုင်း လုပ်စေချင်ပါတယ်" ဟု ပြောသည်။

"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်သည် မြန်မာနိုင်ငံတွင်ရှိသည့် တိုင်းရင်းသားလူမျိုးများ ဆုံစည်းစေရန် ဖန်တီးပေးခြင်းဖြစ်သလို တိုင်းရင်းသားများ၏ ချစ်ခင်ရင်းနှီးမှု၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း စီးပွားရေးကိုအတူတကွ လုပ်ကိုင်ဖော်ဆောင်လာနိုင်မှုများဖြင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း SMEs များကိုလည်း ပိုမိုကောင်းမွန်အောင် ဖော်ဆောင်နိုင်ပေမည်။ ထို့ကြောင့် ယခုကျင်းပသည့်ပွဲတော်သည် တိုင်းရင်းသားများ၏ စီးပွားရေးအခန်းကဏ္ဍ တိုးတက်မှုမှတစ်ဆင့် ငြိမ်းချမ်းရေး တိုးတက်မှုဆီသို့ လျှောက်လှမ်းသွားနိုင်မည်ဖြစ်သည်။

**လာရောင်းရတာ ပျော်ဖို့ကောင်း**

ကချင်ပြည်နယ်မှ လီဆူရိုးရာ အဝတ်အထည်နှင့် အစားအစာများ လာရောက်ရောင်းချသည့် လီဆူတိုင်းရင်းသူ အကွာမာရိန်းက "လီဆူဝတ်စုံနဲ့ လီဆူရိုးရာအစားအစာတွေ ရောင်းတာပါ။ အခုလိုတိုင်းရင်းသားတွေ တစ်စုတစ်စည်းတည်း လာရောင်းရတာ ပျော်ဖို့ကောင်းတယ်"ဟု ပြောသည်။

**တစ်စုတစ်စည်းတည်း ရောင်းချ**

ကယားပြည်နယ်ထွက်ကုန်ပစ္စည်းများ လာရောက်ရောင်းချသူ ကယားပြည်နယ် လွိုင်ကော်မြို့မှ မခင်ဝတ်ရည်သိန်းက "ခေါင်ကျရည် သုံးမျိုးပါတယ်။ ဆေးမြစ်စုံပါတယ်။ ကယားဝက်အူချောင်းပါတယ်။ အာလူးမက်ခါလိပ်ပါတယ်။ ကယန်းရိုးရာ ဆန်ပြုတ်နဲ့ ကယားပြည်နယ်မှာ နာမည်ကြီးတဲ့ ဟင်းထုပ်တွေ ပါပါတယ်။ ဝက်အူချောင်းကင်၊ ကြက်ဒုက္ခပါပါတယ်။ ကယားပြည်နယ်မှာ ရိုးရာဆိုင်ရှိတယ်ဆို တာသိစေချင်တယ်။ ကယားပြည်နယ် လွိုင်ကော်မှာ ဒီလိုရိုးရာဆိုင်လေးတွေရှိတယ်ဆိုတာ အများပြည်သူ သိစေချင်တယ်။ ကယားပြည်နယ်က သာယာလှပတယ်။ ရောက်ရင် ဒီလိုဆိုင်လေးတွေကို လာရောက်အားပေးပါ။ တစ်စုတစ်စည်းတည်း ရောင်းချရတဲ့အတွက် ပျော်ရွှင်မိတယ်။ အခြားတိုင်းရင်းသားတွေရဲ့ ရိုးရာအဝတ်အစားတွေ၊ အသုံးအဆောင်၊ အစားအသောက်တွေကိုလည်း မြင်ရတယ်" ဟု ပြောသည်။

"သွေးချင်းတို့ရဲ့ ပွဲတော်ဆီသို့" ပွဲတော် ပထမနေ့တွင် တိုင်းရင်းသားပြည်သူတစ်သိန်းကျော် လာရောက်ခဲ့ပြီး ယနေ့ကျင်းပသည့် ဒုတိယနေ့ပွဲတော်သို့လည်း တစ်သိန်းကျော်လာရောက်ခဲ့ကြောင်း တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**ပျော်စရာတွေ အများကြီးခံစားရ**

မြစ်ကြီးနား ဝိုင်းမော် ရပ်ကွက် ၃ တွင် နေထိုင်သည့် အသက် ၇၅ နှစ်အရွယ် လီဆူတိုင်းရင်းသူ အဘွားနော်ခေါ်ရ်မီက "ရက်ကန်းလာရက်တယ်။ ပွဲတော်မှာ ဒီလိုရက်ကန်းလာရက်တဲ့အတွက် ပျော်စရာတွေ အများကြီးခံစားရတယ်။ အမျိုးတွေ အများကြီးလည်း တွေ့ရတယ်။ အခုရက်နေတာ လီဆူလူမျိုးယောက်ျားခါးပတ်ပါ။ အသက် ၇၅ နှစ်ရှိပြီ။ ၂၀ အရွယ်ကတည်းက ရက်ကန်းရက်တာ" ဟု ပြောသည်။

"သွေးချင်းတို့ရဲ့ ပွဲတော်ဆီသို့" ပွဲတော်ကို ဇန်နဝါရီ ၃၀ ရက်အထိ ၆ ရက်တိုင်တိုင် နံနက် ၁၁ နာရီမှ ည ၁၀ နာရီအထိ ကျင်းပမည်ဖြစ်ကာ ဖျော်ဖြေတင်ဆက်မှုများ၊ တိုင်းရင်းသားလူမျိုးစုတစ်စုချင်းစီ၏ အကအလှများ၊ တိုင်းရင်းသားအလှမယ် ရွေးချယ်ပွဲ (Miss Ethnic Myanmar 2019) နှင့် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ နေထိုင်မှုပုံစံများကို ကြည့်ရှုမြင်တွေ့နိုင်မည်ဖြစ်သလို ရိုးရာအစားအသောက်၊ အဝတ်အထည်များနှင့် ဒေသထွက်ကုန်ပစ္စည်းများကိုလည်း ဝယ်ယူစားသောက်နိုင်မည်ဖြစ်သည်။

**ညွန့်ကိုကို**
**ဓာတ်ပုံ - ဖိုးထောင်**



"သွေးချင်းတို့ရဲ့ပွဲတော်ဆီသို့" ပွဲတော် ဒုတိယနေ့တွင် လာရောက်ကြသူများကို တွေ့ရစဉ်။

# တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် ပြေးခုန်ပစ် ပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက်မှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

# အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)၂၀၂၅ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ အာဆီယံ စီးပွားရေး အသိုက်အဝန်း(အေအီးစီ) ၂၀၂၅ပါ အကောင်အထည်ဖော်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးနိုင်ရေးအတွက် အာဆီယံဒေသတွင်းထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေး လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီများနှင့် ပဉ္စမအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာနိုင်ငံ ဂျိုက်ကာပညာသင်ဟောင်းများအသင်း သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေး နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ ဂျိုက်ကာပညာသင်ဟောင်းများအသင်း၏ သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းဝေးကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ ဖေဖော်ဝါရီလအတွင်း ကျင်းပသွားမည်ဖြစ်၍ အသင်းဝင်ပြီးသူများ၊ အသင်းမဝင်ရသေးသူများနှင့် JDS အစီအစဉ်၏ ပညာသင်များအပါအဝင် ဂျိုက်ကာအစီအစဉ်ဖြင့် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သူများ တက်ရောက်နိုင်ကြောင်း သိရသည်။

ဂျိုက်ကာပညာသင်ဟောင်းများအသင်း၏ သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၁ နာရီခွဲအထိ၊ ရန်ကုန်မြို့ရှိ Pullman Yangon Centerpoint ၌ ဖေဖော်ဝါရီ ၁၀ ရက်နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၁ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# Vaccine Independence Initiative(VII) နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)တို့၏ Vaccine Independence Initiative(VII) နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်မျိုး စုစည်းသည်။

# မန္တလေးမြို့တွင် လန်ချန်း-မဲခေါင် ဒေသတွင်း နိုင်ငံများမှ အနုပညာရှင်လူငယ်များ တွေ့ဆုံပွဲကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၂၆**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) မှ အိမ်ရှင်အဖြစ်လက်ခံ၍ လန်ချန်း-မဲခေါင် ဒေသအတွင်းရှိ နိုင်ငံခြောက်နိုင်ငံမှ အနုပညာရှင်များ ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ အချင်းချင်းအပြန် အလှန်ပူးပေါင်းတတ်စေရန် ရည်ရွယ်ပြီး ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်အထိ အနုပညာရှင် လူငယ်များ တွေ့ဆုံပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ရွှေပြည်သာဟိုတယ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) မှ သိရသည်။

လန်ချန်း-မဲခေါင် ဒေသအတွင်းရှိ မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့မှ လူငယ်အနုပညာရှင်များ တွေ့ဆုံပွဲတွင် စာတမ်းများ ဖတ်ကြားခြင်း၊ ပန်းချီများ ရေးဆွဲခြင်း၊ ဒေသထွက် ရိုးရာလက်မှုပညာအရုပ်များ ဖန်တီးပြုလုပ်ခြင်း၊ နိုင်ငံအလိုက်ရိုးရာယဉ်ကျေးမှုများ ခင်းကျင်းပြသရောင်းချခြင်း အစရှိသော ကဏ္ဍများနှင့် အခြားအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ပခုက္ကူမြို့နယ် သဇင်ကျေးရွာတွင် ကြိမ်ရက်လုပ်ငန်းဖြင့် မိသားစုပုံမှန်ဝင်ငွေများရရှိ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ လေးနှစ်အတွင်း ၅၀ ရာခိုင်နှုန်းကျော် တိုးလာ

**ပခုက္ကူ ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် သရက်တောကျေးရွာအုပ်စု သဇင်ကျေးရွာကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနေပြည်သူများ မိသားစုဝင်ငွေတိုးပွားစေရေးနှင့် တစ်ပိုင်တစ်နိုင် စီးပွားဖြစ် ကြိမ်ရက်လုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်းသုံးရာ ချထားဆောင်ရွက်ပေးခဲ့ရာ လေးနှစ်တာကာလ အတွင်း လည်ပတ်ရန်ပုံငွေ စုစုပေါင်း ကျပ် ၄၅၄ သိန်း ရရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တာဝန်ရှိသူများက မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ၊ ဒေသခံများနှင့် ယနေ့ နံနက် ပိုင်းတွင် တွေ့ဆုံ၍ လုပ်ငန်းများ ယခုထက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်ရေး၊ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ပေါ်လာစေရေးတို့ကို တွေ့ဆုံဆွေးနွေးပြီး ကျေးရွာတွင်းကြိမ်ရက်လုပ်နေမှုများကို ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

သဇင်ကျေးရွာတွင် မြန်မာ့လက်မှုပညာ ကြိမ်ဖြင့်ရက်လုပ်သည့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး ရက်လုပ်ခြင်းလုပ်ငန်းကို အိမ်ခြေ ၁၃၅ အိမ် အနက် ၁၁၅ အိမ်မှာ တစ်ပိုင်တစ်နိုင်နှင့် လက်လုပ်လက်စားရက်လုပ်ကြပြီး လက်လုပ်လက်စားလုပ်ကိုင်သူများအနေဖြင့်လည်း နေ့စဉ်ဝင်ငွေ ကျပ် ၃၀၀၀ မှ ကျပ် ၅၀၀၀ အထိ ရရှိနေကြကြောင်း၊ လေးနှစ်တာကာလ အတွင်း လည်ပတ်ရန်ပုံငွေ ၅၀ ရာခိုင်နှုန်းကျော် တိုးပွားလာခဲ့ကြောင်း သိရသည်။

ကြိမ်ဖြင့်ရက်လုပ်ရာတွင် ကြိမ်ဆွမ်းအုပ် ပုံစံအမျိုးမျိုး၊ ကြိမ်ပုခက်၊ ကြိမ်လက်ဆွဲခြင်း အမျိုးမျိုး၊ ကြိမ်ခြင်းလုံးဆိုက်အမျိုးမျိုး၊ ကြိမ်ဒေါင်းလန်း အမျိုးမျိုး စသည်တို့အပါအဝင် အမျိုးအစား ၅၀ ကျော် ရက်လုပ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာဟာ ပုဂံညောင်ဦးရဲ့ တစ်ဖက်ကမ်းမှာရှိတဲ့အတွက် တန့်ကြည်တောင်ဘုရားဖူးရင်း နိုင်ငံခြားဧည့်သည်တွေလည်း မကြာခဏဆိုသလို လာပါတယ်။ ဒီကနေ ထွက်တဲ့ ကြိမ်ထည်ပစ္စည်းတွေကိုလည်း ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ပုဂံညောင်ဦးမြို့များနှင့် အခြားမြို့များကိုလည်း လက်လီလက်ကား တင်ပို့ရောင်းချနေပါတယ်။ ရက်လုပ်တဲ့ ကြိမ်ထည်က ခေတ်နှင့်အညီ လူကြိုက်များတဲ့ပုံစံတွေ ရက်လုပ်သူတွေကတော့ ဈေးကောင်းပိုရတာပေါ့။ မြန်မာ့လက်မှုပညာကြိမ်လုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ကျွန်တော်တို့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု အဆိုပါကျေးရွာနေ ဦးသန်းမင်းက ပြောသည်။

**သန်းလွင်(မကွေး)**




# မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် A.G.T.I Society ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့သည် ယမန်နေ့က နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်(I-2) ခန်းမဆောင်၌ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် စက်မှု လက်မှုသိပ္ပံများဟူသည့် စကားရပ်ပါဝင်မှု မရှိခြင်းနှင့် စပ်လျဉ်း၍ တွေ့ဆုံ ဆွေးနွေးကြသည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ A.G.T.I Society ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးငြိမ်းအောင်က ရှင်းလင်းတင်ပြရာ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်တင့်နှင့်အဖွဲ့ဝင်များ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဝင် ဦးသန်းစိုးအောင်တို့က ဖြည့်စွက်တင်ပြကြသည်။

ယင်းတင်ပြဆွေးနွေးချက်များအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းနှင့်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ၂၅ နှစ်သက်တမ်းရှိ အမှတ်(၁)ဘုရင့်နောင်တံတားကြီး၏ ရေလယ်တိုင်နှင့် ကမ်းကပ်ခုံအထိုင်များ အစားထိုးဆောင်ရွက်မည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ ကုန်စည်စီးဆင်းရာ တံခါးပေါက်ကြီးတစ်ခုဖြစ်သော လှိုင်သာယာနှင့် မရမ်းကုန်းမြို့နယ်ကို ဆက်သွယ်ထားသည့် အမှတ်(၁) ဘုရင့်နောင်တံတားကြီးမှာ ၂၅ နှစ်သက်တမ်းရှိပြီဖြစ်ရာ ရေလယ်တိုင် လေးခုနှင့် ကမ်းကပ်ခုံနှစ်ခု၏ သံပေါင် အထိုင်များ အစားထိုး ဆောင်ရွက်နိုင်ရန် အဆိုပါ ရေလယ်တိုင်များအား ငြမ်းဆင်ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ (၁၀) (တံတားဦးစီး)မှ ဆောင်ရွက်နေကြောင်း သိရသည်။ **(အောက်ပုံ)**



လှိုင်သာယာမြို့သစ်တည်ချိန်တွင် လှိုင်မြစ်ကူးတံတားကြီးအဖြစ် ပထမဆုံး စတင်တည်ဆောက်ခဲ့သော အမှတ်(၁) ဘုရင့်နောင်တံတားကြီးကို ၁၉၉၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်မှ ထွက်ကုန်များနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ထွက်ကုန်များအတွက် စီးပွားရေးဗျူဟာအရ အရေးပါသော တံတားတစ်စင်းအဖြစ် အကျိုးပြုခဲ့သောတံတားဖြစ်ရာ ယနေ့တိုင် လှိုင်မြစ်ကူးတံတားကြီး လေးစင်းတွင် ရန်ကုန်မြို့သို့ တစ်လမ်းသွား တံတားကြီးတစ်စင်းအဖြစ် ပြည်သူကို အကျိုးပြုလျက် ရှိသည်။

"ဒီတံတားကြီးရဲ့ရေလယ်တိုင်နဲ့ ကမ်းကပ်ခုံတွေ အထိုင်တွေကို အစားထိုးတပ်ဆင်မှာပါ။ အဲဒီပစ္စည်းတွေကို မလေးရှားနိုင်ငံက ကူညီပံ့ပိုးဖို့ ကမ်းလှမ်းထားတာကြောင့် ဒီလကုန်တာနဲ့ အဲဒီနိုင်ငံက ပညာရှင်တွေလာကြည့်ပြီး ဘယ်လိုပစ္စည်းတွေနဲ့ အစားထိုးမယ်ဆိုတာ လေ့လာမှာဖြစ်တဲ့အတွက် ရေလယ်တိုင်နဲ့ ကမ်းကပ်ခုံတွေ ငြမ်းဆင်တဲ့ လုပ်ငန်းကို ကြိုတင်ပြင်ဆင်နေတာပါ" ဟု တံတားအထူးအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဝင်းက ပြောသည်။

**သန်းထိုက်**

# ရခိုင်ပြည်နယ် ဖြစ်စဉ်တွင်ကျဆုံးခဲ့သည့် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများအတွက် ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၆

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်တွင် ကျဆုံးခဲ့သည့် ရဲတပ်ဖွဲ့ဝင် ၁၃ ဦး၏ ကျန်ရစ်သူမိသားစုများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၏ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကျဆုံးသွားသည့် တပ်ဖွဲ့ဝင် ၁၃ ဦး၏ မိသားစုများအတွက် online မှ စုစုပေါင်း ငွေကျပ် ၆၅၉၄၀၀၀၊ WK auto mechanic service မှ ကောက်ခံရရှိငွေကျပ် ၁၇၈၀၀၀၀ ကိုအရည်ကြို facebook profile လေလံသို့ jy service မှ လှူဒါန်းငွေကျပ် ၁၁၀၀၀၀၀၊ စုစုပေါင်း ငွေကျပ် ၉၄၇၄၀၀၀ ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက လက်ခံရယူပြီး (**အပေါ်ပုံ**) ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားစာကြည့်တိုက် (နေပြည်တော်)တွင် အခြေခံစာကြည့်တိုက်ပညာ သင်တန်းဆင်းပွဲ ပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၂၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ဖွင့်လှစ်သော အခြေခံစာကြည့်တိုက်ပညာ သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က အမျိုးသားစာကြည့်တိုက် နေပြည်တော်၌ ပြုလုပ်သည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် သင်တန်းသားများဖြစ်ကြသည့် နေပြည်တော်သတင်းစာတိုက်မှ စာကြည့်တိုက်မှူး ဦးကျော်ဇေယျာမြင့်နှင့် ပုဗ္ဗသီရိမြို့နယ်မှ ဒေါက်တာ စွမ်းထက်ကိုတို့က သင်တန်းတက်ရောက် သင်ယူမှုနှင့်ပတ်သက်၍ သင်တန်း အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က သင်တန်းဆင်း အောင်လက်မှတ်များအား တစ်ဦးချင်းပေးအပ်ခဲ့ပြီး သင်တန်းနည်းပြများအတွက် လက်ဆောင်များကို သင်တန်းသူတစ်ဦးက ပေးအပ်ရာ ညွှန်ကြားရေးမှူး ဒေါ်မြဦးက လက်ခံရယူခဲ့သည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးဖြစ်သည့် ဇမ္ဗူသီရိမြို့နယ် သုဒ္ဓသိဒ္ဓိရပ်ကွက်မှ စာကြည့်တိုက်မှူး ဒေါ်ခင်ဆွေယုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံးက အမှာစကား ပြောကြားသည်။ (**အောက်ပုံ**)



သင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာတိုက်ရှိ ဝန်ထမ်းများနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များမှ စာပေကို စိတ်ပါဝင်စားသူ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၂၇ ဦးကို စာကြည့်တိုက် ဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲရေး၊ ကတ်တလောက်လုပ်ငန်း၊ မျိုးတူစုလုပ်ငန်း၊ ရည်ညွှန်းလုပ်ငန်းနှင့် စာပေပစ္စည်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း စသည့် စာကြည့်တိုက်ပညာရပ်များကို နှစ်ပတ်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသည်။

သင်တန်းဆင်းပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံး၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

# အလုံမြို့နယ်၌ ကားမှန်ကိုချိုးဖျက်ကာ ပစ္စည်းခိုးယူသူများကို အရေးယူ

ရန်ကုန် ဇန်နဝါရီ ၂၆

အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက်၊ ငုဝါလမ်းနေ ဦး------သည် အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက်ရှိ စားသောက်ဆိုင်တစ်ဆိုင်အတွင်း စားသောက်နေစဉ် ၎င်း၏ ကားအတွင်းမှ ငွေကျပ် ၇၅ သိန်းပါ အိတ်တစ်လုံး၊ ဘဏ်စာအုပ်နှစ်အုပ်၊ ဘဏ်ကတ်တစ်ခု၊ လက်တော့ပ် ကွန်ပျူတာတစ်လုံးတို့ကို ခိုးယူခံရသဖြင့် အလုံမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ အလုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ စုံစမ်းရာ ပြစ်မှုကျူးလွန်သူများမှာ ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းရပ်ကွက်နေသူများဖြစ်သည့် ရဲမင်းဦး(ခ)ထိပ်ကြီး၊ နိုင်ရဲလင်း(ခ)မိုးဒီ၊ ချစ်ရအောင်(ခ)ကိုသက်တို့ ဖြစ်ကြောင်း စုံစမ်းသိရှိရပြီး ၎င်းတို့သုံးဦးအနက် ဇန်နဝါရီ ၁၇ ရက်က နိုင်ရဲလင်း(ခ)မိုးဒီ (၁၇ နှစ်)ကို လည်းကောင်း၊ ဇန်နဝါရီ ၁၈ ရက်တွင် ချစ်ရအောင်(ခ) ကိုသက်(၁၄ နှစ်)ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ရဲမင်းဦး(ခ)ထိပ်ကြီးမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းဆီးရမိသူနှစ်ဦးအား အမှုဖွင့်စစ်ဆေးနေပြီး ထွက်ပြေးတိမ်းရှောင်နေသော ရဲမင်းဦး(ခ)ထိပ်ကြီးအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**

# အမျိုးသား၊ အမျိုးသမီးအလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၉ ခုနှစ် တရုတ်နှစ်သစ်ကူးနေ့ အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး အလွတ်တန်းနှင့် အသက် ၂၃ နှစ်အောက် 3×3 ဘတ်စကတ်ဘောပြိုင်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်နာယက ဒေါက်တာဒေါ်နီနီက အမှာစကားပြောကြားပြီး သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပထမနေ့ပွဲစဉ်အဖြစ် အမျိုးသား၊ အမျိုးသမီး အလွတ်တန်းနှင့် အသက်၂၃ နှစ်အောက် 3×3 ဘတ်စကက်ဘောပြိုင်ပွဲများကို ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြသည်။

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်က "တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် ဘတ်စကက်ဘော မကျင်းပတာကြာပါပြီ။ ပထမဆုံးအကြိမ် ပြန်လည်ကျင်းပတာဖြစ်ပါတယ်။ ဒီပြိုင်ပွဲက လက်ရွေးစင် ကစားသမားများ ရွေးချယ်ပြီး အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ 3×3 ဘတ်စကက်ဘောပြိုင်ပွဲ ထည့်သွင်းကျင်းပမှာဖြစ်လို့ ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ကျင်းပတာဖြစ်ပါတယ်" ဟု ပြောသည်။

ပြိုင်ပွဲတွင် အသင်းပေါင်း ၅၀ ပါဝင်ပြီး ကစားသမား ၂၀၀ ခန့် ယှဉ်ပြိုင်ကာ ဇန်နဝါရီ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ခြေစမ်းပွဲတွင် ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၂၆

နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ယူ-၁၉ လက်ရွေးစင် အမျိုးသမီးအသင်းသည် ယနေ့နံနက်ပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက လေးဂိုးပြတ်အနိုင်ရသည်။

လက်ရွေးစင် အမျိုးသမီးအသင်းများဖြစ်သည့် စီနီယာအသင်း၊ ယူ-၁၉ အသင်းနှင့် ယူ-၁၆ အသင်းတို့သည် ခြေစမ်းပွဲများ ပတ်လည်ကစားလျက်ရှိပြီး လက်ရွေးစင်အသင်းသည် ယူ-၁၆ အသင်းနှင့် ကစားပြီးသောကြောင့် ယူ-၁၉ အသင်းနှင့် ထပ်မံခြေစမ်းခဲ့ခြင်းဖြစ်သည်။ ယခုခြေစမ်းပွဲကို ပုံမှန်အတိုင်း ၄၅ မိနစ် နှစ်ပိုင်းခွဲ၍ ယှဉ်ပြိုင်ကစားသည်။ ပွဲအစ လေးမိနစ်တွင် လက်ရွေးစင်အသင်း ဂိုးစရပြီး တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက သွင်းယူသည်။ ဂိုးရပြီးနောက်ပိုင်းတွင် လက်ရွေးစင်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ၂၅ မိနစ်တွင် ခင်မိုးဝေက ဒုတိယဂိုး ထပ်မံသွင်းယူသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးကစားသမားများ အပြောင်းအလဲ ပြုလုပ်ခဲ့သော်လည်း လက်ရွေးစင်အသင်းကသာ ခြေအသာဖြင့် ဆက်လက်ဖိကစားနိုင်ခဲ့သည်။လက်ရွေးစင်အသင်းအတွက် အနိုင်ဂိုးများကို ရီရီဦးက ၅၆၊ ၈၈ မိနစ်တွင် သွင်းယူသည်။

လက်ရွေးစင်အသင်းသည် ယူ-၁၆ အသင်းကို ခုနစ်ဂိုးပြတ်၊ ယူ-၁၉ အသင်းကို လေးဂိုးပြတ်အနိုင်ရပြီး ယူ-၁၉ လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ယူ-၁၆ လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇန်နဝါရီ ၃၀ ရက်တွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

■ *ကျောဖုံးမှ*

မှာလည်း နိုင်ငံခြားသား ကစားသမား သုံးဦးအပါအဝင် လူစုံပွဲထုတ်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲအစ သုံးမိနစ်တွင် ဂူစတာဗို သွင်းယူသည့်ဂိုးဖြင့် အဖွင့်ဂိုးရသော်လည်း ပွဲကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ပထမပိုင်းတစ်ပိုင်းလုံး ခြေအသာမရခဲ့ပေ။

ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄၈ မိနစ်တွင် မေကွန်၊ ၅၅ မိနစ်တွင် ဇင်မင်းထွန်း၊ ၅၉ မိနစ်တွင် ဆွမ်လမန်တို့က သွင်းယူခဲ့သည်။ တန်းတက် ဒဂုံအသင်းမှာလည်း ရှမ်းအသင်းကို အခက်တွေ့အောင် လုပ်နိုင်ခဲ့ပြီး ၇၄ မိနစ်တွင် ဇာမာ၊ ၉၀+၂ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် စိုးမြတ်သူတို့က ချေပဂိုး ပြန်သွင်းခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ပဥ္စမဂိုးကို မိနစ် ၉၀ တွင် ဒွေးကိုကို ချစ်က သွင်းယူသည်။

မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းအသင်းက Southern အသင်းကို ခြောက်ဂိုးပြတ်အနိုင်ရခဲ့သည်။ တိုက်စစ်မှူး ဒိုနယ်က ၄၉၊ ၆၂၊ ၈၂ မိနစ်တွင် ဟက်ထရစ်သွင်းယူပြီး ကျန်ဂိုးများကို ၁၆ မိနစ်တွင် တိုးဆက်နိုင်၊ မိနစ် ၄၀ တွင် ဖရိုင်းဒေးနှင့် ၅၆ မိနစ်တွင် ကျော်စွာမင်းတို့က သွင်းယူသည်။ ဝေဘာလီကွင်း၌ ကျင်းပသည့် ပွဲတွင် ရခိုင်နှင့် ဇွဲကပင်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ပွဲကစားချိန်သုံးမိနစ်တွင် ပက်ထရစ်က ပယ်နယ်တီမှတစ်ဆင့် ဇွဲကပင်အသင်းအတွက် ဂိုးစသွင်းပြီး ရခိုင်အတွက် ချေပဂိုးကို ၅၉ မိနစ်တွင် ဇော်ဇော်နိုင်က သွင်းယူပေးသည်။

ဒုတိယနေ့ကို ဇန်နဝါရီ ၂၇ ရက် (**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗထူးကွင်း၌ ရတနာပုံနှင့် ရန်ကုန်၊ သုဝဏ္ဏကွင်း၌ Chinland နှင့် ရောဝတီ၊ ပဲခူးကွင်း၌ ဟံသာဝတီနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# အက်ဖ်အေဖလား စတုတ္ထအဆင့် မန်ယူတို့ အာဆင်နယ်ကိုနိုင်ပြီး မန်စီးတီးက ဘန်လေကို ဂိုးပြတ်အနိုင်ရ

အင်္ဂလန် အက်ဖ်အေဖလားစတုတ္ထအဆင့် ပြိုင်ပွဲမှ ဇန်နဝါရီ ၂၆ရက် စနေနေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် အာဆင်နယ်နှင့် မန်ယူအသင်းတို့ အမ်းမရိတ်ကွင်း၌ယှဉ်ပြိုင်ခဲ့ရာ မန်ယူအသင်း သုံးဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ပွဲချိန် ၃၁ မိနစ်၌ လူကာကူ၏ ဖန်တီးမှုမှတစ်ဆင့် ဆန်ချက်ဇ်က မန်ယူအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၃၃ မိနစ်တွင် လူကာကူ၏ ထပ်မံဖန်တီးမှုကို လင်ဂတ်က ဒုတိယဂိုးအဖြစ် သွင်းယူခဲ့သည်။ ပွဲချိန် ၄၃ မိနစ်တွင် အာဆင်နယ်အတွက် တစ်လုံးတည်းသော ချေပဂိုးကို အူဘာမီယန်းက သွင်းယူပေးခဲ့သည်။ မန်ယူအတွက် တတိယဂိုးကို မာရှယ်လ် က ပွဲချိန် ၈၂ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲနိုင်ပွဲရခဲ့သည့် မန်ယူအသင်းသည် နည်းပြသစ် ဆိုးရှားလ်၏ ဦးဆောင်မှုတွင် ပြိုင်ပွဲစုံ ရှစ်ပွဲဆက် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အက်ဖ်အေဖလား စတုတ္ထအဆင့် အခြားပွဲစဉ်ရလဒ်များမှ မန်စီးတီးနှင့် ဘန်လေ ပွဲတွင် မန်စီးတီးအသင်း ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မန်စီးတီးအတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်တွင် ဂါဘရီရယ်ဂျီးဆပ်၊ ၅၂ မိနစ်တွင် ဘာနာဒိုဆေးလ်ဗား၊ ၆၁ မိနစ်တွင် ဒီဘရိုင်း၊ ပွဲချိန် ၇၃ မိနစ်တွင် ဘန်လေနောက်တန်းကစား ကီဗင်လောင်း က ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့ပြီး မန်စီးတီးအတွက် နောက်ဆုံးဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် အဂူရိုက ပယ်နယ်တီမှ သွင်းယူပေးခဲ့သည်။ အခြားပွဲများတွင် ဒါဘီက စတန်လေ ကို တစ်ဂိုး-ဂိုးမရှိ၊ ဆွမ်ဆီးက ဂျီလင်ဟမ်ကို လေးဂိုး-တစ်ဂိုး၊ ရှာရီဘူရီနှင့် ဝုလ်တို့က တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့ပြီး ဘရိုက်တန်နှင့် ဝက်စ်ဘရွန်းပွဲတွင်လည်း ဂိုးမရှိ သရေကျခဲ့သည်။ ဝက်ဖို့ဒ်က နယူးကာဆယ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဒွန်ကတ်စတာက အိုဟမ်းကို နှစ်ဂိုး-တစ်ဂိုး၊ မစ်ဒယ်ဘရော့နှင့် နယူးပေါ့တို့က တစ်ဂိုးစီ သရေကျခဲ့ပြီး ပို့စ်မောက်နှင့် ကျူပီအာပွဲတွင်လည်း တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။

**သီဟ**

# အင်းစိန်မြို့နယ်၌ ဖြစ်ပွားခဲ့သော လူသတ်မှုမှ ကျူးလွန်သူကို ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် အောင်ဇေယျအိမ်ရာတွင် ဇန်နဝါရီ ၁၉ ရက် ည ၁၀ နာရီ မိနစ် ၅၀ က လုံခြုံရေးဝန်ထမ်း ဦးလှမောင်ဖေ (၆၂နှစ်)သည် တိုက်(၃)အခန်းအတွင်း လဲကျသေဆုံးနေမှုနှင့် ပတ်သက်၍ အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၊ အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် မသင်္ကာသူများကို စုံစမ်းရာ ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီခွဲခန့်တွင် ယခင်က လုံခြုံရေးဝန်ထမ်း လုပ်ကိုင်ခဲ့ဖူးသည့် ကျော်ကျော်ဆိုသူသည် သေဆုံးသူ ဦးလှမောင်ဖေနှင့် သစ်ကိုင်းများခုတ်ခဲ့ပြီး ထမင်းအတူ စားခဲ့ကြောင်း သိရသဖြင့် ၎င်းကို စုံစမ်းရှာဖွေခဲ့ရာ ဇန်နဝါရီ ၂၁ ရက် ညနေ ၄ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက် မုဒိတာလမ်းနေ ၎င်း၏ ညီမဖြစ်သူနေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

၎င်းအားစစ်ဆေးခဲ့ရာ ကျော်ကျော်(ခ)ဇော်မိုးကျော်သည် လုံခြုံရေးအတူလုပ်ကိုင်ခဲ့ဖူးသည့် ဦးလှမောင်ဖေထံ ငွေကျပ် နှစ်သောင်းချေးရန် ပြောဆိုရာ ဦးလှမောင်ဖေက မချေးနိုင်ကြောင်း ပြောသဖြင့် ကျောက်ရေတ်ကျည်ပွေ့ဖြင့် ဦးခေါင်းကို သုံးချက်ထု၍ နဖူးအား ဓားမဖြင့်ခုတ်ပြီး ဦးလှမောင်ဖေ ဝတ်ဆင်ထားသည့် ရွှေဆွဲကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်း၊ ငွေကျပ် ၁၂၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို ယူဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရွာသာကြီးကျေးရွာ ရွှေကြေးစည်(၁)လမ်းနေသူ ကျော်ကျော်(ခ)ဇော်မိုးကျော် (၂၃ နှစ်)ကို အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ယာဉ်မတော်တဆမှုကြောင့် ၂၀၁၈ ခုနှစ်တွင် လူပေါင်း ၅၁၈၄ ဦး သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၈ ခုနှစ်၌ ယာဉ်မတော်တဆမှုပေါင်း ၁၇၄၅၁ မှု ဖြစ်ပွားခဲ့ပြီး ၅၁၈၄ ဦး သေဆုံးခဲ့ကြောင်းနှင့် ၂၆၇၄၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်မတော်တဆမှုပေါင်း ၂၆၈၄ မှု ဖြစ်ပွားခဲ့ပြီး ၅၉၉ ဦး သေဆုံးခဲ့ကာ ၃၁၆၄ ဦး ဒဏ်ရာရရှိခဲ့သည်။ မန္တလေးတိုင်းဒေသကြီးတွင် ၂၂၄၃မှု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၃၃ မှု၊ မကွေးတိုင်းဒေသကြီးတွင် ၁၆၁၀ မှု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၅၃၉ မှု၊ ရှမ်းပြည်နယ်တွင် ၁၁၈၄ မှု၊ မွန်ပြည်နယ်တွင် ၈၇၅ မှု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၅၈၅မှု၊ ရခိုင်ပြည်နယ်တွင် ၄၂၉ မှု၊ ကချင်ပြည်နယ်တွင် ၄၂၇ မှု၊ ကရင်ပြည်နယ်တွင် ၃၇၄ မှု၊ နေပြည်တော်ပြည်ထောင်စုနယ်မြေတွင် ၃၄၂ မှု ဖြစ်ပွားခဲ့ပြီး ၂၂၇ ဦး သေဆုံးကာ ၃၈၅ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အတူ ချင်းပြည်နယ်တွင် ၁၀၆ မှုနှင့် ကယားပြည်နယ်တွင် ၈၈ မှု ဖြစ်ပွားခဲ့သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်ခုတည်းပေါ်တွင် ဖြစ်ပွားသော ယာဉ်မတော်တဆမှုမှာ ၄၇၄ မှု ရှိပြီး လူပေါင်း ၁၀၄ ဦး သေဆုံးခဲ့ကာ ၈၇၇ ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်ပွားသော ယာဉ်မတော်တဆမှုများကို လေ့လာကြည့်လျှင် အဓိကအားဖြင့် ယာဉ်ကိုပေါ့ဆစွာ မောင်းနှင်ခြင်း၊ အရှိန်လွန်မောင်းနှင်ခြင်း၊ ချွတ်ယွင်းနေသောယာဉ်များ မောင်းနှင်ခြင်းနှင့် ရာသီဥတုဆိုးရွားခြင်းများကြောင့် ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့က ပြောကြားသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်နေ့လျှင် ပျမ်းမျှအားဖြင့် ယာဉ်တိုက်မှု ၄၈ မှု ရှိပြီး ၁၄ ဦး သေဆုံးလျက်ရှိကာ ဒဏ်ရာရရှိသူမှာလည်း ၇၃ ဦးအထိရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လွန်ခဲ့သောနှစ်က ယာဉ်မတော်တဆမှုပေါင်း ၁၈၀၇၁ မှု ဖြစ်ပွားခဲ့ကြောင်းနှင့် ယာဉ်မတော်တစ်ဆမှုများကြောင့် ၅၂၅၀ သေဆုံးခဲ့ပြီး ၂၉၁၄၄ ဦး ဒဏ်ရာရရှိခဲ့သည်။

ယာဉ်မတော်တဆမှုလျော့နည်းစေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဟောပြောပွဲများ ပုံမှန်ပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ ဝေငှပေးခြင်းတို့ကို ပြုလုပ်လျက်ရှိပြီး ယာဉ်ကိုပေါ့ဆစွာ မောင်းနှင်သူများကိုလည်း တရားဥပဒေအရ အရေးယူလျက်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**

## မြန်မာ့ရုပ်မြင်သံကြား

၂၇-၁-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၈:၃၅ - "အိမ်မက်လမ်းသို့ ခရီးရှည်" (ပုတာအို-မဝွေဇ-ခေါင်လန်ဖူးလမ်းပိုင်း) နယ်စပ်ရေးရာဝန်ကြီးဌာန
- ၉:၃၀ - MRTV Travelogue
- ၁၀:၁၀ - Sunday Talk
- ၁၀:၃၀ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁:၀၅ - လှပစုံလင်အာဆီယံတစ်ခွင်
- ၁၁:၃၀ - BBC ခံစားကြည့်
- ၁၂:၃၀ - This Week's Special Interest
- ၁၂:၄၅ - မြန်မာဂန္တဝင်ရုပ်ရှင် "နေခြည်ဖြာမှ နွေးသောကြောင့်"

**ညပိုင်း**

- ၁၅:၁၅ - **MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရတနာပုံ FC အသင်းနှင့် ရန်ကုန်ယူနိုက်တက် FC အသင်း)**
- ၁၈:၄၀ - "ပခန်းကြီးမြို့ဟောင်း (သို့မဟုတ်) ဒုတိယပုဂံ"
- ၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၆၁)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - "သမိုင်းပြတိုက်ထဲက ချစ်စရာပန်းကလေးတို့မြေ"
- - တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ
- - ပြည်သူ့နီတိ"အရွယ်သုံးပါး" (ဇာတ်သိမ်းပိုင်း)

## နောင်ချိုမြို့၊ ကာလိမြို့၊ တာချီလိတ်နှင့် ကျိုင်းတုံမြို့တို့တွင် မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် နံနက် ၁၁ နာရီက နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေး ကားလမ်းပေါ်တွင် လွင်မျိုးဦး မောင်းနှင်ပြီး စောမြင့်ထွန်း လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် ကာလိမြို့ ကုန်းပေါင်းလမ်းရှိ ဒေါ်ပါဆိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၂၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ဇန်နဝါရီ ၂၄ ရက်က တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ကားလေးကွင်းရှေ့ လမ်းဆုံ၌ ကျော်ကျော်ဝင်း မောင်းနှင်ပြီး စိုင်းလုံသန်း လိုက်ပါလာသည့် VIGO အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ ပစ္စတိုတစ်လက်၊ ယင်းကျည် ၁၂ တောင့်၊ ကျည်အိမ်တစ်ခု၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၇ ပြားနှင့် Gas သေနတ် တစ်လက်တို့ကို လည်းကောင်း။

အလားတူ ဇန်နဝါရီ ၂၅ ရက် ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၏ အရှေ့ဘက်ရှိ ကျပို(ခ)ရှဲစိန်၏ လယ်စောင့်တဲကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ လောပို၊ ကျန်သ၊ ကျန(ခ)ပေတရုပ်၊ အားရို၊ နော်မွန်တို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၊ တူမီးသေနတ်တစ်လက်၊ ငွေကျပ် ၇၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဘိုကလေးမြို့၌ မီးလောင်မှုဖြစ်၍ နေအိမ်သုံးလုံး ဆုံးရှုံး

**ဘိုကလေး ဇန်နဝါရီ ၂၆**

ဖျာပုံခရိုင် ဘိုကလေးမြို့ အမှတ်(၇)ရပ်ကွက် (၁၂)လမ်းတွင် ယနေ့နံနက် ၁၁ နာရီခွဲက မီးလောင်မှုဖြစ်၍ နေအိမ်သုံးလုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဘိုကလေးမြို့ အမှတ်(၇)ရပ်ကွက် (၁၂)လမ်းနေ ဟိန်းထက်အောင်(ခ)မိုးညှင်းသူ(ခ)ကျန်ကျောင်း (၁၈ နှစ်)သည် နေအိမ်တွင် အဒေါ်ဖြစ်သူကို အရက်ဖိုးတောင်းရာ မပေးသဖြင့် နေအိမ်ကို မီးရှို့ရာမှ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူများက မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းတည့် ၁၂ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဟိန်းထက်အောင်(ခ)မိုးညှင်းသူ (ခ) ကျန်ကျောင်းကို ဘိုကလေးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဘိုကလေး (မြန်/ဆက်)**

## ဘူးသီးတောင်၌ လူတစ်ဦး သေဆုံးလျက်တွေ့ရှိ

**မောင်တော ဇန်နဝါရီ ၂၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ဇန်နဝါရီ၂၅ ရက် နံနက် ၈ နာရီ မိနစ် ၄၀ က လက်ဝဲဒက်ပုဇွန်ချောင်းကျေးရွာ ချောင်းကမ်းစပ်တွင် လူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်း အကြောင်းကြားချက်အရ တောင်ဘဇာနယ်မြေရဲစခန်းမှူး ရဲအုပ်ထွန်းနိုင် ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အသက် ၄၀ နှစ်ခန့်ရှိ အမျိုးသားအလောင်းကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ယင်းအလောင်း၏ ဝဲဘက်လက်ခုံတွင် သတ္တိ၊ ဝဲဘက်လက်ဖျံတွင် ဇော်ဇင်ဟု ရေးထိုးထားသည့် ဆေးမင်ကို တွေ့ရှိပြီး ပြင်ပဒဏ်ရာများ မတွေ့ရှိရသဖြင့် အလောင်းကို ဘူးသီးတောင် ပြည်သူ့ဆေးရုံတွင် ပို့ဆောင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(မြန်/ဆက်)**

## ဘားအံမြို့နယ်၌ ပရိဘောဂအလုပ်ရုံအတွင်း ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်

ဘားအံ ဇန်နဝါရီ ၂၆

**ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ဇန်နဝါရီ၂၅ ရက် နံနက်ပိုင်းက ပရိဘောဂအလုပ်ရုံ တစ်ရုံအတွင်း တပ်ဆင်အသုံးသည့် မီးပလပ်ခုံကို မပိတ်ဘဲထားခဲ့ရာမှ အပူလွန်ကဲပြီး ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်ခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၅ ရက် နံနက် ၅ နာရီခန့်က ဘားအံမြို့နယ် အိန္ဒုကျေးရွာ မြို့တော်ဦးရပ်ကွက်ရှိ ပရိဘောဂရုံအတွင်း တပ်ဆင်ထားသည့် မီးပလပ်ခုံ အပူလွန်ကဲကာ ဝိုင်ယာရှော့ဖြစ်ပြီး မီးကူးစက်လောင်ခဲ့သဖြင့် အဆောက်အအုံတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်သည့် နေရာသို့ အိန္ဒုနယ်မြေရဲစခန်းမှူး ရဲအုပ် ဇော်မင်းလွင်နှင့် ဒုရဲအုပ် အောင်ကျော်ကို ဦးစီးအဖွဲ့နှင့် အိန္ဒုကျေးရွာ မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မောင်ဟောက်(၅၃ နှစ်)ကို အိန္ဒုနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မင်းသူ(ဘားအံ)**

## မြင်းခြံမြို့ရှိ တော်ဝင်ဆေးရိုးစက် မီးလောင်

**မြင်းခြံ ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့အမှတ်(၁၆)ရပ်ကွက်ရှိ တော်ဝင်ဆေးရိုးစက်တွင် ဇန်နဝါရီ ၂၆ ရက် နံနက် ၁ နာရီက မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆေးရိုးကျပ်တင်ရာမှ မီးစတင်လောင်ခဲ့ပြီး မြေစိုက်အိမ်တစ်လုံး မီးလောင်ခဲ့သည်။ မီးလောင်မှုဖြစ်ရာသို့ မြင်းခြံမီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်နိုင် ဦးစီး၍ မီးငြိမ်းသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ်သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် မြေစိုက်အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ကျပ်ဖိုတာဝန်ခံ ဦးနိုင်ဝင်းထွန်း (ခ) ဦးထင်ကျော်ကို မြင်းခြံမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## ပြင်ဦးလွင်မြို့နယ်၌ တရားမဝင်သစ်ခွဲသားများ သိမ်းဆည်းရမိ

**ပြင်ဦးလွင် ဇန်နဝါရီ ၂၆**

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆) မြို့ရှောင်လမ်းနှင့် ဆင်ခေါင်းလေးလမ်းဆုံ၌ ဇန်နဝါရီလ ပထမပတ်က ပြင်ဦးလွင်မြို့မရဲစခန်းမှ ဒုရဲအုပ် ဝင်းညွှန့်အောင် ဦးစီးသောတပ်ဖွဲ့ဝင်များ၊ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစိတ်နှင့် သစ်တောဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် ယာဉ်မောင်း မျိုးသန်းဦး မောင်းနှင်လာသော YGN 5F/----ဟိုက်အေ့ယာဉ်အား ရပ်တန့်စစ်ဆေးရာ ပိတောက်နှင့် တမလန်း ခွဲသားရွှေဆိုက်စုံ ၃၈ တုံး (၂ ဒသမ ၄၃ တန်ခန့်)ကို သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရွှေပေါက်ကံမြို့သစ်နေသူ ယာဉ်မောင်း မျိုးသန်းဦး (၄၁ နှစ်)(**အောက်ပုံ**)အား အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။

**မြန်မာ့အလင်း**



## ဂျပန်နိုင်ငံတစ်ဝန်း ဆီးနှင်းများ ထူထပ်စွာကျဆင်း

**တိုကျို ဇန်နဝါရီ ၂၆**

ဂျပန်နိုင်ငံ အနှံ့အပြားတွင် လာမည့်ရက် အနည်းငယ်အတွင်း ဆီးနှင်းထူထပ်စွာ ကျဆင်းနိုင်ခြေရှိကြောင်း ဂျပန်မိုးလေဝသအရာရှိများက မကြာသေးမီက ပြောကြားသည်။

အေးသောလေထုသည် ဆီးနှင်းများကို ထူထပ်စွာ ကျဆင်းစေသည့် အကြောင်းတရားတစ်ခုဖြစ်ကြောင်း ၎င်းတို့က ပြောသည်။ ဂျပန်နိုင်ငံ ဂျိုဆုမြို့နှင့် နီအီကာတာစီရင်စုတို့တွင် နှင်းထုသည် ၁ ဒသမ ၃၅ မီတာအထူအထိ ကျရောက်ခဲ့ကြောင်းနှင့် နာဂါနိုစီရင်စုတွင် ၁ ဒသမ ၁၅မီတာအထိ ကျဆင်းခဲ့ကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီက ပြောသည်။

လာမည့် ၂၄ နာရီအတွင်း ဂျပန်နိုင်ငံ အလယ်ပိုင်းနာဂါနိုစီရင်စုတွင် နှင်းထုသည် ၈၀ စင်တီမီတာအထိ ကျရောက်နိုင်ကြောင်းနှင့် နီအီကာတာစီရင်စုတွင် တစ်မီတာအထိ ထပ်မံကျဆင်းနိုင်ကြောင်း မိုးလေဝသအေဂျင်စီက ပြောသည်။ ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် နှင်းထုသည် ၁၀ စင်တီမီတာမှ ၂၀ စင်တီမီတာအထိ ကျရောက်နိုင်ကြောင်း အဆိုပါ အေဂျင်စီက ခန့်မှန်းထားသည်။ တစ်နိုင်ငံလုံးတွင် နှင်းထူထပ်စွာကျဆင်းနိုင်သောကြောင့် ရေခဲများ ဖုံးလွှမ်းနေသော လမ်းများ၊ ဆီးနှင်းပြိုကျမှုများနှင့် တချို့ဆီးနှင်းနှင့် ပတ်သက်သည့် မတော်တဆမှုများ ဖြစ်ပွားနိုင်ကြောင်း ပြည်သူများကို နှိုးဆော်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## မက်ဆီဒိုးနီးယား အမည်ပြောင်းလဲခြင်းကို သမိုင်းဝင်စာချုပ်ဖြင့် ဂရိပါလီမန် အသိအမှတ်ပြု

အေသင် ဇန်နဝါရီ ၂၆

**ဂရိပါလီမန်တွင်သောကြာနေ့က အိမ်နီးချင်း မက်ဆီဒိုးနီးယားနိုင်ငံ၏အမည် ပြောင်းလဲသတ်မှတ်ရေးကို အသိအမှတ်ပြုခဲ့ပြီး သမိုင်းဝင်စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကာ ကမ္ဘာ့အရှည်ကြာဆုံး သံတမန်ရေးရာအရ အငြင်းပွားမှုကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါသမိုင်းဝင် လှုပ်ရှားမှုအတွက် ချီးကျူးမှုများစွာလည်း ခံရသည်။ လူထုကြားတွင် ကန့်ကွက်မှုများပျံ့နှံ့နေသော်လည်း ဂရိပါလီမန်တွင် ပါလီမန် အမတ် ၃၀၀ ရှိသည့်အထဲမှ ၁၅၃ ဦးက မြောက်မက်ဆီဒိုးနီးယားသမ္မတနိုင်ငံအဖြစ် အသိအမှတ်ပြုပေးခဲ့သည်။**

မက်ဆီဒိုးနီးယားအမည်ပြောင်းလဲမှုကို မက်ဆီဒိုးနီးယားရှိ လွှတ်တော်အမတ်များက ဇန်နဝါရီ ၁၁ရက်မှ စတင်ကာ အသိအမှတ်ပြုပေးခဲ့သည်။



ဂရိနိုင်ငံတွင် ပါလီမန်အစည်းအဝေးကျင်းပနေသည်ကို တွေ့ရစဉ်။

၁၉၉၁ ခုနှစ်မှစတင်ကာ ဂရိနိုင်ငံသည် အိမ်နီးချင်း မက်ဆီဒိုးနီးယားနိုင်ငံနှင့် နိုင်ငံအမည် သတ်မှတ်မှုတွင် အငြင်းပွားခဲ့သည်။ ဂရိနိုင်ငံတွင်လည်း မက်ဆီဒိုးနီးယားအမည်ဖြင့် နယ်မြေရှိနေသည့်အတွက် အမည်ချင်းတူနေသည့်အပေါ် ကန့်ကွက်မှုများ ပြုလုပ်ခဲ့သည်။

ကုလသမဂ္ဂက ကမကထ လုပ်ကာ စီစဉ်ထားသည့် နောက်ဆုံး ဆွေးနွေးပွဲတွင် ဂရိနိုင်ငံသည် မက်ဆီဒိုးနီးယားနိုင်ငံ၏ နေတိုးအဖွဲ့ဝင်နိုင်ငံ ဖြစ်လာမှုကို လက်ခံရမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲကို လာမည့်လအတွင်း ပြုလုပ်သွားရန် ရည်ရွယ်ထားသည်။ နေတိုးအဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုရေးအတွက် အရေးပါသည့် နောက်တစ်ဆင့် ဆွေးနွေးမှုကို နွေးထွေးစွာကြိုဆိုပါသည်ဟု အီးယူဥက္ကဋ္ဌ ဂျန်ကလော့ဒ်ဂျန်ကာက ပြောသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ကလည်း အမည်ပြောင်းလဲ သတ်မှတ်ရေးတွင် နှစ်နိုင်ငံသဘောတူညီမှု ရရှိသွားသည့်အတွက် ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။ ယနေ့သည် သမိုင်းဝင်နေ့တစ်နေ့ဖြစ်ကြောင်း ဂရိဝန်ကြီးချုပ် အလက်ဇစ်ဆီးပရက်က ပြောကြားခဲ့သည်။

ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်ကလည်း ဂရိနှင့် မြောက်မက်ဆီဒိုးနီးယားသမ္မတနိုင်ငံတို့သည် မဖြစ်နိုင်သည့်အရာကို လက်တွေ့ဖြစ်လာနိုင်အောင် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## တစ်စိတ်တစ်ပိုင်း ရပ်ဆိုင်းထားရသည့် အမေရိကန်အစိုးရယန္တရား သုံးပတ်ကြာ ပြန်ဖွင့်မည်

ဝါရှင်တန် ဇန်နဝါရီ ၂၆

**အမေရိကန်-မက္ကဆီကို နယ်စပ်လုံခြုံရေး အသုံးစရိတ်ကြောင့် တစ်စိတ်တစ်ပိုင်း ရပ်ဆိုင်းထားရသည့် အစိုးရယန္တရားများကို သုံးပတ်ကြာ ပြန်ဖွင့်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်တွင် ပြောကြားလိုက်သည်။**

အမေရိကန်ပြည်ထောင်စု အစိုးရယန္တရားတစ်စိတ်တစ်ပိုင်း ရပ်ဆိုင်းထားမှုကို အဆုံးသတ်ရန် အမေရိကန်ပါတီကြီး နှစ်ခုကြား မတူညီမှုကို ဘေးဖယ်ပြီးနောက် ရက်သတ္တသုံးပတ်စာ အသုံးစရိတ် ဥပဒေမူကြမ်းကို အောက်လွှတ်တော်က ကန့်ကွက်မဲမရှိ အတည်ပြုခဲ့ကြောင်း သိရသည်။



အိမ်ဖြူတော်နှင်းဆီပန်းခြံတွင် မိန့်ခွန်းပြောကြားနေသော အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်

အမေရိကန်ပြည်သူများ အကျိုးကို ရှေးရှုပြီးနောက် အမေရိကန် ပြည်ထောင်စုကြီးအတွက် ယခုလို အတူတကွ လုပ်ဆောင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း အိမ်ဖြူတော် နှင်းဆီပန်းခြံတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်သမ္မတထရမ့်က ပြောခဲ့သည်။

ဖေဖော်ဝါရီ ၁၅ ရက်အထိ အစိုးရ အသုံးစရိတ် ခွင့်ပြုလိုက်သည့် ဥပဒေကြမ်းတွင် ထရမ့် အဆိုပြုထားသည့် အမေရိကန်-မက္ကဆီကို နယ်စပ်တံတိုင်း ကာရံရေး ရန်ပုံငွေ မပါဝင်သေးကြောင်း သိရသည်။

ထို့အပြင် နယ်စပ်လုံခြုံရေးကို သုံးသပ်ဆန်းစစ်ရန် ပါတီနှစ်ခုလုံး ပါဝင်သည့် ကော်မတီတစ်ရပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ယခုထုတ်ပြန်လိုက်သည့် ကြေညာချက်ကြောင့် ရပ်ဆိုင်းထားရသော အစိုးရယန္တရားများကို ရက်သတ္တသုံးပတ်ကြာ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ အစိုးရဝန်ထမ်း ရှစ်သိန်းကျော်တို့ ၃၅ ရက်ကြာ လုပ်ခလစာမရရှိသည့် အခြေအနေ အဆုံးသတ်မည်လားဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးချေ။

**အေအက်ဖ်ပီ**

## သတင်းထောက်ခါရှော့ဂီသေဆုံးမှု ကုလစုံစမ်းမည်

**ဂျီနီဗာ ဇန်နဝါရီ ၂၆**

သတင်းထောက် ခါရှော့ဂီအသတ်ခံရသည့်ကိစ္စကို ကုလသမဂ္ဂက စုံစမ်းစစ်ဆေးမှုပြုလုပ်တော့မည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းများတွင် မကြာသေးမီက ဖော်ပြသည်။

သတင်းထောက်ခါရှော့ဂီ အမှုစုံစမ်းစစ်ဆေးရန် သီးခြားလွတ်လပ်သည့် နိုင်ငံတကာစုံစမ်းစစ်ဆေးမှုအဖွဲ့အဖြစ် လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူ အက်ဂ်နက်စ် ကယ်လာမာ့ဒ်က ဦးဆောင်ပြီး ရှေ့နေတစ်ဦးအပါအဝင် သိပ္ပံနည်းကျရာဇဝတ်မှုဆိုင်ရာ စစ်ဆေးရေးမှူးတစ်ဦးတို့နှင့်အတူ တူရကီနိုင်ငံကို သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ ဆော်ဒီအစိုးရကို ဝေဖန်သူ သတင်းထောက်ခါရှော့ဂီသည် လွန်ခဲ့သည့်နှစ် အောက်တိုဘာလက တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဆော်ဒီသံရုံးတွင် အသတ်ခံခဲ့ရသည်။ ဆော်ဒီ စုံစမ်းစစ်ဆေးရေးအရာရှိများက ခါရှော့ဂီသေဆုံးမှုနှင့် ပတ်သက်သည့် သံသယဖြစ်ဖွယ်လူ ၁၁ ဦးကို စွဲချက်တင်လိုက်ပြီး ငါးဦးကိုသေဒဏ်ပေးရန် ကြိုးပမ်းခဲ့ကြသော်လည်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက အဆိုပါကိစ္စသည် အငြင်းပွားစရာဖြစ်နေကြောင်း ထောက်ပြခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူ အက်ဂ်နက်စ် ကယ်လာမာ့ဒ်သည် ခါရှော့ဂီသေဆုံးခဲ့မှုနှင့်ပတ်သက်၍ အချက်အလက်များကို လေ့လာသွားမည်ဖြစ်ပြီး ဆော်ဒီအစိုးရနှင့် တူရကီအစိုးရတို့၏ တုံ့ပြန်မှုများအပေါ် အကဲဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းအနေဖြင့် ခါရှော့ဂီအသတ်ခံရသည့် ကိစ္စနှင့်ပတ်သက်သည့် အချက်အလက်များကို ဇွန်လတွင် ကျင်းပမည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီထံ အစီရင်ခံတင်ပြမည်ဖြစ်ကြောင်းလည်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ထိုင်းနိုင်ငံ ရွေးကောက်ပွဲ မတ် ၂၄ ရက်တွင် ကျင်းပမည်

**ဗန်ကောက် ဇန်နဝါရီ ၂၆**

ထိုင်းနိုင်ငံ ရွေးကောက်ပွဲကော်မတီဥက္ကဋ္ဌ အီတီပွန်ဘွန်ပရာကွန်က ထိုင်းနိုင်ငံ၏ ရွေးကောက်ပွဲကို မတ်လ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မကြာသေးမီက ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် အတိအလင်းပြောဆိုခဲ့သည်။

ရွေးကောက်ပွဲရက်သည် နန်းတက်ပွဲကျင်းပမည့်ရက်နှင့် တိုက်ဆိုင်နေမည်စိုးသောကြောင့် ရွေးကောက်ပွဲရက်ကို နန်းတက်ပွဲမတိုင်မီ ကျင်းပရန် ရွေးကောက်ပွဲကော်မတီဥက္ကဋ္ဌက ရက်သတ်မှတ်လိုက်ခြင်းဖြစ်သည်။ နန်းတက်ပွဲမတိုင်မီ ကျင်းပမည့် ရွေးကောက်ပွဲရက်ကို ကြေညာပြီးပြီးချင်းတွင် တော်ဝင်မိသားစုကို ထောက်ခံသူတစ်စုက ရွေးကောက်ပွဲကော်မရှင်ရှေ့တွင် ဆန္ဒပြခဲ့ကြသည်။ တစ်နိုင်ငံလုံးတွင် နိုင်ငံရေးလှုပ်ရှားမှုဆိုင်ရာ တားမြစ်ချက်များကို အစိုးရက လျှော့ပေါ့ပေးလိုက်ပြီးနောက် နိုင်ငံရေးလမ်းကြောင်း ပွင့်လင်းလာသည့် အခြေအနေတွင် ပါတီငယ်များကလည်း ရွေးကောက်ပွဲအတွက် ပြင်ဆင်နေကြောင်း သိရသည်။

ယခုရွေးကောက်ပွဲသည် ထိုင်းနိုင်ငံတွင် တပ်မတော်က ငါးနှစ်နီးပါး အာဏာသိမ်းယူမှုပြုပြီးနောက် ပထမဆုံးအကြိမ် ကျင်းပမည့် ရွေးကောက်ပွဲဖြစ်သလို ယင်လတ်ရှင်နာဝပ်တရာ အစိုးရကို ၂၀၁၄ ခုနှစ်တွင် ဝန်ကြီးချုပ် ပရာယုချန်အိုချာက အာဏာသိမ်းယူလိုက်ပြီးနောက် ကျင်းပမည့် ဒီမိုကရက်တစ် ရွေးကောက်ပွဲလည်းဖြစ်သည်။

**အေအက်ဖ်ပီ**

## အိုင်အင်န်အက်ဖ်စာချုပ် အငြင်းပွားမှုဖြေရှင်းရန် နေတိုးနှင့် ရုရှားတို့ မအောင်မြင်

**မော်စကို ဇန်နဝါရီ ၂၆**

အငြင်းပွားနေသော ရုရှားပဲ့ထိန်းဒုံးကျည်စနစ်သစ်အပေါ်တွင် နေတိုးအဖွဲ့နှင့် ရုရှားတို့ ဆွေးနွေးရန် မအောင်မြင်ခဲ့သည့်အတွက် စစ်အေးကာလ စာချုပ်ဖြစ်သည့် အိုင်အင်န်အက်ဖ်စာချုပ်၏ အနာဂတ်မှာ အန္တရာယ်ရှိနေဆဲဖြစ်သည်။ နေတိုးအဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်များနှင့် ရုရှားသံတမန်များသည် သောကြာနေ့ကတွေ့ဆုံခဲ့ကြသည်။ ၎င်းတို့က ရုရှားနိုင်ငံအနေဖြင့် ရုရှားနှင့် အမေရိကန်တို့ကြားထားရှိသည့် ၁၉၈၇ ခုနှစ်က ချုပ်ဆိုခဲ့သော လက်နက်ထိန်းချုပ်ရေးသဘောတူစာချုပ် (အိုင်အင်န်အက်ဖ်)ကို လိုက်နာရန် တောင်းဆိုခဲ့သည်။

အကယ်၍ ရုရှားနိုင်ငံဘက်မှ ဒုံးကျည်စနစ်များ ဖျက်သိမ်းခြင်းမပြုပါက စာချုပ်ပါအချက်ကို ဖောက်ဖျက်ရာရောက်ပြီး ယခုအတိုင်း ဆက်လက်လုပ်ဆောင်နေပါက ယခင်ချုပ်ဆိုထားသည့်စာချုပ်မှ နုတ်ထွက်မည်ဟု အမေရိကန်က ပြောခဲ့သည်။ နေတိုးအထွေထွေအတွင်းရေးမှူးချုပ် ဗိုလ်ချုပ် ဂျင်းစတိုတန်ဘာ့ဂ်ျက သတင်းစာရှင်းလင်းပွဲတွင် ရုရှားဘက်မှ ညှိနှိုင်းမှုဆောင်ရွက်ရန် ဆန္ဒရှိပုံမရဟု ပြောကြားခဲ့သည်။ ထို့ပြင် ယခုဒုံးကျည်စနစ်အသစ်မှာ နျူကလီးယားထိပ်ဖူးကို သယ်ဆောင်သွားနိုင်ပြီး ဥရောပကို ခြိမ်းခြောက်သွားနိုင်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဘရာဇီးနိုင်ငံတွင် သတ္တုတွင်းဆည်ကျိုးပေါက်မှုကြောင့် ခုနစ်ဦးထက်မနည်းသေဆုံး

**ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၂၆**
ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်းတွင် သောကြာနေ့က သတ္တုတွင်းဆည်တစ်ခု ကျိုးပေါက်ခဲ့ပြီးနောက် ကိုးဦးထက် မနည်း သေဆုံးခဲ့ပြီး ရာပေါင်းများစွာ ပျောက်ဆုံးနေခဲ့ကြောင်း ဘရာဇီးအာဏာပိုင်များက ပြောသည်။

မိုင်းနပ်ဂီရေစ့်ပြည်နယ် ဘရူမာဒင်ဟိုမြို့တွင် ရွှံ့များ ဖုံးလွှမ်းနေခဲ့ပြီး ကယ်ဆယ်ရေး လုပ်ငန်းများလည်း ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ လူပေါင်း ၂၀၀ နီးပါးခန့်မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း မီးသတ်သမားများက ပြောသည်။ ရွှံ့နွံများ ဆက်လက်စီးဆင်းနေမှုကြောင့် လူများကို ထိုနေရာမှ အဝေးသို့ ထွက်ခွာသွားကြရန် သတိပေးလျက်ရှိသည်။ အဆိုပါ ဆည်ကို ဘရာဇီးမိုင်းကုမ္ပဏီဖြစ်သည့် Vale SA ကုမ္ပဏီကတည်ဆောက်ထားခြင်းဖြစ်ပြီး အလုပ်သမား ၄၀၀ ခန့် အဆိုပါ သတ္တုတွင်းတွင် အလုပ်လုပ်ကိုင်နေကြကြောင်း၊ အဆိုပါ ဆည်ကျိုးပေါက်မှုဖြစ်ပွားခဲ့ပြီးနောက် လူပေါင်း၁၅၀ ခန့် အဆက်အသွယ် ပြတ်တောက်သွားကြောင်း ယင်းကုမ္ပဏီက ပြောသည်။ အလားတူ ယင်းကုမ္ပဏီမှ ထိန်းချုပ်သော အခြားဆည်တစ်ခုမှာလည်း ၂၀၁၅ ခုနှစ်က ကျိုးပေါက်မှုဖြစ်ပွားခဲ့ရာ လူ ၁၉ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ ကြိုတင်ကာကွယ်မှုများ မပြုလုပ်ရသေးမီ နောက်ထပ် ဆည်တစ်ခု ထပ်မံကျိုးပေါက်ခဲ့သည့်အတွက် နောင်တရမိကြောင်း အဆိုပါ ကုမ္ပဏီမှ ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

### နစ်ဆန်နှင့် ရေးနော့တို့ ပူးပေါင်းရာတွင် ချောမွေ့စေရေး အာဘေးနှင့် မက်ခရွန်တို့ မျှော်လင့်

**တိုကျို ဇန်နဝါရီ ၂၆**
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ပြင်သစ် သမ္မတအီမန်နျူရယ် မက်ခရွန်တို့သည် နစ်ဆန်နှင့် ရေးနော့ ကားကုမ္ပဏီတို့ကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားနိုင်ရေး မျှော်လင့်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဂျပန်ဝန်ကြီးချုပ် မစ္စတာအာဘေးက ပြင်သစ်သမ္မတထံ သောကြာနေ့က ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များက အတူတကွ ရင်းနှီးစွာ ဆက်လက်လုပ်ဆောင်နိုင်ရေး သဘောတူခဲ့ကြသည်။

၎င်းတို့၏ ဆွေးနွေးမှုသည် ပြင်သစ်ကားကုမ္ပဏီက ကားလို့စ်ဂုန် ၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ရာထူးမှ နုတ်ထွက်မှုကို လက်ခံခဲ့ပြီး ရေးနော့ ကားကုမ္ပဏီ ဥက္ကဋ္ဌအဖြစ် ဂျင်းဒေါမနစ် ဆန်ဒရာကို အမည်တင်သွင်းခဲ့ပြီးနောက် ပြုလုပ်ခဲ့သော ဆွေးနွေးမှုဖြစ်သည်။ မစ္စတာအာဘေးက ရေးနော့နှင့် နစ်ဆန် တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် ပြင်သစ်နှင့် ဂျပန်တို့၏ စီးပွားရေးလုပ်ငန်းများကြား ပူးပေါင်းဆောင်ရွက်မှု ပြယုဂ်တစ်ခုပင် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် အိုဆာကာမြို့၌ ပြုလုပ်မည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး တွင်လည်း လွတ်လပ်စွာ ကုန်သွယ်ရေးကို မြှင့်တင်သွားမည်ဖြစ်ကြောင်း မစ္စတာအာဘေးက ပြောသည်။ ဂျပန်ဝန်ကြီးချုပ်သည် ဂျပန်နိုင်ငံကို ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လက်ဦးမှုရယူစေလိုသည်။ **အင်န်အိတ်ချ်ကေ**

# အစုလိုက်ရွှေ့ပြောင်းနေထိုင်သူတွေအတွက် မက္ကဆီကိုနိုင်ငံက ဆွဲဆောင်မှုတစ်ခုဖြစ်လာ

**ခြူးစန္ဒီနွေး**

**အမေရိကန်ဆီကို ဦးတည်လာတဲ့ ဗဟိုအမေရိကက ရွှေ့ပြောင်းနေထိုင်သူတွေကြောင့် အမေရိကန်အနေနဲ့ စိတ်သောကရောက်နေရချိန်မှာ အိမ်နီးချင်းမက္ကဆီကို နိုင်ငံကတော့ တစ်မူထူးခြားပါတယ်။ မက္ကဆီကိုသမ္မတသစ်ဟာ ဆင်းရဲမွဲတေမှုနဲ့ အကြမ်းဖက်ခံရမှုတွေကြောင့် ဗဟိုအမေရိကကနေ ထွက်ပြေးလာကြတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကို မက္ကဆီကိုမှာပဲ နေထိုင်ပြီး အလုပ်လုပ်ကိုင်ဖို့အတွက် တိုက်တွန်းမှုတွေ ပြုလုပ်လာခဲ့ပါတယ်။**



မက္ကဆီကိုနိုင်ငံအတွင်း ရောက်ရှိနေသော ရွှေ့ပြောင်းနေထိုင်သူများ ကြံများတင်ဆောင်လာသည့်ကားတွင် ခို၍လိုက်ပါလာသည်ကို တွေ့ရစဉ်။

### ဆွဲဆောင်မှုတစ်ရပ်ဖြစ်လာ

ဗီဇာနဲ့ အလုပ်လုပ်ကိုင်ခွင့်ရရှိမှု လွယ်ကူအောင် လုပ်ဆောင်ပေးလျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်မယ့် စီမံကိန်းတွေကို အကောင်အထည်ဖော်ဖို့အတွက်လည်း လုပ်ဆောင်နေပါတယ်။ မက္ကဆီကို သမ္မတ အန်းဒရက်စ် မန်နျူရယ်လီယိုပက်ဇ် အော်ဘရာဒေါရဲ့လက်ရှိမူဝါဒကတော့ ရွှေ့ပြောင်းနေထိုင်သူတွေအပေါ် ဆွဲဆောင်မှုတစ်ရပ်ဖြစ်လို့နေပါတယ်။

လက်ရှိအခြေအနေအရ အမေရိကန်နိုင်ငံထဲကို ဝင်ရောက်ဖို့မဖြစ်နိုင်တဲ့အချိန် သမ္မတဒေါ်နယ်ထရမ့်က လူဝင်မှုကြီးကြပ်ရေးမှာ တင်းကျပ်မှုတွေ ပြုလုပ်နေတဲ့အချိန်၊ ရွှေ့ပြောင်းနေထိုင်သူတွေအပေါ် မကောင်းမြင်နေတဲ့အချိန်မျိုးမှာ မက္ကဆီကိုသမ္မတရဲ့မူဝါဒတွေဟာ ရွှေ့ပြောင်းနေထိုင်သူတွေအပေါ် ဆွဲဆောင်မှုတစ်ရပ် ဖြစ်လာခဲ့ပါတယ်။

### ဖိအားတွေဖြစ်လာစေနိုင်

မက္ကဆီကိုနိုင်ငံကို ဦးတည်နေတဲ့ ဗဟိုအမေရိကက ရွှေ့ပြောင်းနေထိုင်သူ လူဦးရေဟာ ၁၂၀၀၀ ခန့်ရှိနေပြီး အဲဒီအထဲက အများစုဟာ အမေရိကန်ကို ဆက်မသွားလိုဘဲ မက္ကဆီကိုနိုင်ငံအတွင်းမှာပဲ နေထိုင်လိုကြပါတယ်။ မက္ကဆီကိုသမ္မတသစ်ရဲ့ ရွှေ့ပြောင်းနေထိုင်သူတွေအပေါ်မှာထားတဲ့ရက်ရောမှုဟာ သူပေးထားတဲ့ ကတိဖြစ်တဲ့ နယ်စပ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကနေကာကွယ်ပေးဖို့၊ မညီမျှမှုတွေကို လျှော့ချပေးဖို့ အစရှိတဲ့ ကတိတွေနဲ့တစ်ထပ်တည်း ကျနေပါတယ်။ မက္ကဆီကိုသမ္မတရဲ့မူဝါဒဟာ မက္ကဆီကို-အမေရိကန်နယ်စပ်ကို ဖိအားတွေ ဖြစ်လာစေနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ အုပ်စုလိုက်ရွှေ့ပြောင်းနေထိုင်သူတွေဟာ နောက်ဆုံးမှာတော့ အမေရိကန်နိုင်ငံထဲကို ဝင်ရောက်နိုင်ဖို့အရေးကိုပဲ ဦးတည်ကြလို့ပါ။

### ဆုံးဖြတ်ချက်ချ

အစုလိုက် ရွှေ့ပြောင်းနေထိုင်ကြသူတွေ ပြောကြတာကတော့ မက္ကဆီကိုသမ္မတရဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဗီဇာထုတ်ပေးမယ်ဆိုတဲ့စကားရယ် အဲဒီဗီဇာနဲ့ မက္ကဆီကိုနိုင်ငံအတွင်းမှာ တရားဝင်သွားလာနိုင်မယ်၊ အလုပ်လုပ်ကိုင်နိုင်မယ်ဆိုတာ သိရှိပြီးတဲ့နောက်မှာတော့ မူရင်းဇာတိကနေ ရွှေ့ပြောင်းဖို့ ဆုံးဖြတ်ချက်ချလိုက်ကြတယ်လို့ ပြောကြပါတယ်။ ဂွါတီမာလာက ရွှေ့ပြောင်းလာတဲ့ ကျောင်းဆရာတစ်ဦးဖြစ်သူ ကားလို့စ်ဒီဗယ်လီကတော့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဗီဇာထုတ်ပေးနေတယ်ဆိုတဲ့ သတင်းစကားအရ ဗီဇာလျှောက်ဖို့အတွက် မက္ကဆီကိုနဲ့ ဂွါတီမာလာနယ်စပ်ကို လာခဲ့တာပါလို့ ပြောပါတယ်။ ဘာလို့လဲဆိုတော့ နောက်ပိုင်းဆိုရင် ကျွန်တော်တို့ အမေရိကန်နိုင်ငံထဲကို ဝင်ရောက်ဖို့ အခွင့်အရေး ရကောင်းရနိုင်တယ်လေလို့ သူက ဆက်ပြောပါတယ်။

### မူဝါဒအသစ်

ပြီးခဲ့တဲ့ကြာသပတေးနေ့မှာတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အနောက်တောင်ပိုင်းနယ်စပ်ကိုရောက်လာတဲ့ ခိုလှုံသူအဖြစ် လျှောက်ထားသူအများစုကို မက္ကဆီကိုနိုင်ငံဆီ ပြန်ပို့မယ့် မူဝါဒအသစ်တစ်ရပ်ကို မိတ်ဆက်ခဲ့ပါတယ်။ အဲဒီမူဝါဒအောက်မှာ ခိုလှုံသူအဖြစ် လျှောက်ထားသူတွေဟာ မက္ကဆီကိုနိုင်ငံအတွင်းမှာပဲ ဆုံးဖြတ်ချက်ကိုစောင့်ဆိုင်းရမှာဖြစ်ပြီး ဗဟိုအမေရိကက ရွှေ့ပြောင်းနေထိုင်သူတွေဟာ အမေရိကန်ပြည်ထောင်စုအတွင်း ဝင်ရောက်ဖို့ စိတ်ကူးကို လက်လျှော့သွားဖို့ ရည်ရွယ်ထားတဲ့ မူဝါဒလည်းဖြစ်တယ်။

### ဗီဇာလျှောက်ကြ

လက်ရှိဗဟိုအမေရိကကနေ ထွက်ခွာလာတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကတော့ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၄ ရက်ကပဲ ဟွန်ဒူးရပ်စ်နိုင်ငံ ဆန်ပီဒရို ဆူလာမြို့ကနေ ထွက်ခွာလာခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းနေ့ရက်တွေမှာတော့ ဂွါတီမာလာ -မက္ကဆီကိုနယ်စပ်ကို ရောက်ရှိလာခဲ့ပါတယ်။ မက္ကဆီကိုအာဏာပိုင်တွေကတော့ ရောက်ရှိလာတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဗီဇာလျှောက်ထားဖို့ တိုက်တွန်းကြပါတယ်။ အဲဒီအချိန်ကစလို့ ဟွန်ဒူးရပ်စ်နိုင်ငံက အများစုပါဝင်တဲ့လူပေါင်း ၁၂၀၀၀ ခန့်ဟာ မက္ကဆီကိုနိုင်ငံတောင်ပိုင်း နယ်စပ်မြို့မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဗီဇာလျှောက်ထားခဲ့ပါတယ်။ အဲဒီထဲကတချို့ကတော့ အမေရိကန်ကို ဆက်မသွားလိုတော့ဘဲ မက္ကဆီကိုမှာပဲ အစိုးရက စီစဉ်ပေးတဲ့အလုပ်တွေမှာ လုပ်ကိုင်လိုကြပါတယ်။

ဒါပေမယ့်တချို့ကတော့ ဒီဗီဇာကို အသုံးပြုပြီး မက္ကဆီကိုနိုင်ငံအတွင်း လွတ်လွတ်လပ်လပ်သွားလာခွင့်ရဖို့ ရည်ရွယ်ပြီး မက္ကဆီကို နိုင်ငံမြောက်ပိုင်းနယ်စပ်အထိ လုံခြုံစိတ်ချစွာ ခရီးသွားနိုင်ဖို့ ရည်ရွယ်စိတ်ကူးထားကြတာပါ။ အဲဒီကမှတစ်ဆင့် အမေရိကန်နိုင်ငံအတွင်းကို ဝင်ရောက်ကြမယ်လို့ တွေးထားကြပါတယ်။

### ထရမ့်၏အပြစ်တင်မှု

အမေရိကန်သမ္မတထရမ့်ကတော့ ဗဟိုအမေရိကနိုင်ငံတွေနဲ့ မက္ကဆီကိုတို့ကို အစုလိုက်ပြောင်းရွှေ့နေထိုင်ကြသူတွေကို မတားဆီးနိုင်တဲ့အတွက် ပြင်းပြင်းထန်ထန် အပြစ်တင်ခဲ့ပါတယ်။ သမ္မတထရမ့်ကတော့ ဒီအစုလိုက် ရွှေ့ပြောင်းကြသူတွေကို အမေရိကန်ရဲ့လုံခြုံရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကို ခြိမ်းခြောက်နေကြတဲ့ ကျူးကျော်ကြသူတွေလို့ မြင်ပါတယ်။ ရွှေ့ပြောင်းအခြေချနေထိုင်သူအများစုကတော့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဗီဇာကိုလျှောက်ထားကြဖို့ ရွေးချယ်ခဲ့ကြပါတယ်။

ဇန်နဝါရီ ၁၈ ရက်မှာတော့ ၁၅၀၀ ခန့် ပါဝင်တဲ့လူစုဟာ စီဒတ်ဟတ်ဒ်ဒိုကို စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်ကြပါတယ်။ မက္ကဆီကိုနယ်စပ်အရာရှိတွေဟာ အဲဒီအုပ်စုကို ရပ်တန့်ဖို့ မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ အဲဒီအုပ်စုထဲက လူရာပေါင်းများစွာဟာ မက္ကဆီကိုနိုင်ငံ မြောက်ပိုင်းနယ်စပ်ကို အတားအဆီးမဲ့ ဆက်လက်လျှောက်လှမ်းခဲ့ကြပါတယ်။ ရွှေ့ပြောင်းသွားလာသူအုပ်စု အရေအတွက် များလာတာနဲ့အမျှ မက္ကဆီကိုမှာပဲ နေထိုင်နေခဲ့ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။

### အလုပ်အကိုင်အတွက်ရည်ရွယ်

ဟွန်ဒူးရပ်စ်က အသက် ၂၇ နှစ်အရွယ် ဗားဂတ်ကတော့ သူ့အနေနဲ့ အလုပ်အကိုင်ရဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ နယ်စပ်ကို ဖြတ်ကျော်ခဲ့တာပါလို့ ပြောခဲ့ပါတယ်။ ဒီလိုအစုလိုက် ရွှေ့ပြောင်းမှုတွေရဲ့ အဓိကအကြောင်းပြချက်ကတော့ အလုပ်အကိုင်အခွင့်အလမ်း မရှိလို့ပါပဲ။

မက္ကဆီကိုသမ္မတကတော့ မက္ကဆီကိုနိုင်ငံတောင်ပိုင်းနဲ့ဗဟိုအမေရိကနိုင်ငံတွေမှာ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒေါ်လာ ၃၀ ဘီလီယံနဲ့အတူ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်လာအောင် အလေးထားလျက်ရှိပါတယ်။ အသက် ၃၀ အရွယ် ဟွန်ဒူးရပ်စ်နိုင်ငံသား ဖရန့်ကလင်း ကာဘယ်လီရိုကတော့ သူဟာ အမေရိကန်နိုင်ငံအတွင်းမှာ အထောက်အထားမရှိဘဲ ခြောက်နှစ်ခန့် နေထိုင်ခဲ့တယ်လို့ ပြောပါတယ်။

ဒါပေမယ့် လိုင်စင်မရှိဘဲ ကားမောင်းတဲ့အတွက် နေရပ်ပြန်ပို့ခံရပြီး အခုလူစုလူဝေးနဲ့ ရွှေ့ပြောင်းကြသူတွေထဲမှာ ပါလာပြန်ပါတယ်။ သူ့ရဲ့ရည်ရွယ်ချက်ကတော့ အမေရိကန်နိုင်ငံအတွင်း နောက်တစ်ကြိမ် ပြန်ဝင်ရောက်ခွင့်ရဖို့ပါပဲ။ သူဟာလည်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဗီဇာရရှိနိုင်ဖို့ စောင့်ဆိုင်းနေတဲ့ လူအုပ်ထဲက တစ်ယောက်ဖြစ်ပြီး ဗီဇာရရင် မက္ကဆီကိုမြောက်ပိုင်းနယ်စပ် လူမှောင်ခိုသမားတွေကနေတစ်ဆင့် အမေရိကန်နိုင်ငံထဲကို ခိုးဝင်မယ်လို့ စီစဉ်ထားပါတယ်။

### အလုပ်ရှာဖို့အဓိက

ဒါပေမယ့် တချို့ကလည်း အမေရိကန်အထိ ဦးတည်သွားမယ့် မူလရည်ရွယ်ချက်ကို စွန့်လွှတ်ပြီး မက္ကဆီကိုမှာပဲ အလုပ်ရှာပြီး လုပ်ကိုင်ဖို့ စိတ်ကူးကြတာလည်းရှိပါတယ်။ ဂွါတီမာလာက ရွှေ့ပြောင်းနေထိုင်သူအသက် ၅၀ အရွယ် အန်နာဘယ်လာ လိုပက်ဇ်ကတော့ "ကျွန်မတို့ရဲ့ အဓိကရည်ရွယ်ချက်က အလုပ်ရှာဖို့ပါပဲ။ အခုဆိုရင် အမေရိကန်ကို သွားဖို့ဆိုတာ အလွန်ကို ခက်ခဲသွားပါပြီ"လို့ သူက ဆက်ပြောပါတယ်။

မက္ကဆီကိုနိုင်ငံကို အသစ်ရောက်လာတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကို မက္ကဆီကိုအစိုးရက ဘယ်လိုမျိုး အထောက်အပံ့တွေ ပေးသွားမှာလဲ၊ ဒီလောက်လူအများကြီးကို မက္ကဆီကိုနိုင်ငံဟာ အဆင်ပြေပါ့မလားလို့ မစ္စလိုပက်ဇ်က သူ့စိတ်ကူးထဲက အတွေးကို ပြောပြခဲ့ပါတယ်။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

**"ဂွါတီမာလာက ရွှေ့ပြောင်းလာတဲ့ ကျောင်းဆရာတစ်ဦးဖြစ်သူ ကားလို့စ်ဒီဗယ်လီကတော့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဗီဇာ ထုတ်ပေးနေတယ်ဆိုတဲ့ သတင်းစကားအရ ဗီဇာလျှောက်ဖို့အတွက် မက္ကဆီကိုနဲ့ ဂွါတီမာလာနယ်စပ်ကို လာခဲ့တာပါလို့ ပြောပါတယ်။ ဘာလို့လဲဆိုတော့ နောက်ပိုင်းဆိုရင် ကျွန်တော်တို့ အမေရိကန်နိုင်ငံထဲကို ဝင်ရောက်ဖို့ အခွင့်အရေးရကောင်း ရနိုင်တယ်လေလို့ သူက ဆက်ပြောပါတယ်"**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပံ့သည့် ဆန်နှင့်ဆီများကို တီးတိန်မြို့မှ ဆင်းရဲနွမ်းပါးသောမိသားစုများထံသို့ ပေးအပ်

**တီးတိန် ဇန်နဝါရီ ၂၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထောက်ပံ့ပေးအပ်သော ဆန်အိတ် ၁၀၀ နှင့် ဆီပိဿာ ၁၀၀ တို့ကို ချင်းပြည်နယ် တီးတိန်မြို့ရှိ ဆင်းရဲနွမ်းပါးသော မိသားစု ၂၀၀ ထံသို့ ဇန်နဝါရီ ၂၅ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တီးတိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည့် ဆန်နှင့် ဆီများ ထောက်ပံ့ပေးအပ်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မောင်မောင်က ရပ်ကွက်အလိုက် ဆန်နှင့် ဆီများ ထောက်ပံ့ပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီးနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပံ့ထားသည့် ဆန်အိတ် ၁၀၀ နှင့် ဆီပိဿာ ၁၀၀ တို့ကို တီးတိန်မြို့ မြို့ပေါ်ရပ်ကွက်လေးခုမှ ဆင်းရဲနွမ်းပါးသော မိသားစု ၂၀၀ ထံသို့ တာဝန်ရှိသူများက ခွဲဝေပေးအပ်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကယားပြည်နယ်အတွင်း သတ္တုတူးဖော်ရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်အား ကုမ္ပဏီတာဝန်ရှိသူများ တင်ပြ

**လွိုင်ကော် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံရှိ ရွှေနှင့်ကြေးနီသတ္တုများကို ညွှန်ကြားချက်၊ ကျင့်ဝတ်နှင့်အညီ ရှာဖွေဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် ဩစတြေးလျနိုင်ငံမှ Fortuna သတ္တုကုမ္ပဏီသည် ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာနှင့် စူးစမ်းရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လိုသဖြင့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား ဇန်နဝါရီ ၂၄ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး၌ လာရောက်တွေ့ဆုံ တင်ပြခဲ့သည်။

တွေ့ဆုံရာတွင် သတ္တုကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ကုမ္ပဏီသည် ၂၀၁၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံတွင် အဓိကလုပ်ကိုင်နေသည့် ကုမ္ပဏီဖြစ်ကြောင်း၊ ဩစတြေးလျ၊ ထိုင်းနှင့် စင်ကာပူနိုင်ငံများတွင်လည်း ရုံးခွဲများဖွင့်လှစ်ထားကြောင်း၊ ကုမ္ပဏီအနေဖြင့် ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့၌ ကြေးနီ၊ ရွှေ၊ ငွေနှင့် သတ္တုများ စမ်းသပ်တူးဖော်လိုပါကြောင်း၊ ကယားပြည်နယ်မှ မော်ချီးသတ္တုတွင်းနှင့်ပတ်သက်၍ အဓိကအားဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဆင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကယားပြည်နယ်အစိုးရနှင့်လည်း တွေ့ဆုံတင်ပြညှိနှိုင်းရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ကုမ္ပဏီအနေဖြင့် ဖားဆောင်းမြို့နယ်နှင့် မော်ချီးဒေသတွင်ရှိသော ဧက ၈၀၀၀ ရှိ လုပ်ကွက်ကို အဆိုပြုတင်ပြလိုကြောင်း၊ ဆောင်ရွက်ခွင့်ရရှိပါက အဆင့်(၇)ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် အချိန် ခုနစ်နှစ်၊ ရှစ်နှစ်ခန့်ကြာမည်ဖြစ်ပြီး ဒေါ်လာသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံရန် လျာထားကြောင်း၊ ကုမ္ပဏီအနေဖြင့် လုပ်ကိုင်ခွင့်ရရှိခဲ့ပါက အစိုးရအတွက် အခွန်ရရှိသလို ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် လုပ်ကွက်စမ်းသပ်ဖော်ထုတ်မှုတွင် ဒေသခံများနှင့် ညှိနှိုင်းကာ နိုင်ငံတကာအဆင့်မီ လုပ်ကိုင်သွားမည်ဖြစ်ကြောင်းကိုလည်း ကုမ္ပဏီတာဝန်ရှိသူက တင်ပြဆွေးနွေးခဲ့သည်။



ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုအား သတ္တုကုမ္ပဏီ တာဝန်ရှိသူများက လုပ်ကွက်အဆိုပြု တင်ပြဆွေးနွေးစဉ်။

ကုမ္ပဏီမှအဆိုပြုတင်ပြသည့် မြေဧက ရှစ်သောင်းကျော်နှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများအား ဆွေးနွေးစေခဲ့ရာ သတ္တုတွင်း ဒုတိယညွှန်ကြားရေးမှူး ဦးမောင်အေးက ကုမ္ပဏီက လျှောက်ထားသည့်မြေပေါ်တွင် အခြားကုမ္ပဏီတစ်ခုက လျှောက်ထားသည့် မြေနေရာနှင့် ဧက ၂၀၀၀ ခန့် ထပ်လျက်ရှိကြောင်း၊ အဆိုပြုတင်ပြထားသည့် မြေများအနက် ဧကဘယ်လောက်အထိ ခွင့်ပြုချထားပေးမည်ကို သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ညှိနှိုင်းရမည်ဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် ဒေသခံပြည်သူများနှင့် ကနဦးတွေ့ဆုံပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့်ပါ တွေ့ဆုံရန် လိုအပ်ကြောင်း တင်ပြသည်။

ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူးကလည်း ယခုအဆိုပြုလျှောက်ထားသည့်မြေသည် သစ်တောကြိုးပြင်ကာကွယ်တောအတွင်း ပါရှိသည့်အတွက် ကွင်းဆင်းစိစစ်ရန်လိုအပ်ကြောင်း၊ ဧကရှစ်သောင်းကျော် အဆိုပြုသည့်အတွက် တစ်ပြိုင်တည်း ကွင်းဆင်းစစ်ဆေးရန် အခက်အခဲများစွာရှိနိုင်၍ ကုမ္ပဏီအနေဖြင့် အကောင်အထည်ဖော်လိုသည့် လုပ်ကွက်တစ်ခုချင်းစီကိုသာ အဆင့်ဆင့် ဆောင်ရွက်ပါက ပိုမိုသင့်လျော်မည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ကုမ္ပဏီ တာဝန်ရှိသူကလည်း အဆိုပြုတင်ပြထားသည့် ဧကရှစ်သောင်းကျော်တွင် ချောင်းသဲနမူနာ (Stream sediment sampling)ကို နှစ်လဝန်းကျင် ကောက်ယူပြီးပါက မလိုအပ်သောဧရိယာများကို လျှော့ချသည့်အနေဖြင့် ပြန်လည်အပ်နှံမည်ဖြစ်ပါကြောင်း၊ အခြားလုပ်ငန်းရှင်များလျှောက်ထားသည့် လုပ်ကွက်ထပ်နေသော ဧက ၂၀၀၀ ခန့်ကိုလည်း လျှော့ချပေးမည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကုမ္ပဏီအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လိုသည့် လုပ်ကွက်ကို ပြန်လည်တင်ပြရန်နှင့် စိစစ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ကွင်းဆင်းဆောင်ရွက်မည့် အစီအမံကို ပြန်လည်တင်ပြရန်နှင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မော်ချီးဒေသရှိ လုပ်ကွက်များကိုစိစစ်ပြီး လုပ်ငန်း အကောင်အထည်မဖော်နိုင်သည့် လုပ်ကွက်များကို ပြန်လည်တင်ပြရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

**ထွန်းလေး**

## တိုက်ပွဲရှောင်စခန်းများသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့်အဖွဲ့က ထောက်ပံ့လှူဒါန်း

**မြစ်ကြီးနား ဇန်နဝါရီ ၂၆**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၏ဇနီး ဒေါက်တာဒေါ်ဂျေကော့ဘူနှင့် အဖွဲ့သည် မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအုပ်စု ငွေပျော်စံပြကျေးရွာသို့ ပြောင်းရွှေ့ရောက်ရှိလာကြသည့် တိုက်ပွဲရှောင်စခန်းမှ ပြည်သူများအား ဆန်နှင့် ထောက်ပံ့ပစ္စည်းများကို ဇန်နဝါရီ ၂၄ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းပွဲတွင် ဒေါက်တာဒေါ်ဂျေကော့ဘူနှင့် အဖွဲ့က တိုက်ပွဲရှောင်စခန်းနေပြည်သူများအား တွေ့ဆုံနှုတ်ဆက်ပြီးနောက် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်များမှ ပြောင်းရွှေ့ရောက်ရှိလာကြသည့် အိမ်ထောင်စု ၁၈ စုမှ လူဦးရေ ၉၉ ဦးအတွက် ငွေကျပ် ၂၆ သိန်း တန်ဖိုးရှိ ဆန် ၂၈ အိတ်၊ ကယ်ဆယ်ရေးပစ္စည်းစုံ ၁၇ မျိုး၊ အိမ်သုံးပစ္စည်းမျိုးစုံ၊ ကျောင်းသုံးပစ္စည်းမျိုးစုံနှင့် ကျန်းမာရေးသုံးပစ္စည်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါ ရွှေ့ပြောင်းလာကြသူများမှာ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများမှဖြစ်ပြီး တိုက်ပွဲရှောင်စခန်းခြောက်ခုတွင် ရောက်ရှိနေထိုင်နေကြရာမှ ငွေပျော်စံပြကျေးရွာသို့ ပြောင်းရွှေ့ရောက်ရှိလာကြသူများဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## လူမှုရေးပညာပေးသင်တန်းနှင့် လူမှုရေးရာ အသိပညာပေးဆွေးနွေးပွဲ ဟားခါးမြို့၌ကျင်းပ

**ဟားခါး ဇန်နဝါရီ ၂၆**

ပြည်သူတိုင်း အခြေခံလူ့အခွင့်အရေးများရရှိရေးနှင့် ဂုဏ်သိက္ခာအပြည့်အဝရရှိနိုင်မည့် လူမှုအသိုက်အဝန်းတစ်ရပ် ပေါ်ပေါက်လာရေး ရည်ရွယ်လျက် ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးပြီး လူမှုရေးပညာပေးသင်တန်းနှင့် လူမှုရေးရာ အသိပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ ရက်က ဟားခါးမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ချင်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောက နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ လူတိုင်း အခြေခံလူ့အခွင့်အရေး ရရှိရေးနှင့် လူ့ဂုဏ်သိက္ခာ အပြည့်အဝရရှိနိုင်မည့် လူမှုအသိုက်အဝန်းတစ်ရပ် ပေါ်ပေါက်ရေးအတွက် အခြေခံမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့အပြင် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များ၊ ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာများနှင့် အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာများ တိုးတက်ကောင်းမွန်လာရေးကိုလည်း ဆောင်ရွက်နေကြောင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့ပေးရုံသာမက အသိပညာပေးလုပ်ငန်းများ တွင်ကျယ်စွာဆောင်ရွက်နိုင်ရေးအတွက်လည်း လုပ်ဆောင်နေကြောင်း ပြည်နယ်ဝန်ကြီးက ပြောကြားသည်။

ထို့နောက် လူမှုရေးရာ အသိပညာပေးသင်တန်းနှင့် ဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး အဆိုပါသင်တန်းတွင် ချင်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးမင်းညွန့်နှင့် သင်တန်းနည်းပြများက ကလေးသူငယ်အခွင့်အရေးများ၊ အမျိုးသမီးအခွင့်အရေးများ၊ သက်ကြီးရွယ်အိုဆိုင်ရာ အခွင့်အရေးများ၊ လူမှု ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့်အချက်များကို ဆွေးနွေးပို့ချခဲ့ကြပြီး သင်တန်းသို့ ဟားခါးမြို့နယ်အတွင်း ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ဟားခါးမြို့ပေါ်ရှိ အရပ်ဘက်အဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

## မော်လမြိုင်၌ ရေရရှိရေးနည်းပညာ သင်တန်းဆင်း

**မော်လမြိုင် ဇန်နဝါရီ ၂၆**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်တစ်ရပ်အဖြစ် ဖွင့်လှစ်ခဲ့သော ရေရရှိရေးနည်းပညာ သင်တန်းဆင်းပွဲကို မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်နေသော ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အဆိုပါ ကျေးလက်ရေရရှိရေး နည်းပညာသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဆရာ ဆရာမများက သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ရေပိုက်သွယ်တန်းနည်း၊ ရေသန့်စင်နည်း၊ ရေတွင် ဓာတုပစ္စည်းပါဝင်မှုနှုန်း၊ ရေအရည်အသွေး စစ်ဆေးနည်းများနှင့် သဘောတရားများကို သင်ကြားပို့ချခဲ့ကာ သင်တန်းသို့ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ သင်တန်းသား ၄၂ ဦး တက်ရောက်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမောင်ကအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ သင်တန်းကို ဇန်နဝါရီ ၂၁ ရက်မှ ၂၆ ရက်အထိ ပို့ချခဲ့ခြင်းဖြစ်ပြီး သင်တန်းတက်ခြင်းကြောင့် သင်တန်းသား ဝန်ထမ်းများအနေဖြင့် ရေရရှိရေး နည်းပညာပိုင်းဆိုင်ရာများတွင် ယခင်ထက် ပိုမိုတတ်ကျွမ်းနားလည်လာကြောင်း သင်တန်းသားတစ်ဦးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထီးချိုင့်မြို့နယ်၌ သကြားစက်ရုံက ကျေးရွာလမ်းများခင်းပေး

**ထီးချိုင့် ဇန်နဝါရီ ၂၆**

ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာရှိ ဂရိတ်ဝေါလ်ဝေမာသကြားစက်ရုံသည် အဆိုပါကျေးရွာအတွင်းရှိ လမ်းများအားလုံးကို ကျောက်ချောလမ်းများအဖြစ် ငွေကျပ် ၄၉၇ သိန်းကျော် အကုန်အကျခံ၍ ခင်းပေးခဲ့ရာ ဇန်နဝါရီ ၂၂ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့ကြောင်း သိရသည်။ ဂရိတ်ဝေါလ်ဝေမာ သကြားစက်ရုံသည် လမ်းများ ခင်းပေးခြင်းအပြင် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လှူဒါန်းမှုများကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဗထူး**

## ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၆**

အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကို၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင် ပြည်သူ့ဆေးရုံကြီးနှင့် ဘားအံ ပြည်သူ့ဆေးရုံကြီးတို့၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ ဇန်နဝါရီ ၂၅ ရက်က သွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

(၄၂)ကြိမ်မြောက် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းမှုအဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင် ၁၂၃ ဦး၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင် ၆၆ ဦး၊ မော်လမြိုင် ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင် ၃၇ ဦးနှင့် ဘားအံပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင် ၁၉ ဦး စုစုပေါင်း ၂၄၅ ဦးတို့က သွေးလှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

**တင်စိုး(မြန်မာ့အလင်း)**

## ဓာတ်အားပြတ်တောက်မှုလျှော့နည်းရေး ပြုပြင်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားပြတ်တောက်မှု လျှော့နည်းစေရေးနှင့် ဗို့အားပြည့်မီစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားလိုင်းများ ကြိုတင်ထိန်းသိမ်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်ဆောင်မှုကောင်းမွန်စွာဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ခေတ်မီ၍ စနစ်ကျသော ဓာတ်အားဖြန့်ဖြူးမှုစနစ် ပေါ်ပေါက်လာစေရေးနှင့် ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် နှစ်စဉ်ဘဏ္ဍာငွေ သုံးစွဲခွင့်ရရှိမှုအပေါ် မူတည်ကာ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဓာတ်အားလိုင်းများကြိုတင်ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများမှာ ၃၃ကေဗွီ လှိုင်သာယာ(၁)-(၂)လိုင်းအား Jumper Connection ပြုပြင်ခြင်း၊ ၃၃ ကေဗွီ လှိုင်သာယာဇုန် (၁)-ဇုန် (၂)ဓာတ်အားလိုင်းအား Jumper Connection ပြုပြင်ခြင်း၊ ၃၃ ကေဗွီ လော်ကား-မင်္ဂလာဒုံ (၁၄)မိုင်လိုင်းအား Pin Insulator များ လဲလှယ်ခြင်း၊ ၆၆ ကေဗွီ ဆင်မလိုက် - MRTV (၃) ဓာတ်အားလိုင်းအား Jumper Connection ပြုပြင်ခြင်း၊ ၆၆ ကေဗွီ ရွာမ-ဘုရင့်နောင် ဓာတ်အားလိုင်းအား Jumper Connection ပြုပြင်ခြင်း၊ ၃၃ ကေဗွီ လော်ကား -AaAb ဓာတ်အားလိုင်းအား Jumper Connection ပြုပြင်ခြင်း၊ ၃၃ ကေဗွီ လော်ကား-ရွှေလင်ဗန်း ဓာတ်အားလိုင်း အား Jumper Connection ပြုပြင်ခြင်း၊ ၃၃ ကေဗွီ သာကေတ-ပုသိမ်ညွှန့် Spaced Aerial Cable-SAC ဓာတ်အားလိုင်းအား Jumper Connection ပြုပြင်ခြင်း၊ ၃၃ ကေဗွီ သာကေတ-ပုသိမ် ညွှန့် SAC ဓာတ်အားလိုင်း Cover ပေါက်နေသောနေရာတွင် ကြိုးဖာခြင်းနှင့် ၃၃ ကေဗွီ ဟုံဟိုင်း-ဟံသာဝတီ SAC ဓာတ်အားလိုင်း Spacers များ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

ယင်းကဲ့သို့ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားခြင်းကြောင့် ဓာတ်အားပြတ်တောက်မှု လျှော့နည်းစေခြင်း၊ ဗို့အားပြည့်မီစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း၊ အရေးကြီးနေရာများအား ဓာတ်အားအဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ခြင်းနှင့် Pin Insulators များ လဲလှယ်ခြင်းကြောင့် Line fault ဖြစ်ခြင်းမှ ကင်းဝေးပြီး ဓာတ်အားပြတ်တောက်မှု လျှော့နည်းစေတော့မည်ဖြစ်ကြောင်း သိရသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# ပြောင်းစိုက်ခင်းများ၌ ငမြှောင်တောင်ပိုးကျရောက်မှုအန္တရာယ်နှင့် ကာကွယ်နှိမ်နင်းမှုထိရောက်ရေး ဂရုပြုအလေးထားရန်အချက်များ

ဒေါက်တာမူမူကျော်(စိုက်သုဦးစီးဌာန)

**ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဧရာဝတီတိုင်းဒေသကြီး မြို့နယ်တချို့ရှိ ပြောင်းစိုက်ခင်းများတွင် ငမြှောင်တောင်ပိုး (Fall Armyworm) ဖျက်ပိုးအများအပြား ကျရောက်ခဲ့ခြင်းကြောင့် ပြောင်းစိုက်ခင်းများ ပျက်စီးမှု ပြင်းထန်စွာ ခံခဲ့ရပါသည်။အဆိုပါ ပိုးမှာ အစားကျူးဖျက်ပိုးဖြစ်ပြီး အပင်များကို ကိုက်ဖြတ်ဖျက်ဆီးမှု မြန်ဆန်လှသဖြင့် ပိုးကျရောက်သည်ကို သိလျှင်သိခြင်း ချက်ချင်းနှိမ်နင်းမှုပြုရန် လိုအပ်သကဲ့သို့ နှိမ်နင်းရာတွင်လည်း လုံးဝကင်းစင်ပျောက်ကွယ်သွားအောင် နှိမ်နင်းရန်ခက်ခဲသောကြောင့် ပိုးကျပြီဆိုသည်နှင့် ပျက်စီးဆုံးရှုံးမှု အနည်းနှင့်အများ ကြုံတွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံတကာတွင်လည်း ယခုဖျက်ပိုးကို လုံးဝပျောက်ကွယ်သွားသည်အထိ နိုင်နိုင်နင်းနင်း နှိမ်နင်းနိုင်ခြင်း မရှိသေးသည်ကို တွေ့ရပေသည်။**

ငမြှောင်တောင်သည် အစုံစားသည့် လိပ်ပြာမျိုးရင်းဝင်ပိုးတစ်မျိုးဖြစ်ပြီး မြက်ပင်များ၊ ပဲပင်၊ နှံစားပြောင်းနှင့် ပြောင်းအပါအဝင် သီးနှံမျိုးစုံ ၈၀ ခန့်ကို စားသောက်ဖျက်ဆီးနိုင်ပါသည်။ ငမြှောင်တောင်ပိုး၏ ဘဝစက်ဝန်းကို လေ့လာသည့်အခါ ဖလံအမသည် ဥများကို အစုလိုက် ဥသည်။ ဥမြုံတစ်ခုတွင် ဥအရေအတွက် ၅၀ မှ ၁၅၀ ခန့်အထိပါပြီး နူးညံ့သော အမွေးများဖြင့် ဖုံးအုပ်ထားတတ်သည်။ ဥပြီး ငါးရက်မှ ခုနစ်ရက်အကြာတွင် လောက်ကောင်များပေါက်လာပြီး ပြောင်းပင်၏ အလယ် အရွက်လိပ်အတွင်းသို့ ဝင်ရောက်ကာ အရွက်တစ်သျှူးများကို စားသောက်ဖျက်ဆီးသည်။ လောက်ကောင်ကြီးများကို အလယ်ရွက်လိပ်ထဲတွင် သူတို့စွန့်ပစ်သည့် အဝါရောင်အညစ်အကြေးများအောက်၌ တွေ့ရမည်ဖြစ်၏။ ပြောင်းဖူးများထွက်ချိန်တွင်မူ အရွက်မှအဖူးသို့ ကူးပြောင်းဖျက်ဆီးသည်ကို တွေ့ရသည်။

**စိုးရိမ်ဖွယ် အနေအထား**

စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ သတင်းရလျှင်ရချင်း ပိုးမွှားပညာရှင်အစုအဖွဲ့က ပိုးကျရောက်ရာ ဧရာဝတီတိုင်းဒေသကြီးသို့ ချက်ချင်းသွားရောက်ခဲ့ပါသည်။ စိုက်ခင်းများ အတွင်း ကွင်းဆင်း၍ တောင်သူများနှင့်ထိတွေ့ကာ ပိုးမွှားကာကွယ်နှိမ်နင်းရေး ပညာပေးမှုများ ပြုလုပ်ခဲ့ကြသည့်အပြင် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်များတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြပါသည်။

ယခုစိုက်ပျိုးရာသီတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ အစေ့ထုတ်ပြောင်းစိုက်ဧက တစ်သိန်းလေးသောင်းကျော်ရှိရာ ဧကတစ်သိန်းသုံးသောင်းကျော်တွင် ငမြှောင်တောင်ပိုးများ ကျရောက်ခဲ့သဖြင့် အလွန်စိုးရိမ်ဖွယ်အနေအထားကို မြင်တွေ့ရပါသည်။ ပိုးကျရောက်မှုမှာ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ၊ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ၊ ဝါးခယ်မ၊ သာပေါင်း၊ ကျောင်းကုန်း၊ ကျုံပျော်နှင့် ရေကြည် စသည့် မြို့နယ်အများအပြား ပါဝင်နေသဖြင့် ယင်းပိုးမှာ ဧရာဝတီတိုင်းတစ်တိုင်းလုံးနီးပါး ပျံ့နှံ့သွားခဲ့သည်ဟုပင် ဆိုရမည်ဖြစ်ပါသည်။

ကျွန်မတို့ သုတေသနပညာရှင်အဖွဲ့သည် ပြောင်းစိုက်ပျိုးမှု အများဆုံးဖြစ်ပြီး ပိုးကျရောက်မှု အပြင်းထန်ဆုံးလည်းဖြစ်သည့် ဇလွန်မြို့နယ်သို့ ရောက်ရှိခဲ့သည်။ ဇလွန်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၂၃၇၈၁ ဧကနှင့် ဖူးစားပြောင်း ၁၀၉၂ ဧကအထိ စိုက်ပျိုးထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်မှု တွေ့ရှိသိမြင်ရသမျှအပေါ်တွင်မူတည်၍ ပြောင်းစိုက်ပျိုးတောင်သူများအနေဖြင့် ပိုးမွှားကာကွယ်နှိမ်နင်းခြင်းနှင့် ပတ်သက်ပြီး အထူးသတိပြု ဆောင်ရွက်သင့်သည့်အချက်များကို ယခုဆောင်းပါး၌ အဓိကထား တင်ပြသွားလိုပါသည်။

ဧရာဝတီတိုင်းဒေသကြီး၌ ပြောင်းစိုက်ပျိုးထားမှုမှာ တစ်ချိန်တည်း တစ်ပြိုင်တည်းစိုက်ပျိုးထားခြင်းမဟုတ်သည့်အတွက် ယခုပိုးကျရောက်ချိန်၌ စိုက်လက်စ အပင်ငယ်အရွယ်မှ အဖူးထွက်ရှိနေသည့်အရွယ်အထိ အပင်အရွယ်စုံရှိနေသည်ကို တွေ့ရသည်။ ထို့အတူ ငမြှောင်တောင်ပိုးမှာလည်း ဥအဆင့်၊ လောက်ကောင်အဆင့်နှင့် ဖလံအဆင့်အထိ ကြီးထွားမှုအဆင့်ဆင့်ကို တွေ့ရှိနေရပါသည်။ ထိုအချက်က ပိုးများမှာ တစ်နှစ်ပတ်လုံး အစာကွင်းဆက်မပြတ်ရရှိနေပြီး ဧကထောင်ချီရှိနေသည့် တစ်ဆက်တစ်စပ်တည်းစိုက်ခင်းအတွင်း တစ်ကွက်မှတစ်ကွက် ကူးကာ ရှင်သန်နေနိုင်မည်ဖြစ်သဖြင့် အမြစ်ပြတ်အောင်နှိမ်နင်းရန် ခက်ခဲနိုင်ပါသည်။ ထို့ကြောင့် တစ်ဆက်တစ်စပ်တည်းစိုက်ပျိုးသည့် စိုက်ဧရိယာ အားလုံးတွင် ပြောင်းသီးနှံကို တစ်ချိန်တည်းတစ်ပြိုင်တည်း စိုက်ပျိုးကြရန် တောင်သူများကို ပညာပေးပြီး လိုအပ်သလို စိုက်ချိန်သတ်မှတ် ထိန်းညှိဆောင်ရွက်သွားရန် လိုအပ်ပါလိမ့်မည်။

ပိုးလောက်ကောင်ကြီးအဆင့်တွင် ပြောင်းဖူးအမိတ်များကို ဖြတ်၍ ပြောင်းအူတိုင်အတွင်း ဝင်ရောက်ကာ ပိုးရုပ်ဖုံးအဆင့် ကူးပြောင်းပြီး ဖလံကောင်အဆင့်တွင် အောက်ခြေအရွက်များကြား ပုန်းအောင်းနေတတ်ခြင်း စသည်တို့ကြောင့်လည်း ပိုးသတ်ဆေးဖျန်းနှိမ်နင်းရာတွင် ထိရောက်ရန် အခက်အခဲရှိနေတတ်ပါသည်။

ထို့ကြောင့် ပြောင်းစိုက်တောင်သူများသည် ပိုးမကျမီကပင် မိမိစိုက်ခင်းများကို အမြဲစောင့်ကြည့်နေသင့်ပြီး အရွက်များကို စားသောက်ဖျက်ဆီးထားသည့် လက္ခဏာများ စတင်တွေ့ရှိချိန်နှင့် လောက်ကောင်များ ငယ်ချိန်တွင် စောစီးစွာ နှိမ်နင်းနိုင်ရန် လိုအပ်ပါသည်။ ပြောင်းခင်းရှိ အပင်များ၏ ၅ ရာခိုင်နှုန်း (အပင် ၂၀ တွင်တစ်ပင်) ၌ ဥမြုံတွေ့ရှိလျှင် (သို့) ဖျက်ဆီးခံထားရသည့် အပင် ၂၅ ရာခိုင်နှုန်းတွေ့လျှင် နှိမ်နင်းခြင်းပြုလုပ်ရန်လိုအပ်မည်ဟု ယေဘုယျမှတ်ယူနိုင်ပါသည်။ ပိုးလောက်ကောင်များသည် အရွက်လိပ်အတွင်း နက်နဲစွာ ထိုးဝင်စားသောက်ခြင်း၊ ၎င်းတို့စွန့်ပစ်သည့် မစင်များဖြင့် ဖုံးထားခြင်းတို့ကြောင့် ပိုးသတ်ဆေးဖျန်းနှိမ်နင်းခြင်းတွင် ထိရောက်ရန် အခက်အခဲတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် ပိုးလောက်ကောင်များ အဖူးအတွင်းမဝင်မီနှင့် အရွက်လိပ်အတွင်း



ငမြှောင်တောင်ပိုး ဥချသည့် ဖလံနှင့် ငမြှောင်တောင်ပိုးကို တွေ့ရစဉ်။



ပြောင်းပင်တွင် ငမြှောင်တောင်ပိုး ဖျက်ဆီးမှုကို တွေ့ရစဉ်။

မဝင်မီ ဆေးပက်ဖျန်းနှိမ်နင်းရန် အလွန်ပင် အရေးကြီးလှပါသည်။

လက်ရှိအနေအထားအရ ပြောင်းစိုက်တောင်သူများမှာ အသုံးပြုရသည့် ပိုးသတ်ဆေးဈေးနှုန်းများ ကြီးမြင့်နေခြင်း၊ ဆေးဖျန်းပုံးအရေအတွက် အလုံအလောက်မရှိခြင်း၊ ဆေးဖျန်းလုပ်သားရှားပါးခြင်းတို့အပြင် အပင်တန်းစိပ်နေ၍ လူဝင်ရောက်ဆေးဖျန်းရန် ခက်ခဲခြင်း၊ အပင်သက်တမ်း သုံးလသားခန့်ရှိသည့် အပင်များမှာ ခြောက်ပေကျော်အထိမြင့်နေ၍ လူနှင့်ပက်ဖျန်းရန် မဖြစ်နိုင်ခြင်း စသည့် အခက်အခဲများ ရှိနေခဲ့ပါသည်။ အဆိုပါအခက်အခဲကို အဘက်ဘက်မှ ထောက်ပံ့ကူညီပေးနေခဲ့ရပြီး ဒရုန်းများအသုံးပြု၍ ဆေးပက်ဖျန်းမှုများ လုပ်ဆောင်ပေးနေခဲ့ရပေသည်။ ဒရုန်းဖြင့် ဆေးဖျန်းမှုမှာ Droplet size ပျံ့နှံ့မှုရှိသော်လည်း ရွက်ဖုံးနှင့် ရွက် ကတော့အတွင်း ဝင်ရောက်ပုန်းအောင်းနေသည့် ပိုးလောက်ကောင်ကြီးများမှာ ပိုးသတ်ဆေးနှင့် ထိတွေ့နိုင်ရန်အခွင့်အလမ်း နည်းပါးမည်ဖြစ်သည်ကို သတိပြုရပါဦးမည်။

အချုပ်အားဖြင့်ဆိုရလျှင် ငမြှောင်တောင်ပိုးကို ကောင်းစွာနှိမ်နင်းပြီး လာမည့် စိုက်ပျိုးချိန်တွင်ပါ တစ်ဖန်ပြန်လည်ကျရောက်မှု မဖြစ်ပေါ်စေနိုင်ရေးမှာ လွန်စွာအရေးကြီးလှပါသည်။ ထို့ကြောင့် မဖြစ်မနေလုပ်ဆောင်သင့်သည့် အချက်များကို အကြံပြုတိုက်တွန်းလိုပါသည်။

**ကာကွယ်နှိမ်နင်းနည်း**

အစာကွင်းဆက်ဖြတ်တောက်နိုင်ရန်အတွက် ယခု ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း စိုက်ပျိုးထားသည့် အပင်ငယ် ပြောင်းစိုက်ခင်းများအားလုံးကို ဖျက်ဆီးပစ်ရန်၊ ပိုးကျရောက်ခဲ့သော စိုက်ခင်းများတွင် အဖူးဆွတ်ခူးပြီးသည့်အခါ မြေကြီးထဲ ရှိရုပ်ဖုံးများသေစေရန် ထယ်ထိုးပေးခြင်း၊ အပင်အကြွင်းအကျန်များကို မီးရှို့ပေးခြင်းတို့ ပြုလုပ်ရန်၊ ပိုးအရေအတွက်နှင့် ပိုးပေါက်ဖွားမှု ဆက်လက်များပြားပြန့်ပွားနိုင်ခြေရှိသဖြင့် ရာသီချိန်နောက်ပိုင်းကာလတွင် အစေ့ထုတ်ပြောင်း စိုက်ပျိုးမှုမပြုလုပ်ရန်၊ ပိုးသတ်ဆေးဖျန်းနှိမ်နင်းရာတွင် အပင်အတွင်းပိုင်းအတွင်း နေထိုင်စားသောက်နေသော ပိုးကောင်များကိုပါ ထိရောက်စေရန် ထိသေစားသေဆေးအပြင် ပင်လုံးပြန့်အာနိသင်ရှိသော ပိုးသတ်ဆေးများကို ပိုးအရေအတွက်ပေါ်မူတည်ပက်ဖျန်းရန်၊ ငမြှောင်တောင်ပိုး (FAW) ၏ ဘဝစက်ဝန်းအရ ၃၀ ရက်မှ ၃၅ ရက်အတွင်း ကြာမြင့်သည်ဖြစ်ရာ ဖလံသည် ညထွက်ကောင်ဖြစ်သဖြင့် မီးရောင်ထောင်ချောက်များကို ညစဉ်ညတိုင်းထွန်းညှိပေးရန်။

အထက်ပါအချက်များမှာ လက်ရှိ ပိုးကျရောက်နေမှုနှင့် နိုင်ငံ၏ လက်ရှိအနေအထားအရ လုပ်ဆောင်သင့်သည့်အချက်များကို ယေဘုယျအားဖြင့် အကြံပြုခြင်းသာ ဖြစ်ပါသည်။ ဖြစ်နိုင်မည်ဆိုပါက နိုင်ငံတကာစိုက်ပျိုးရေးအဖွဲ့အစည်းများ၏ အကူအညီကိုရယူပြီး ဟိုမုန်းဖြင့် ဖလံများကို ဆွဲဆောင်ကာ ဖမ်းဆီးသည့် Pheromone Trap ကိုပါ အသုံးပြုနှိမ်နင်းမည်ဆိုပါက ပိုမိုကောင်းမွန်မည်ဟု ယူဆမိပါသည်။ ငမြှောင်တောင်ပိုးမှာ အများအပြား ကျရောက်ပြီဆိုသည်နှင့် ထိခိုက်ဆုံးရှုံးမှုများသည့်အပြင် အမြစ်ပြတ်နှိမ်နင်းရန် ခက်ခဲတတ်သည်ဖြစ်ရာ အထူးဂရုပြု၍ မျက်ခြည်မပြတ် စောင့်ကြည့်ကာကွယ်နှိမ်နင်းရန် လိုအပ်မည်ဖြစ်ကြောင်း တိုက်တွန်းတင်ပြလိုက်ရပါသည်။ ။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၆-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၁၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၁၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၇၁၀ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၂ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၆ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၇ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၅ · ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၅ · ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၆၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၅၆၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ · ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၉ · ၇၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၃၅၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm


ကိုတင့် နှင့် ဂျပ်ကျော်
HTOO
ခုလိုပွင့်လင်းရာသီမှာ ကလေးတွေပွဲတော်တွေ နိုင်ငံနဲ့အဝှမ်း ကျင်းပပြုလုပ်နေတာ..ခုဆို တို့မြို့မှာပွဲတော် စ,နေပြီဆိုပါလား....
ကလေးတွေနဲ့ပတ်သက်တဲ့ကဗျာ ရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဂျူနီယာနောက်ပြိုင်ပွဲ...
ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဂိမ်းကစားပွဲ..ပန်းချီပြိုင်ပွဲအပြင် ကလေးတွေဖတ်ကြဖို့စာပေတိုက်တွေက စာအုပ်တွေလာရောင်းချပေးကြတယ်လေ
အဲဒီပွဲတော်မျိုးဟာ ကလေးသူငယ်နဲ့ ကျောင်းသူကျောင်းသားတွေကိုလိုက်ပို့သင့်တဲ့နေရာပဲ..
သားကို လိုက်ပို့ပါ ဖေကြီး..
မအားဘူး..အစည်းအဝေး ရှိတယ်ကွ..မင်းအမေကိုလိုက်ပို့ခိုင်းနိုင်တယ်...
ဖေကြီးက မအားဘူးလို့ ပြောတယ်
ဘာလုပ်နေလို့ မအားရတာလဲ..
အိမ်ထဲမှာလိုင်းမမိလို့..လိုင်းမိတဲ့နေရာ အိမ်အပြင် ထွက်ပြီး ဖုန်းပွတ်နေတယ်လေ...
အောက်...ဒီမိန်းမ ကွာ...နာချင်နေပြီ..
လက်လွန်ခြေလွန်ဖြစ် ကုန်ပါမယ်..ကျောင်းသားတွေကိုကျောင်းကတာဝန်ယူပြီးလိုက်ပို့ဖို့ စီစဉ်ထားပါတယ်ဗျာ


ပေါက်စိန်


ပလေယာ
ကာတွန်း စမ်းချောင်းကိုကိုအောင်
ခိုင်ဝေ - နင့်ကို မေးခွန်း တစ်ခုမေးမယ်၊
အောင်ဇေယျ နင်ကငါ့ကို ပညာစမ်းတယ်ပေါ့၊ ရတယ်၊ မေးချင်တာမေး၊
နင် - ဂုဏဝင်ဆိုတဲ့အဓိပ္ပါယ် ကိုသိလား၊
သိပ်သိ - ရှေးမြန်မာဘုရင် တွေရဲ့အကြောင်းပေါ့ပါ၊
နင့်ကိုပြန်မေးမယ်၊
စစ်ဘုရင်ကြီးမဟာဗန္ဓုလ ဟာ ဘယ်တိုက်ပွဲမှာ ကျဆုံးခဲ့တာလဲ၊
သူ့ရဲ့နောက်ဆုံးတိုက်ပွဲ မှာကျဆုံးခဲ့တာ၊




ပါလက်ကို ရန်လုံ ကိုက်သွား ပြန်ပြီကွာ၊
ဟယ်၊ ရန်လုံက ရန်လိုဖြစ်နေပြီ၊
သူ အိပ်နေတုန်း ခေါင်းကို ထိမိသွားတာ
ဆေးတော့ ထိုးစရာမလိုဘူး၊ ဟိုတစ်ခါ အကိုက်ခံရတုန်းက ထိုးပြီးပြီ၊၊


ဟင်...
ဖေဖေရေ... ဖေဖေ...
မေမေလေ... ကြက်ရဲ့ဗိုက်ထဲမှာ ဘာတွေကို ဝှက်နေလဲမသိဘူး ဖေဖေ...
သားလိုက်ပြမယ်
ဒီနေ့ကြက်ကောင်လုံး ပေါင်းမလို့ အဆာသွပ်နေတာ လေ... မောင်ရဲ့...

# ချောင်းထဲက မဟာသီရိဇေယျသူရ မင်းကြီးညို



## သောင်းကေတု

ချောင်းဆိုသည်မှာ မင်း မိဖုရားတို့၏ သားတော်၊ သမီးတော်တို့အား ယေင်တော်ဆက်မင်္ဂလာ အခမ်းအနားတွင် ရှေးကဘေးလောင်းတော်၊ ဘိုးလောင်းတို့မှစ၍ ခမည်းတော်တိုင်အောင် ဘုန်းတန်ခိုးအာဏာကြီးမားပုံ၊ စစ်ပွဲများအောင်နိုင်ပုံ၊ မြို့ရွာတည်ထောင်ပုံတို့ကို ပညာရှိတို့က ရေးဖွဲ့သီကျူး တင်ဆက်ရသော ကဗျာများဖြစ်သည်။ တောင်ငူခေတ်တွင် ရတုစာပေ၊ ချောင်းစာပေ၊ အန်ချင်းတို့ ထွန်းကားသည်။ စစ်မက်ထူပြောသောကာလဖြစ်၍ စစ်ချီရတု၊ ဘုရားတိုင်၊ ကျေးစေရတုများ ထွန်းကားခဲ့သည်။

'တပင်ရွှေထီး ချောင်း' သုံးပုဒ်ကို စာဆိုတော် လှော်ကားသုံးထောင်မှူးက ရေးဖွဲ့ခဲ့ပြီး ထိုချောင်းများတွင် တပင်ရွှေထီး၏ဖခင် မင်းကြီးညို၏ လက်ရုံးရည်၊ နှလုံးရည်ကို မြင်ရသည်။ မြန်မာ့သမိုင်းတွင် တောင်ငူမင်းဆက်သည် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်။ ထိုမင်းဆက်ကို စတင်တည်ထောင်ခဲ့သော မင်းကြီးညိုကိုမူ လူသိမများခဲ့ပေ။

တောင်ငူသည် ရာဇဝင်တွင်ထင်ရှားသော မင်းနေပြည်တော်တစ်ခု ဖြစ်ခဲ့သည်။ တောင်ငူဟုဆိုလျှင် တပင်ရွှေထီး၊ ဘုရင့်နောင်နှင့် နတ်ရှင်နောင်တို့ကို လူသိများသည်။

### ပထမဆုံး တောင်ငူမြို့

ပထမဆုံး တောင်ငူမြို့ကို အေဒီ ၁၂၇၈ တွင် သဝန်ကြီး သဝန်ငယ် ညီနောင်တို့က တည်ခဲ့ခြင်းဖြစ်သည်။ ပုဂံမင်းနရပတိစည်သူ၏မြေးတော်သော သဝန်လကျ်ာသည် ဆွာချောင်းအနီးတွင် ကြခတ်ဝရာ(ဝေဠုဝတီ)မြို့ကိုတည်ထောင်၍နေစဉ် မွန်ဘုရင်က တိုက်ခိုက်ခေါ်ဆောင်သွားသည်။ ပေါင်းလောင်းမြစ် ပျူရွာတွင် အကျယ်ချုပ်ထားသည်။ သူကွယ်လွန်ခါနီးတွင် သားတော်နှစ်ပါးအား မှာခဲ့သည်။ ပေါင်းလောင်းမြစ်ကို ဆန်တက်သွားပါက လက်ဝဲဘက်တွင် ချောင်းတစ်ခုရှိသည်။ ထိုချောင်းကို ဆန်တက်ပါက မြို့ဟောင်းအရာ တောင်ငူငယ်ကို တွေ့လိမ့်မည်။ ထိုနေရာတွင် မြို့ရွာတည်ကြဟု မှာကြားခဲ့သည်။

သက္ကရာဇ် ၆၄၀ (အေဒီ ၁၂၇၈ )တွင် သဝန်ကြီး သဝန်ငယ် ညီနောင်တို့ ပျူရွာမှ ထွက်ပြေးကြရာ လက်ဝဲဘက်ရှိချောင်း (ခပေါင်းချောင်း)ကို ဖခင်မှာခဲ့သော ဆွာချောင်းအမှတ်ဖြင့် မှားယွင်းဝင်ရောက်မိသည်။ ပဲခူးရိုးမနှင့် နီးလာသောအခါမှ တောင်အငူငယ်ကိုတွေ့သဖြင့် မြို့တည်ကာ 'တောင်ငူ'ဟု သမုတ်ခဲ့သည်။ ယခု အမြန်လမ်းမကြီး (၁၄၂/၆) မိုင်တွင် တောင်ငူငယ်(သို့မဟုတ်)တောင်ငူတောဟု ဒေသခံများက ခေါ်ကြသည်။ ထိုနေရာသည် ကျဉ်းမြောင်းသဖြင့် မြို့သစ်တည်ရန် နေရာရှာကြရာ ယခု တောင်ငူကြီး(စည်းခုံကြီးဘုရားတည်နေရာ)နေရာကို တွေ့သဖြင့် သက္ကရာဇ် ၆၄၁ ခု(အေဒီ ၁၂၇၉) ကဆုန်လဆန်း ၉ ရက်တွင် မြို့တည်သည်။ တောင်ငူ (ဓညဝတီ)ဟု တွင်၏။ တောင်ငူကြီးဟုလည်း ခေါ်သည်။ တောင်ငူကြီးတွင် သဝန်ကြီးမှစ၍ မင်းကြီးညိုအထိ မင်း ၂၉ ဆက် စိုးစံခဲ့သည်။

### တောင်ငူသမိုင်း

တောင်ငူတည်သောအချိန်တွင် ပုဂံ၌ နရသီဟပတေ့မင်း စိုးစံလျက်ရှိသည်။ တောင်ငူသည် ပင်းယ(အေဒီ ၁၃၁၃)၊ စစ်ကိုင်း(အေဒီ ၁၃၂၂)၊ အင်းဝ (အေဒီ ၁၃၆၅) မြို့များထက် စောသည်။ မြို့တည်စက သီးခြားလွတ်လပ်သောမြို့ဖြစ်ခဲ့ပြီး သဝန်ငယ်လက်ထက်တွင် ပင်းယက လာရောက်တိုက်ခိုက်သဖြင့် ပင်းယလက်အောက်ခံဖြစ်ခဲ့သည်။ ခုနစ်ဆက်မြောက် သိင်္ဂပါမင်းလက်ထက် သက္ကရာဇ် ၇၂၀(အေဒီ ၁၃၃၈)တွင် ပင်းယလက်အောက်မှ ရုန်းထွက်နိုင်ခဲ့သည်။ ၁၉ ဆက်မြောက် မင်းဖြစ်သော စောလူးသင်္ခယာသည် အင်းဝဘုရင် မိုးညှင်းမင်းတရားကို ခြားနား၍ တောင်ငူတွင် လွတ်လပ်စွာ မင်းပြုခဲ့သည်။ ဘုန်းလက်ရုံးနှင့်ပြည့်စုံသော မင်းများလက်ထက်တွင် သီးခြားခွဲထွက်လေ့ရှိပြီး အများအားဖြင့် အင်းဝ၏ လက်အောက်ခံ ဖြစ်ခဲ့သည်။ သက္ကရာဇ် ၈၄၇ တွင် မင်းကြီးညို တောင်ငူ၌ နန်းတက်၏။ သဝန်ကြီးမှစ၍ (၂၉)ဆက်မြောက် မြို့သက် ၂၀၆ နှစ်တွင် ဖြစ်သည်။

### မင်းကြီးညို

မင်းကြီးညို၏အကြောင်းကို ရာဇဝင်ကြီးများတွင် ပြည့်စုံစွာ မတွေ့ရပါ။ တောင်ငူခေတ်က စာဆိုတော် လှော်ကားသုံးထောင်မှူး ရေးစပ်သော တပင်ရွှေထီး ချောင်းများတွင်မူ ပိုမိုပြည့်စုံစွာ တွေ့ရသည်။ မင်းကြီးညို၏ ခမည်းတော်ဘက်က မျိုးရိုးမှာ မြင်စိုင်း ငါးစီးရှင်ကျော်စွာ၏သား သက်တော်ရှည်၊ ၎င်း၏သား သရေဝဓုနာ၊ ၎င်း၏သား သရေစည်သူ၊ ၎င်း၏သား သင်္ခယာ၊ ၎င်း၏သား မဟာသင်္ခယာနှင့် တောင်ငူ စည်သူကျော်ထင်၏သမီးတော် မင်းလုညက်နှင့် စုံဖက်ရာမှ မင်းကြီးညို၊ နှမတော် မင်းလုမြတ်၊ ညီမတော် မင်းပန်တို့ကို ဖွားမြင်သည်။

မိခင်ဘက်မှမျိုးရိုးမှာ ပုဂံနန်းကျကျော်စွာသားတော် ပင်းယစကားရကျောင်းဒါယကာ ဥဇနာ၊ သားတော် စည်သူမင်းဦး၊ ၎င်း၏သား စည်သူသမ္ဘဝ၊ ၎င်း၏သား ပေါက်မြိုင်စည်သူ၊ ၎င်း၏သား ရမည်းသင်းစည်သူနှင့် တောင်ငူ စည်သူကျော်ထင်တို့ဖြစ်ပြီး တောင်ငူစည်သူကျော်ထင်သည် ပြကောင်းမင်းကြီး၏သမီး မင်းလုထွင်နှင့် စုံဖက်ကာ တောင်ငူမင်းစည်သူ၊ နှမတော် မင်းလုညက်၊ ညီတော် မင်းထွေးတို့ ဖွားမြင်သည်။ မင်းလုညက်မှာ မင်းကြီးညို၏ မယ်တော်ဖြစ်သည်။

မင်းကြီးညိုသည် ဦးရီးတော်ဖြစ်သူ တောင်ငူ ၂၈ ဆက်မြောက်ဘုရင် မင်းစည်သူ၏သမီး စိုးမင်းကို တောင်းရာ မရသဖြင့် ဦးရီးတော်ကို လုပ်ကြံကာ ၈၄၇ ခုနှစ်(အေဒီ ၁၄၈၅) တွင် တောင်ငူထီးနန်းကို သိမ်းယူလိုက်သည်။ အင်းဝ ဒုတိယမင်းခေါင်ထံသို့ ဆင်ပေါက် ၁၀ စီး လက်ဆောင်ဆက်သပြီး တောင်ငူကိုဆက်ခံကြောင်း လျှောက်တင်သည်။ ဦးရီးတော်



ဂူဂဲလ်မြေပုံမှ မြင်တွေ့ရသော ယနေ့တောင်ငူမြို့မြေပုံ

သွေးမြေကျရာ တောင်ငူကြီးနန်းတော်ရာတွင် စည်းခုံစေတီကို တည်ပြီး တောင်ငူမြောက်ဘက် တာ ၅၀၀ အကွာ ပုပ်ပဲချောင်းအနီးသို့ ပြောင်းရွှေ့သည်။ မြဝတီဟုသမုတ်၍ ခေတ္တနန်းစံခဲ့သည်။

### ချောင်းများထဲမှ မင်းကြီးညိုအကြောင်း

မင်းတရားရွှေထီး နားတော်သွင်းချောင်းတွင် မင်းကြီးညိုအကြောင်းကို ဤကဲ့သို့ ဖွဲ့ဆိုသည်။

"လက်ရုံးအားဖြင့် ဖွံ့ထွားရွယ်ပျို မင်းကြီးညိုဟု လူဗိုလ်ထပ်ဆင့် မေတ္တာဖြင့်လျက် ကျော်လင့်သော့တိုင်း သက်နှိုင်းချစ်ခြင်း မြတ်စိုးမင်းနှင့် မကင်းဇနီး ပျော်ဘွယ်ပြီးမူ ကောင်းကြီးတည်ရာ ရတနာမှန်ကူ ပြည်တောင်ငူ၌ ရန်သူတောင်မြောက် အထောက်ထောက်တိ ပျားနှယ်အိလည်း ဆံရှိမရှဲ ဘုန်းတော်နွံ၍ နိုင်ငံပိုက်ချုပ် တန်ခိုးအုပ်ရှင့် ကြံလုပ်ကောင်းထွေ နန်းတော်မြေကို သရေခတ်ပုံ စည်းခုံပြောင်ပြောင် တည်ပြီးနောင်မှ ကျော်ခေါင်ရှင့်ဘ ပြည်ထောင်စသည် ဌာန ပုပ်ပဲချောင်းတည့် ပွင့်လောင်းနတ်ရှင့်သွေး။ ။ စက်ခြေချီသည် ယာယီရှေးဦးပြောင်းတည့် အကြောင်းမှတ်ဘိသေး။"
(မင်းတရားရွှေထီးချောင်း အပိုဒ်-၈)

မင်းကြီးညိုသည် အင်းဝဘုရင် ဒုတိယမင်းခေါင်၏ အမိန့်အရ ရမည်းသင်းမြို့စား မင်းရဲကျော်စွာပိုင်သော ရေလွှဲငါးခရိုင်ကို ပထမဆုံး တိုက်ခိုက်သည်။ ယခု နေပြည်တော်အနီးတဝိုက်ရှိ တောင်ညို၊ ပက်ပိုင်၊ ငွှယ်ကုန်း(လယ်ဝေး)၊ ပျဉ်းမနား ဒေသများဖြစ်သည်။ "လက်ရုံးအားဖြင့် ရပ်ခြားတောင်ငူ လက်နက်မှုက ရန်သူကြေညာ ရှိရာရာကို ဆွေရှာရိပ်မဲ့ ရှင့်ဘခွဲသော် ရေလွှဲသင်းခိုင် ငါးခရိုင်နှင့် မည်လှိုင်ခွန်အား ပဲခူးသားလည်း ကြေထွားပျက်ချွံ လက်ရုံးနွံနှင့် မင်းဝံအနောက် ပြည်တလျှောက်ဝယ်"။ (မင်းတရားရွှေထီးချောင်း အပိုဒ်-၁၉)

"လှုံ့ပြောင်မြူတေ ကျက်သရေတိ ပရမေထွန်းညီး လက်ရုံးတီးဖြင့် ပြည်ကြီးတောင်ငူ နိုင်ငံဟူက ရန်သူရှိညွှတ် သဏ္ဍာန်လွှတ်လျက် မပြတ်တင်မေး ဘိသိက်ပေးရှင့် ပြိုင်ရေးအတူပြိုင်ထောက်ပြူသော် ပြောထူခွန်အား မြစ်မနားကို ရှေးဖျားဦးဆုံး အောင်မျို့ကြုံးသော် ပတ်ကုံးရန်မာန် ထပ်မလှန်တည့် မြောက်ခွန်ရပ်သား မြို့ရွာစားလည်း မယားလက်ငင် ပုံယင်မျိုးဆွေ အုတ်ထွေသားမြေး ဝင်လာပြေးရှင့်"။ (မင်းတရားရွှေထီး နားတော်သွင်းချောင်း အပိုဒ်-၉)

အေဒီ ၁၄၉၁ တွင် ပေါင်းလောင်းမြစ်နှင့် ခပေါင်းချောင်းဆုံရာအရပ်တွင် ဒွါရာဝတီမြို့သစ်တည်ကာ ပြောင်းရွှေ့သည်။ "မဟာသီရိ တွင်ဘိဇေယျ စောသူရဟု ရှင့်ဘဘေးတော်ကြီးမြတ်ကျော်လျှင် မြင်မြော်ရေးရာ သာသနာကြီးပွား စီးပွားဗိုလ်လူ ခိုအံ့ဟူ၍ တောင်ငူမည်ခံ တောင်မင်းဝံမှ ခွာလန်နန်းဟောင်း မြစ်ပေါင်းလောင်းနှင့် ခပေါင်းသီတာ ယှက်ကာရစ်ဆုံ ကျွန်းသိုက်ရုံသို့ ရွှေဘုံနန်းရာ ပြောင်းတည်လာသည်၊ တောင်ညာတည့် ထောင့်ခပ်ကွေး"။(သခင်ကြီး ချောင်း)

"သစ်ရင်း၌ာန ရပ်ဒေသတွင် ဒီပစည်ပင် ဖြစ်အံ့မြင်၍ ကရင်ခနေ ရွာစုတိုင်းကား ပေါင်းလောင်းနားထက် ရန်တားပတ်ကုံး ရွှေလက်ရုံးနှင့် ရန်လုံးနွံ့အောင် ရှင့်ဘထောင်သော် မြောက်တောင်ကြေညာ မှီခိုရာဖြင့် ဒွါရာဝတီ ခေါ်ညီရွှေပြည် တွင်မည်ရှစ်ရပ် တံဆိပ်ကပ်ရှင့်"။ (မင်းတရားရွှေထီး နားတော်သွင်းချောင်း)

မင်းကြီးညိုသည် ရေလွှဲငါးခရိုင်ဒေသ၊ စပါးတောင်း၊ အိုင်ပုံ၊ ငါးစိမ်းအင်း ဒေသတို့ကို တိုက်ခိုက်သိမ်းယူခဲ့ပြီးနောက် မွန်ဘုရင်ပိုင်နက်ဖြစ်သော ကပ်ကြေး၊ ကြောင်ပြာ(ကျောက်ဖျာ)၊ ကျောက်မော်ဒေသများကို သိမ်းယူရာ မွန်ဘုရင် ဗညားရန်ကအမျက်ဒေါသထွက်ကာ ဒွါရာဝတီမြို့ကို အင်အားကြီးမားစွာဖြင့် ဝန်းရံလာသည်။ ထိုရန်သူတို့အား မင်းကြီးညိုက အောင်မြင်စွာ တွန်းလှန်အောင်ပွဲခံနိုင်ခဲ့ပုံကို ဤသို့ ရေးဖွဲ့ခဲ့သည်။

"တောင်စွန်လကျ်ာ ကြေညသာက ရတနာယဉ်ညင်ဆင်ဖြူရှင်တုံ ခေါ်တွင်မည်သာ မြို့ဒွါရာကို ဘယ်ညာမလွတ် မိုးမြေညွှတ်မျှ ပတ်ပတ်ထိန့်ဆူ ရုံလေဟူသော် ဇမ္ဗူချောက်အောင် တထောင်ဝေ့ဆင် မြင်းလျှင်သုံးတပ် မျည်းချပ်တန်ဆာ လွှားကာလေးလုံ့ ဗိုလ်သံမီးပေါက် ပစ်ချောက်ခြိမ်းမောင်းသိန်းခြောက်သောင်းနှင့် စစ်ပေါင်းအပြီး စစ်သူကြီးချည်းဖျင်မည်းအမတ် လေးကျိပ်မြတ်လည်း တည်လတ်ရှေ့ဖျားသံကြုံးဝါးလျက် လှေသားမြစ်ခွင် ပုံယင်ကြည်းရေ ဖြည်းမှုထွေသည်"။ (မင်းတရားရွှေထီး နားတော်သွင်းချောင်း)

အင်အားကြီးမားသောရန်သူတို့ကို မင်းကြီးညိုက တွန်းလှန်အောင်ပွဲခံနိုင်သဖြင့် အင်းဝဘုရင် ဒုတိယမင်းခေါင်က ထီးဖြူမင်းမြောက်တန်ဆာငါးပါး ပေးအပ်ကာ မဟာသီရိဇေယျသူရဘွဲ့ဖြင့် သီးခြားမင်းပြုစေသည်။ ဒုတိယမင်းခေါင် နတ်ရွာစံပြီးနန်းတက်သော သားတော်ရွှေနန်းကြော့ရှင် နရပတိမင်းသည် အင်အားကြီးထွားလာသော မင်းကြီးညိုကို သူ၏နှမတော် မင်းလုထွတ်နှင့် လက်ဆက်စေပြီး ရေလွှဲငါးခရိုင်ကို လက်ဖွဲ့ခဲ့သည်။

သက္ကရာဇ် ၈၆၃ ခုတွင် ရွှေနန်းကြော့ရှင် နရပတိအားတူတော် ရွှေနော်ရထာ၏ကျွန် သောကြာက လုပ်ကြံရာ မအောင်မြင်သဖြင့် ရွှေနော်ရထာ ကွပ်မျက်ခံရသည်။ ရွှေနော်ရထာ၏ခမည်းတော်၏ ကျွန်များဖြစ်သော ရှင်ထွေးနာသိန်၊ မင်းတရားကျွန်သီးမှူး ရဲမြတ်လုတို့ အင်းဝမှထွက်ပြေး၍ မင်းကြီးညိုထံခိုဝင်ကြသည်။ မင်းကြီးညိုသည် ရှင်ထွေးနာသိန်ကို နှမတော် မင်းမြတ်လုနှင့် စုံဖက်ကာ အခြားသူများကိုလည်း ချီးမြှင့်မြှောက်စားသည်။ သက္ကရာဇ် ၈၆၄ ခုနှစ်တွင် အင်းဝကို ခြားနားခဲ့သည်။ သက္ကရာဇ် ၈၆၅ ခုနှစ်တွင် ညောင်ရမ်းမြို့စား မင်းရဲကျော်ထင် ကွယ်လွန်လျှင် သားတော် ဘယကျော်ထင်နှင့် မိတ္ထီလာ၊ သာဂရမြို့များ မင်းကြီးညိုထံ ဝင်လာကြသည်။ သက္ကရာဇ် ၈၆၆ ခုနှစ်တွင် ပြည်ဘုရင် သတိုးမင်းစောနှင့် စွယ်ကြိုဘုရားတွင် သစ္စာပြုကြသည်။ စဉ့်ကူးတွင် ဖောင်တော်ပေါ်၌ မင်းနှစ်ပါးအတူ မနောလင်ပန်းနှင့် စားတော်ခေါ်ကြသည်။ ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း၊ တုရွှင်းတိုင်မြို့များကို တိုက်ခိုက်၍ လူသူသံ့ပန်း သိမ်းယူသည်။ သို့ရာတွင် အရပ်အနေမသင့်သဖြင့် စလေပုန်းတောင်တွင် အရေးနိမ့်ကာ ပြန်လည်ဆုတ်ခွာရသည်။

ဒွါရာဝတီမြို့တော်သည် နှစ် ၂၀ ခန့်ကြာသောအခါ လူသူဆင်မြင်း များပြားလာသဖြင့် ကျပ်တည်းလာသည်။ သက္ကရာဇ် ၈၇၁ တွင် မြို့သစ်တည်ရန် အုတ်ဖုတ်ကြရသည်။ သက္ကရာဇ် ၈၇၂ ခုနှစ် တန်ဆောင်မုန်းလပြည့်(အင်္ဂါနေ့)တွင် အရှေ့အနောက် တာ ၇၀၀၊ တောင်မြောက် တာ ၅၀၀ ကျယ်သော ကေတုမတီ(တောင်ငူ)မြို့ကို တည်ခဲ့သည်။ သဘာဝရေကန်ကြီးဖြစ်သော ကြာအင်းကို မြို့အတွင်းထည့်ကာ တည်သည်။ ရေကျုံး၊ ညွန်ကျုံး ကျုံးနှစ်ထပ်ရံကာ မြို့တော်တစ်မျက်နှာလျှင် တံခါးငါးပေါက် စုစုပေါင်း တံခါး ၂၀၊ ကျုံးအပြင်ဘက်တွင် သိမ် ၂၀ စီ ဆောက်လုပ်ခဲ့သည်။ ယခုနှစ်တွင် မြို့သက် ၅၀၈ နှစ် ပြည့်ခဲ့ပါပြီ။ ။

## YBS အထူးယာဉ်မောင်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တွင်း YBS ယာဉ်သစ်ကြီးများ မောင်းနှင်ရန်အတွက် ယာဉ်မောင်းများအလိုရှိပါသဖြင့် အထူးယာဉ်မောင်းသင်တန်းကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် YRTA တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွင့်လှစ်လျက်ရှိပါသည်။ အဆိုပါသင်တန်းကို အောက်ဖော်ပြပါ အချက်အလက်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ''ခ''လိုင်စင်အနည်းဆုံး (၃)နှစ်သက်တမ်းရှိရမည်။ ''င''လိုင်စင်ရှိသူများလည်း လျှောက်ထားနိုင်သည်။
(ခ) အသက် (၂၅)နှစ်မှ (၅၅)နှစ်အတွင်း ရှိရမည်။
(ဂ) ယာဉ်ကြီးမောင်းနှင်သည့် အတွေ့အကြုံရှိသူဖြစ်ရမည်။
(ဃ) လက်ရှိ YBS ယာဉ်လိုင်းများတွင် မောင်းနှင်သူများဖြစ်ပါက သက်ဆိုင်ရာ ယာဉ်လိုင်းကုမ္ပဏီ၏ ထောက်ခံချက်ပါရှိရမည်။
(င) အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။

၂။ **သင်တန်းဖွင့်လှစ်မည့်အစီအစဉ်**
(က) သင်တန်းအမှတ်စဉ် (၁၅)ကို ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ ဒုတိယအပတ်အတွင်း ဖွင့်လှစ်မည်။
(ခ) သင်တန်းပြီးဆုံးအောင်မြင်ပါက မူလလျှောက်ထားသည့် ယာဉ်လိုင်းကုမ္ပဏီများတွင် ဆက်လက်မောင်းနှင်ခွင့်ပြုမည်။
(ဂ) ပြင်ပယာဉ်မောင်းများဖြစ်ပါက YBS ယာဉ်လိုင်းများတွင် မောင်းနှင်ခွင့်ပြုမည်။
(ဃ) သင်တန်းကာလကို ရက်သတ္တပတ်(၃)ပတ် တက်ရောက်ရမည် ဖြစ်ပြီး သင်တန်းအောင်မြင်လျှင် YBS မောင်းနှင်ခွင့်(င)လိုင်စင် ကတ်ရရှိမည်ဖြစ်ပါသည်။
(င) **လျှောက်လွှာယူခြင်းနှင့်တင်ရမည့်နေရာ** - YRTA (ရုံးချုပ်) (ကျိုက္ကဆံစုပါဝမ်းကုန်တိုက်အနီး) အမှတ်(၆၅)၊ လေးထောင့်ကန်လမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်။

၃။ သင်တန်းသားဦးရေအကန့်အသတ်ရှိပါ၍ အမြန်ဆုံးလာရောက်လျှောက်ထားကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၄၁၉၀၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### ပျောက်ဆုံးခြင်း

ကျွန်တော် အောင်ဇင်ဦး(ဘ)ဦးကျော်စိုး ၉/ရမသ(နိုင်)၁၄၄၉၀၁၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**အောင်ဇင်ဦး ဖုန်း-၀၉-၇၉၉၁၄၁၇၃၇**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံ တက္ကသိုလ်၊ ဓာတုဗေဒ၊ စတုတ္ထနှစ်၊ ၄ခ-၁၀ ဖြင့် ဖြေဆိုအောင်မြင်ထားသော နန်းအမ်ဆုတ်၏ဖခင် ဦးစိုင်းတစ်နှင့် ဦးအိုက်တစ် ၁၃/ကတန(နိုင်)၀၁၅၈၁၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုင်းတစ်(ခ)ဦးအိုက်တစ်**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဘိုဝင်း ၁၁/ပတန(နိုင်)၁၃၆၆၈၅၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၆၃၈၉၃၁၇**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၇၁)၊ ဈေးချောင်းတောင်အကွက်၊ မြေကွက်အမှတ်(၄၄၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကကို ဒေါ်နှင်းနှင်းအေးအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၇၁)၊ ဈေးချောင်းတောင်အကွက်၊ မြေကွက်အမှတ် (၄၃၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကကို ဦးတင်မောင်ထွန်းအမည်ဖြင့် မြေပေးမိန့် ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်၊ မြေကွက်အမှတ် (ပ-၂၁၂၃၁)၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေကွက်အား ဦးမြင့်စန်း၊ မြို့နယ်တရားသူကြီး တရားရုံးချုပ်အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပြီး အမည်ပေါက်ဦးမြင့်စန်းသည် ၇-၃-၂၀၁၂ရက်တွင် ကွယ်လွန်သွားသဖြင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်နုယဉ် ၉/ကဆန(နိုင်)၀၀၇၆၅၉(ဘ) ဦးထွန်းရှိန်မှ သေဆုံးခြင်းလက်မှတ်မိတ္တူ၊ အငြိမ်းစားလစာထုတ်စာအုပ်မိတ္တူ၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်တရားသူကြီး၏ ထောက်ခံချက်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၂၂၅)၊ ဧရိယာ ၀ဒသမ၀၈၂ ဧကရှိ ဦးတင်ရှိန်(ဘ)ဦးစိန် ၉/လဝန(နိုင်)၀၁၆၃၆၄ အမည်ပေါက် ပါမစ်မြေကွက်အား ဦးမျိုးမင်းသန်း(ဘ)ဦးထွန်းသန်း ၈/ရစက(နိုင်)၁၁၆၈၀၀မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ မြေကွက်အမှတ် (ဒ-၂၃၆၆)၊ ဧရိယာ ၀ဒသမ၂၂၉ဧကရှိ ဦးထက်အောင်ဝေ (ဘ)ဦးအောင်သန်းထွန်း ၉/ပဥလ(နိုင်)၀၂၀၈၃၂ အမည်ပေါက် ပါမစ်မြေကွက်အား ဦးမြင့်စိန်(ဘ)ဦးချမ်းငြိမ်း ၃/ဘအန(နိုင်)၀၂၂၃၆၀မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အနန္တကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဆရာတော်ဘုရားကြီး၏ ဗိမာန်တော်ဖွင့်ပွဲ ရုပ်တုတော် ပူဇော်ပွဲနှင့် ဒသမအကြိမ် ဝိညူသပြဟ္မစာရီ ဓမ္မဗိသားစု ဆုံစည်းပွဲ ဖိတ်ကြားလွှာ

ပြည်တွင်းပြည်ပရှိ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆိုင်ရာ ရိပ်သာများနှင့် တပည့်များအနေဖြင့် ဆရာတော်ဘုရားကြီး၏ အေးမြသော မေတ္တာရိပ်အောက်တွင် ခွေးသိပ်ခိုနားရင်း နွေးထွေးလှသည့် အနန္တကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဆရာတော်ဘုရားကြီး၏ ဗိမာန်တော်ဖွင့်ပွဲ၊ ရုပ်တုတော် ပူဇော်ပွဲနှင့် ဒသမအကြိမ် ဝိညူသပြဟ္မစာရီ ဓမ္မဗိသားစု ဆုံစည်းပွဲသို့ ဗုဒ္ဓမြတ်စွာ သာသနာတော် တိုးတက်စည်းကားပြန့်ပွားရေးကို ရှေးရှုလျက် ပဏ္ဍိတာရာမ ဓမ္မသွေးရင်းသူနှင့် ဓမ္မသွေးမကင်းသူအားလုံး နီးကြားတက်ကြွစွာဖြင့် အရောက်လှမ်းလာ ကြပါရန် မေတ္တာရှေ့ထား၍ လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့(ရန်ကုန်)
သဒ္ဓမ္မာနုဂ္ဂဟအဖွဲ့(တောစခန်း၊ ပဲခူး)

ကျင်းပမည့်နေ့ ။ ။ ၁၃၈၀ ခုနှစ်၊ တပို့တွဲလဆန်း(၄-၅-၆) ရက်၊ ၂၀၁၉-ဖေဖော်ဝါရီ(၈-၉-၁၀) ရက်။
ကျင်းပမည့်နေရာ ။ ။ ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာ၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ သဲဖြူချောင်းကျေးရွာ၊ ဖုန်း - ၀၉-၇၆၇၈၆၄၆၇၂၊ ၀၉-၇၇၈၉၄၈၆၅၀

အလှူရှင်အပေါင်းတို့အနေဖြင့် မိမိတို့စွမ်းနိုင်သလောက် ပင့်သံဃာအရှင်မြတ်များနှင့် ဓမ္မဗိသားစု ဆုံစည်းပွဲ အလှူငွေအဖြစ် လှူဒါန်း နိုင်ကြပါသည်။
စတုဒိသာအလှူရှင်များ ပြန်ကြားရေးတွင် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
ဆွမ်းကြီးလောင်းဒါနလှူဒါန်းခြင်း အရေအတွက် (၂၅၀) ခန့်။

### ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁-၂၀၁၉ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၀)ပါ အိတ်ဖွင့်တင်ဒါကြော်ငြာတွင် တင်ဒါစိစစ်ရွေးချယ်မည့်နေရာ ပခုက္ကူခရိုင်အစား ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### အမည်မှန်

မိုးမောက်မြို့နယ်၊ အလက(ခွဲ) နွယ်လန်းကျောင်း၊ အဋ္ဌမတန်းမှ (ဘ)ဦးလဇွမ်တန်ဂွန်း၏သား လဇွမ်မောင်မျိုးဆွတ်ရိန်၏ အမည်မှန်မှာ မောင်မျိုးဆွတ်ရိန် ဖြစ်ကြောင်း။

**မောင်မျိုးဆွတ်ရိန်**

### ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက(၁) နဝမတန်း (B)မှ မောင်အလှမောင်၊ အထက(ခွဲ)ဆူးရာဇ်ချောင်းသတ္တမတန်းမှ မခင်ခင်သန်းနှင့် ဆဋ္ဌမတန်းမှ မောင်စိုးလင်းနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်စိန်ကျော် ၁၁/မဥန(နိုင်)၁၂၅၂၉၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မန်စီမြို့နယ်၊ အထက (မန်ဝိန်းကြီး) နဝမတန်း(A)မှ မဘောက်ဆန့်၏ ဖခင်အမည်မှန်မှာ ဦးဂမ်ဖန် ၁/မစန(နိုင်)၀၀၀၁၉၁ ဖြစ်ပါကြောင်း။

### Managing Director အဖြစ်ပြောင်းလဲခန့်အပ်ခြင်း

အင်နိုကယ်ပီတယ်(လ်) မိုက်ခရိုဖိုင်းနက်(စ်) ကုမဏီလီမိတက် (အမှတ်-101474887) ၏ ၁၅-၁-၂၀၁၉ရက်တွင် ကျင်းပပြုလုပ်သော အစည်းအဝေးမှတ်တမ်းအရ လက်ရှိကုမ္ပဏီတွင် Director & CEO ရာထူးအား ပူးတွဲတာဝန်ထမ်းဆောင်နေသော Mr.Son Won Min အား Managing Director & CEO အဖြစ် ပြောင်းလဲခန့်အပ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အင်နိုကယ်ပီတယ်(လ်)မိုက်ခရိုဖိုင်းနက်(စ်)ကုမ္ပဏီလီမိတက်**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်) မြေကွက်အမှတ် (ဒ-၃၀၆၇၂)၊ ဧရိယာ ၀ဒသမ၁၄၆ဧကရှိ ဦးကျော်စွာထွန်း(ဘ)ဦးအေးထွန်း ၁၃/လရန(နိုင်)၁၀၃၇၁၁၊ အမည်ပေါက် ပါမစ်မြေကွက်အား ဦးဝေလင်းထွန်း (ဘ)ဦးသန်းမောင်(ခ)ကွာတျန်စန် ၁၂/လသန(နိုင်) ၀၂၁၄၈၅မှ မြေပေးမိန့်(ပါမစ်) မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၆၁၇၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးအောင်မိုး အမည်ပေါက် ပါမစ်မြေကွက်အား ဦးသောင်းတန် (ဘ)ဦးမြင့်သိန်း ၅/ထခန(နိုင်)၀၄၆၄၆၅မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၄၇၇/၂၀၁၈)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/1707 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် EE/5427 Toyota Succeed Ncp51/ S/W (4×2) ယာဉ်လက်ဝယ်ရှိသူ SHWE MEK HONG Trd Co.,Ltd မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့**

## ကုန်ပစ္စည်းအမည် MLM အား Marlarmyaing ဟု ဖော်ပြသုံးစွဲမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားပြီး မာလာမြိုင်ကုမ္ပဏီလီမိတက်မှ ဖြန့်ဖြူးရောင်းချလျက်ရှိသော အောက်ပါစိုက်ပျိုးရေးသုံးဆေးပစ္စည်းများ၏ Trade Name အမည်များအား ဖော်ပြပါအတိုင်း သုံးစွဲမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | ကုန်ပစ္စည်းအမည်(အင်္ဂလိပ်အညွှန်း) | ကုန်ပစ္စည်းအမည်(မြန်မာအညွှန်း) | မှတ်ပုံတင်အမှတ် |
|---|---|---|---|
| ၁။ | Marlarmyaing Mancozeb 80%WP (Mancozeb 80%WP) | မာလာမြိုင်မန်ကိုဇက် ၈၀% ဒဗလျူပီ | P-2017-3780 |
| ၂။ | Marlarmyaing Cyper 10%EC (Cypermethrin 10%EC) | မာလာမြိုင်ဆိုက်ပါ ၁၀%အီးစီ | P-2017-1348 |
| ၃။ | Marlarmyaing Phenthoate 50%EC (Phenthoate 50%EC) | မာလာမြိုင်ဖန်သိုအိတ် ၅၀%အီးစီ | P-2018-1604 |
| ၄။ | Marlarmyaing GNS 50%EC (Fenitrothion 50 EC) | မာလာမြိုင်ဂျီအန်အက်(စ်) ၅၀%အီးစီ | P-2015-2393 |
| ၅။ | Marlarmyaing Mectin 1.8%EC (Abamectin 1.8% EC) | မာလာမြိုင်မက်တင် ၁.၈ %အီးစီ | P-2017-3776 |
| ၆။ | Marlarmyaing Phate 75%SP (Acephate 75%SP) | မာလာမြိုင်ဖိတ် ၇၅%အက်(စ်)ပီ | P-2017-3777 |
| ၇။ | Marlarmyaing Tho Hlaung Say 56%Tablet (Aluminium Phosphide 56%TB) | မာလာမြိုင်သိုလှောင်ဆေး ၅၆%တီဘီ | P-2017-3778 |
| ၈။ | Marlarmyaing 505EC (Chlorpyrifos 50%+ Cypermethrin 5%EC) | မာလာမြိုင် ၅၀၅ အီးစီ | P-2017-3779 |
| ၉။ | Marlarmyaing Mango 15%WP (Paclobutrazol 15%WP) | မာလာမြိုင် မန်ဂိုး ၁၅%ဒဗလျူပီ | P-2018-4166 |
| ၁၀။ | Marlarmyaing Tonik 2%SL (Sodium-O-nitropneno1 0.6%+ Sodium-p-nitropneno1 0.8%+ Sodium-2,-4-dinit-5-nitroguaiacol 0.4SL) | မာလာမြိုင်တောနစ် ၂%အက်(စ်)အယ်(လ်) | P-2018-4167 |

သို့ဖြစ်ပါ၍ အဆိုပါ ကုန်သွယ်မှုအမည်ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လိပ်စာ-** **Marlarmyaing Company Limited.**
**အမှတ် (၅၃၁/ဘီ)၊ မာလာမြိုင်ရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ်(၁၁၈)၊ ကသဲစုအကွက်၊ မြေကွက်အမှတ် (၁၁၉)၊ ဧရိယာ ၀ ဒသမ ၀၅၃ ဧကကို ဒေါ်ဆန်းအေးအမည်ဖြင့် မြေပေးမိန့် ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အကွက်အမှတ် (၁၁၈)၊ ကသဲစုအကွက်၊ ဦးပိုင်အမှတ် (၁၂၃-စ)၊ ဧရိယာ ၀ ဒသမ ၀၄၁ဧကရှိ ဥယျာဉ်မြေကို ဦးမျိုးဦး အမည်ဖြင့် မြေငှားဂရန်အသစ်ထုတ်ပေးပါရန် လျှောက်ထားလာသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ အကြောင်းကြားပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

### Air-Con အဟောင်း/အပျက်များ

ဈေးကောင်းပေးဝယ်သည်။
ကိုမောင်မောင်တင်
**ဖုန်း-၀၉-၇၃၀၉၅၉၅၀၊ ၀၉-၇၆၅၀၈၅၈၅၀**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/4448 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဗဟိုရ်စည် (၉)လမ်း၊ အမှတ် (၂၁၉၈)၊ ဦးသန်းဦး ၇/ပခန(နိုင်)၁၃၄၁၆၈၊ ဒေါ်စန်းတင် ၇/ပခန(နိုင်)၁၃၅၁၇၇တို့၏ သား မောင်နေလင်းဦး ၇/ပခန(နိုင်)၃၄၂၂၄ သည် မိဘ၏ဆိုဆုံးမမှုကို မခံယူဘဲ မိမိသဘောအတိုင်း ပြုမူနေထိုင်ပြီး မိဘတို့အား အကြိမ်ကြိမ်စိတ်ဆင်းရဲစိတ်ဒုက္ခရောက်အောင် အမျိုးမျိုးပြုလုပ်ခဲ့ပါသဖြင့် ၎င်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အဆိုပါကြော်ငြာအား ထည့်သွင်းပြီးသည့်ရက်မှစ၍ မောင်နေလင်းဦးအား အထက်ပါလိပ်စာတွင် နေထိုင်ခွင့် ပြုတော့မည်မဟုတ်သည့်အပြင် တစ်စုံတစ်ရာ လာရောက်ပြဿနာရှာခဲ့သည်ရှိသော် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးသန်းဦး-ဒေါ်စန်းတင်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/9442 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# ၁၉-၁-၂၀၁၉ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဦးကျော်သန်းတင့် (ခ) James Jason ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးသိန်းထွန်း(တရားလွှတ်တော်ရှေ့နေ) (စဉ်-၂၂၉၃) နှင့် ဒေါ်မြတ်သန္တာငြိမ်း(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၁၅၈၈)တို့၏ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာချက်များမှာ မှန်ကန်မှုမရှိပါသဖြင့် တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ကန်ရိပ်သာလမ်းသွယ်၊ အမှတ် (၆၃)နေ ဒေါ်မြမဥ္ဇူ (Managing Director)(M.Interiors Design Co.,Ltd)၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကျော်သန်းတင့်၏ ဖော်ပြပါကြေးမုံသတင်းစာပါကြေညာချက်အပေါ် အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်းကြေညာလိုက်ပါသည်။

၁။ ဒေါ်မြမဥ္ဇူသည် M.Interiors Design Co.,Ltd. အား (၂၀၁၁)ခုနှစ်၌ စတင်ထူထောင်ခဲ့ပြီး၊ (၂၀၁၄)ခုနှစ်တွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ တရားဝင်မှတ်ပုံတင်လက်မှတ်ရယူကာ စီးပွားရေးလုပ်ငန်းများကို ကောင်းသောဂုဏ်သတင်းဖြင့် ဆောင်ရွက်လုပ်ကိုင်ခဲ့သည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ထို့အပြင် အများပြည်သူများအကြား အောင်မြင်ကျော်ကြားသောကုမ္ပဏီတစ်ခုဖြစ်သည့်အားလျော်စွာ International Property Award မှပေးအပ်သည့် ဆုတစ်ခုဖြစ်သည့် Best Renovation Honorable Mention ဆုကို ပထမ Rangoon Tean House ဖြင့် ဆုရရှိခဲ့သည့် ကုမ္ပဏီတစ်ခုလည်းဖြစ်ပါသည်။

၂။ ဦးကျော်သန်းတင့်သည် M.Interiors Design Co.,Ltd. ၏ အောင်မြင်ကျော်ကြားသော ဂုဏ်သတင်းများကို Website, Media များမှ တစ်ဆင့်သိရှိခဲ့ပြီး၊ ကုမ္ပဏီသို့ အလုပ်လာရောက်လျှောက်ထားခဲ့ရာ ၎င်းမှာ မြန်မာပြည်၌ မည်သည့်အခါကမှ အလုပ်လုပ်ကိုင်ဖူးခြင်းမရှိသောကြောင့် အခြေခံမှစ၍ လက်တွေ့သင်ယူစေကာ ၅-၆-၂၀၁၆ရက်၌ အလုပ်စတင်ခန့်အပ်ခဲ့ပါသည်။ M.Interiors Design Co.,Ltd. ၌ (၈)လခန့် လက်တွေ့သင်ယူစေပြီးနောက် ၎င်းအား ကုမ္ပဏီမှ Junior Partner ရာထူးပေး၍ ၁-၄-၂၀၁၇ရက်စွဲပါ စာချုပ်ကို ချုပ်ဆိုလုပ်ကိုင်စေခဲ့ပါသည်။ ထိုသို့ ရာထူးပေးပြီး စာချုပ်ဖြင့်လုပ်ကိုင်စေခဲ့သော်လည်း ၎င်းမှာ ကုမ္ပဏီ၏လခစားဝန်ထမ်းတစ်ဦးအနေဖြင့်သာရှိခဲ့ပါသည်။ ကုမ္ပဏီနှင့် ဦးကျော်သန်းတင့်တို့အကြား ချုပ်ဆိုခဲ့သောစာချုပ်မှာ ဒေါ်မြမဥ္ဇူ၏အစီအစဉ်ဖြင့် ချုပ်ဆိုရခြင်းဖြစ်သည်ဟု ဦးကျော်သန်းတင့်မှ မမှန်မကန်ကြေညာနေခြင်းဖြစ်ပြီး ထိုစာချုပ်ကိုချုပ်ဆိုရာတွင် third party business consultant (Anthem Asia Co.,Ltd.) ကို ငှားရမ်း၍ (၅)လနီးပါးခန့် အချိန်ယူစီစဉ်ကာ နှစ်ဦးနှစ်ဖက်စိတ်တိုင်းကျ ကျေလည်ကျေနပ်သည့်အချက်များဖြင့် သဘောတူညီမှုရရှိသည့်အခါမှ ၎င်းကိုယ်တိုင် ကြည်ဖြူစွာဖြင့် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။

၃။ ဦးကျော်သန်းတင့်သည် M.Interiors Design Co.,Ltd. သို့ အလုပ်ဝင်ရောက်လုပ်ကိုင်ခြင်းမပြုမီအချိန်ကတည်းမှ ကုမ္ပဏီအနေဖြင့် အရည်အချင်းပြည့်မီသော ကျွမ်းကျင်သည့်ဝန်ထမ်းကောင်းများဖြင့် Interiors Design ရေးဆွဲခြင်းလုပ်ငန်းများကို နာမည်ဂုဏ်သတင်းကောင်းတစ်ခုဖြင့် အောင်မြင်ကျော်ကြားစွာ လုပ်ကိုင်ခဲ့သောကုမ္ပဏီဖြစ်ရာ ဦးကျော်သန်းတင့်၏ သတင်းစာကြေညာစာပါအတိုင်း ၎င်းမှကုမ္ပဏီတွင် မူလကသုံးစွဲနေသော (DRAWING DESIGN) များကို နိုင်ငံတကာအဆင့်မီ (STANDARD DESTIGN DRAWINS) ဖြစ်စေရန် တာဝန်ယူဆောင်ရွက်ပေးစရာအကြောင်းမရှိသည့်အပြင် ထိုသို့ဆောင်ရွက်ပေးရန်လည်း ၎င်းမှာ အရည်အချင်းပြည့်မီသူမဟုတ်ပါ။ ထို့ပြင် ကုမ္ပဏီဝန်ထမ်းများကိုလည်း ကျွမ်းကျင်တတ်မြောက်စေရန် ၎င်းမှပညာသင်ပေးခဲ့ပါသည်ဟု ယုတ္တိမတန် မမှန်သည်များကို ကြေညာနေခြင်းဖြစ်ပြီး ထိုကြေညာချက်မှာ ကုမ္ပဏီဝန်ထမ်းများနှင့် ကုမ္ပဏီ၏ဂုဏ်အသရေကိုထိခိုက်စေသည့် ကြေညာချက်ဖြစ်ပါသည်။ ဦးကျော်သန်းတင့်အပါအဝင် ကုမ္ပဏီဝန်ထမ်းများကို ဆွစ်ဇာလန်နိုင်ငံသား P.hd တစ်ဦး ဦးစီးဖွင့်လှစ်ထားသည့် G-Net work AG ၌ Project Management သင်တန်းကို ဝန်ထမ်းများအားလုံး တက်ရောက်သင်ကြားစေရန် ကုမ္ပဏီမှသာအကုန်အကျခံကာ သင်ကြားစေခဲ့ခြင်းသာရှိခဲ့ပါသည်။ ထို့အပြင် ၎င်းထက် ရာထူးမြင့်သော Heat Architect နှစ်ယောက်ဖြင့် ကုမ္ပဏီလုပ်ငန်းများကို ကြည့်ရှုဆောင်ရွက်စေခဲ့ပါသည်။ ထို Architect နှစ်ယောက်နှင့် အခြား Design ဝန်ထမ်းများသည် ၎င်းကဲ့သို့မဟုတ်ဘဲ မိမိလုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်နိုင်သော လက်တွေ့ပညာရပ်များ၊ ဘွဲ့လက်မှတ်များရရှိထားသောသူများဖြစ်ကြပါသည်။

၄။ ဦးကျော်သန်းတင့်၏ ဖော်ပြပါ ကြေးမုံသတင်းစာကြေညာချက်၌ ကုမ္ပဏီအတွက် လိုအပ်သည့်ဝန်ထမ်းအသစ်ရှာပေးခြင်း၊ လိုအပ်သည့် အတတ်ပညာများသင်ကြားပေးခြင်းကို စေတနာထက်သန်စွာ စီမံဆောင်ရွက်ပေးခဲ့ပါသည်ဟုဆိုခြင်းမှာ လုံးဝမှန်ကန်မှုမရှိပါ။ ကုမ္ပဏီ၏ဝန်ထမ်းများနှင့်စပ်လျဉ်း၍ ၎င်း၌စီမံဆောင်ရွက်ပိုင်ခွင့်မရှိပါ။ ကုမ္ပဏီအနေဖြင့် ဝန်ထမ်းရှာဖွေခေါ်ယူရာတွင်လည်း သက်ဆိုင်ရာ Agency များနှင့်သာ ချိတ်ဆက်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ကုမ္ပဏီ၏ဆောင်ရွက်လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းနှင့်ကိုက်ညီစွာ အလုပ်လျှောက်ထားသူများအား Interview အဆင့်ဆင့်ထိုင်ပြီးနောက်မှ ရာထူးဌာနအလိုက် အရည်အချင်းပြည့်မီသော ကျွမ်းကျင်ဝန်ထမ်းများကို ဒေါ်မြမဥ္ဇူ၏ အဆုံးအဖြတ်ဖြင့် ခန့်အပ်ခဲ့ခြင်းဖြစ်ပါသည်။

၅။ ဦးကျော်သန်းတင့်မှ ဆောက်လုပ်ရေးကြီးကြပ်မှုဆိုင်ရာလုပ်ငန်းများကို ပူးတွဲလုပ်ကိုင်ရသည်ဟု ကြေညာခြင်းနှင့်စပ်လျဉ်း၍လည်း M.Interiors Design Co.,Ltd. သည် ယခုအချိန်အထိ မည်သည့်ဆောက်လုပ်ရေးလုပ်ငန်းကိုမျှ ဆောင်ရွက်လုပ်ကိုင်ခြင်းမပြုဘဲ Design ရေးဆွဲခြင်းလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်သော ကုမ္ပဏီဖြစ်ပါသည်။ ဒေါ်မြမဥ္ဇူအနေဖြင့် အခြားဆောက်လုပ်ရေးလုပ်ငန်းတစ်ခုကို လုပ်ဆောင်သည်ဆိုရာ၌လည်း ၎င်း၏ခင်ပွန်းဖြစ်သူလုပ်ငန်းအား ကူညီလုပ်ဆောင်ပေးခြင်းသာဖြစ်ပြီး၊ ထိုလုပ်ငန်းသည် M.Interiors Design Co.,Ltd. နှင့် သက်ဆိုင်ခြင်းမရှိသကဲ့သို့ အဆိုပါလုပ်ငန်းတွင် ဦးကျော်သန်းတင့်အား မည်သည့်အခါကမှ ပါဝင်ပတ်သက်စေခိုင်းခဲ့ခြင်းမျိုးမရှိခဲ့ပါ။

၆။ ဦးကျော်သန်းတင့်အား Junior Partner ရာထူးကိုပေးပြီး စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့သော်လည်း (၁)နှစ်ခန့်အကြာတွင် ဦးကျော်သန်းတင့်မှ ၎င်း၏မိသားစုအခက်အခဲကြောင့် မိသားစုကိုယ်ပိုင်လုပ်ငန်းကို ပြောင်းရွှေ့လုပ်ကိုင်လို၍ Junior Partner အနေဖြင့်ချုပ်ဆိုထားသော စာချုပ်ဖြင့် ဆက်မလုပ်လိုတော့ကြောင်းပြောပြီး စာချုပ်ကိုဖျက်သိမ်းပေးရန်နှင့် ၎င်းပါဝင်၍ Design ရေးဆွဲပေးနေရသော Project (၂)ခုအား လုပ်ငန်းအတွေ့အကြုံရရှိရန်အတွက် ပြီးဆုံးသည်အထိ လုပ်ကိုင်ခွင့်ပြုရန်၊ ထိုကာလအတွင်းစာချုပ်ချုပ်ဆိုလိုပါက consultancy contract အနေဖြင့်သာ ချုပ်ဆိုခွင့်ပြုရန် မေတ္တာရပ်ခံတောင်းဆိုခဲ့သည့်အပေါ် ကုမ္ပဏီဘက်မှ သဘောထားကြီးစွာဖြင့် လိုက်လျောပေးသည့်အပြင် Junior Partner စာချုပ်ဖြင့် ၎င်းအလုပ်လုပ်နေစဉ်အတောအတွင်းတွင်လည်း ၎င်းအား လုပ်ခလစာ၊ ၎င်းလုပ်ကိုင်နေသည့် Project ၏ အမြတ်ခံစားခွင့်ရာခိုင်နှုန်း Bonus နှင့် ကုမ္ပဏီစရိတ်ဖြင့် လစဉ်ခရီးသွားခွင့် အခွင့်အရေးများကို ၎င်းတောင်းဆိုသည့်အတိုင်း ပေးအပ်ခဲ့ပါသည်။ ကုမ္ပဏီ၌ အလုပ်လုပ်စဉ်ကာလအတွင်း ၎င်း၏မိသားစုအခက်အခဲကြောင့် Project (၂)ခုသာလျှင် ဆက်လက်လုပ်ကိုင်နိုင်တော့မည့်အကြောင်းကိုလည်း စည်းကမ်းဖောက်ဖျက်ကာ ကုမ္ပဏီသို့ Project အပ်နှံသူများထံ ၎င်းကိုယ်တိုင်အသိပေးအကြောင်းကြားခြင်းမျိုးကိုလည်း လုပ်ဆောင်ခဲ့ပါသည်။ ထို့အပြင် ၎င်း၏ဆန္ဒအတိုင်း Consultancy Contract စာချုပ်ချုပ်ဆိုရန် စာချုပ်ပါအချက်များကို ၎င်း၏စိတ်တိုင်းကျအချိန်ဆွဲ၍ ပြင်ဆင်နေပြီး ထိုအချိန်အတွင်းပင် ဒေါ်မြမဥ္ဇူ၏ (၁-၁-၂၀၁၉)၊ (၈-၁-၂၀၁၉) နှင့် (၁၅-၁-၂၀၁၉)ရက်စွဲများဖြင့် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများ၌ ဖော်ပြကြေညာခဲ့သည့်အတိုင်း ဦးကျော်သန်းတင့်သည် လုပ်ငန်းတာဝန်များ ကျေပွန်မှုမရှိခြင်း၊ ဝန်ထမ်းတစ်ဦး၏ အတိုင်းအတာထက်ကျော်လွန်ကာ ပြုမူပြောဆိုဆောင်ရွက်ချက်များရှိခဲ့ခြင်း၊ ထိုသို့မပြုလုပ်ရန် သတိပေးတားမြစ်ခဲ့သော်လည်း လိုက်နာမှုမရှိခဲ့ခြင်းတို့အတွက် ၎င်းအား ကုမ္ပဏီဝန်ထမ်းအဖြစ်မှ ၂၁-၁၂-၂၀၁၈ ရက်တွင် ထုတ်ပယ်ခဲ့ခြင်းဖြစ်ပါသည်။

၇။ ဦးကျော်သန်းတင့်၏ကြေးမုံသတင်းစာကြေညာချက်၌ လူမှုရေးအရ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေါ်မြမဥ္ဇူနှင့် ဦးကျော်သန်းတင့်တို့အကြားတွင် ပုဂ္ဂိုလ်ရေးအရ နားလည်မှုမရှိကြတော့သဖြင့် ဦးကျော်သန်းတင့်အနေဖြင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန်မဖြစ်နိုင်တော့ပါဟု မမှန်မကန်များကိုလီဆယ်၍ ကြေညာထားခြင်းဖြစ်ပါသည်။ ဦးကျော်သန်းတင့်သည် ကုမ္ပဏီဝန်ထမ်းတစ်ဦးသာဖြစ်၍ ၎င်းဆောင်ရွက်လုပ်ကိုင်ရသောလုပ်ငန်းကိုသာ ဆောင်ရွက်ရခြင်းဖြစ်ပြီး ကူညီဆောင်ရွက်ပေးစရာအကြောင်းမရှိပါ။ ထို့ပြင် ဦးကျော်သန်းတင့်နှင့် ဒေါ်မြမဥ္ဇူတို့အကြား ပုဂ္ဂိုလ်ရေးအရ နားလည်မှုမရှိကြတော့ခြင်းဆိုသည်မှာ မမှန်ပါ။ ဦးကျော်သန်းတင့်သည် ဒေါ်မြမဥ္ဇူ၏ ကုမ္ပဏီဝန်ထမ်းတစ်ဦးသာဖြစ်၍ ဝန်ထမ်းတာဝန်မကျေပွန်သော၎င်းအား ထုတ်ပယ်ခဲ့ခြင်းသာဖြစ်ပါသည်။ ကုမ္ပဏီဝန်ထမ်းတစ်ဦးအား ဝန်ထမ်းတာဝန်မကျေပွန်၍ ကုမ္ပဏီပိုင်ရှင်မှ ထုတ်ပယ်လိုက်ခြင်းအပေါ် လူအများအထင်အမြင်လွဲမှားစေရန် ပုဂ္ဂိုလ်ရေးပတ်သက်ဆက်နွှယ်မှုရှိသယောင်အနေနှင့် ပုဂ္ဂိုလ်ရေးအရနားလည်မှုမရှိကြတော့သဖြင့်ဟုရေးသားကြေညာနေခြင်းမှာ ဒေါ်မြမဥ္ဇူ၏ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေခဲ့သည့်အတွက် ဦးကျော်သန်းတင့်အပေါ် ဒေါ်မြမဥ္ဇူမှ တရားစွဲဆိုသွားမည်ဖြစ်ပါသည်။

၈။ ဦးကျော်သန်းတင့်၏ ကြေးမုံသတင်းစာကြေညာချက်၌ ၎င်းသည် ဝန်ထမ်းမဟုတ်ကြောင်း၊ ယခင်ကလည်းအသိပေးအကြောင်းကြားထားပါသည်ဟု မမှန်မကန်သည်ကို ကြေညာထားပြီး ၎င်းဝန်ထမ်းမဟုတ်ကြောင်း မည်သည့်အခါကမျှ တစ်စုံတစ်ရာအကြောင်းကြားခဲ့ခြင်းမျိုး လုံးဝမရှိခဲ့ဖူးပါ။ ဦးကျော်သန်းတင့်နှင့် ကုမ္ပဏီအကြားမည်သို့သော စာချုပ်မျိုး ချုပ်ဆိုခဲ့စေကာမူ ဦးကျော်သန်းတင့်သည် M. Interiors Design Co.,Ltd ၏ လခစားဝန်ထမ်းတစ်ဦးသာဖြစ်ပါသည်။ ဦးကျော်သန်းတင့်နှင့် M. Interiors Design Co.,Ltd တို့အကြား ၁-၄-၂၀၁၇ရက်စွဲဖြင့် ချုပ်ဆိုထားသော စာချုပ်အရလည်းဦးကျော်သန်းတင့်သည် ကုမ္ပဏီဝန်ထမ်း (Employee) တစ်ဦးဖြစ်ကြောင်း သတ်မှတ်ဖော်ပြထားပြီးဖြစ်ပါသည်။

၉။ ဦးကျော်သန်းတင့်၏ ကြေးမုံသတင်းစာကြေညာချက်၌ ၎င်းကိုယ်ပိုင်ဉာဏ်စွမ်းဖြင့် ဖန်တီးရေးဆွဲထားသော DESIGN နှင့် DRAWING များကိုမည်သည့်လုပ်ငန်းတွင်မဆို ဆောင်ရွက်နိုင်သည်ဖြစ်ရာ မည်သူမျှ ကန့်သတ်တားဆီးပိတ်ပင်ပိုင်ခွင့်မရှိဟု ကြေညာနေခြင်းနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းသတိပေးလိုက်သည်မှာ M. Interiors Design Co.,Ltd ၌ တာဝန်ထမ်းဆောင်နေခဲ့သည့်အချိန်အတွင်း ၎င်းပါဝင်၍ အဖွဲ့လိုက်ရေးဆွဲထားသော Design Drawing များနှင့် ထိုအချိန်အတွင်း လုပ်ကိုင်ဆောင်ရွက်ခဲ့သော Project များအပါအဝင် M. Interiors Design Co.,Ltd နှင့်ဆက်နွှယ်ပတ်သက်ထားသည့် မည်သည့်လုပ်ငန်းတွင်မှ အသုံးပြုခွင့်မရှိပါကြောင်း တရားဝင်တားမြစ်ပိတ်ပင်အပ်ပါသည်။

၁၀။ ဦးကျော်သန်းတင့်သည်ကုမ္ပဏီမှ ထွက်ခွာသွားချိန်တွင် ၎င်းလက်ထောက်အဖြစ် တာဝန်ယူလုပ်ဆောင်ခဲ့ရသော Project များ၏ ကုမ္ပဏီမှတီထွင်ရေးဆွဲထားသည့် ကုမ္ပဏီပိုင် Design များနှင့် Project အချက်အလက်များအား ကုမ္ပဏီ၏ သဘောတူခွင့်ပြုချက်မရှိ၊ ကုမ္ပဏီမှသိရှိခြင်းမရှိဘဲ ၎င်း၏စိတ်ဆန္ဒဖြင့် ၎င်းကိုယ်တိုင်တစ်ဦးတည်း ဆက်လက်လုပ်ကိုင်နိုင်ပါသည်ဟု Project အပ်နှံသူများအား အသိပေးအကြောင်းကြားကာ ယူဆောင်သွားခဲ့ပါသည်။ ထိုသို့ ကုမ္ပဏီမှ ယူဆောင်သွားသော Design Drawing များ၊ Detail Drawing များ၊ 3D Drawing များနှင့် Drawing data document များသည် ၎င်းကိုယ်တိုင်တစ်ဦးတည်း မည်သို့မျှမရေးဆွဲနိုင်လောက်အောင်များပြားသောပမာဏနှင့် ၎င်းကိုယ်တိုင်နားလည်တတ်ကျွမ်းမှုနှင့် ရေးဆွဲနိုင်ခြင်းမရှိသော 3D Drawing များဖြစ်နေပါသည်။ ထို့အတွက် ကုမ္ပဏီ၌ လုပ်ငန်းပိုင်းဆိုင်ရာ ဆုံးရှုံးနစ်နာမှုများစွာပေါ်ပေါက်ခဲ့ပါသည်။

၁၁။ M. Interiors Design Co.,Ltd သည် အောင်မြင်ကျော်ကြားသည့်ကုမ္ပဏီတစ်ခုဖြစ်သည့်အားလျော်စွာ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်တာကာလအတွင်းပင် စီးပွားရေးလုပ်ငန်းရှင်များမှအပ်နှံခဲ့သည့် Project ပေါင်း (၅၀)ကျော်၏ Design များနှင့် Drawing များကိုရေးဆွဲပေးခဲ့ရပြီး ဦးကျော်သန်းတင့်ကုမ္ပဏီဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ထို Project ပေါင်းမြောက်မြားစွာထဲမှ ၎င်းပါဝင်ရေးဆွဲပေးရသည့် Project မှာ (၂)ခုခန့်သာရှိသည်ကို ၎င်းကိုယ်တိုင်သိရှိပြီးဖြစ်သည့်အပြင် ကုမ္ပဏီ၌လည်း အထောက်အထားခိုင်လုံစွာရှိပြီးဖြစ်ပါသည်။ ဤသည်ကို ကုမ္ပဏီသို့ရောက်ရှိခါစ အသက်(၂၅)နှစ်ခန့်သာရှိသေးသည့် အတွေ့အကြုံနုနယ်သေးသော ဦးကျော်သန်းတင့်သည် ၎င်းတစ်ဦးတည်းကသာ ကုမ္ပဏီ၌အရည်အချင်းပြည့်ဝသူ ကုမ္ပဏီ၌အရေးပါအရာရောက်သူအဖြစ် ဦးစီးဦးဆောင်ပြု တာဝန်ယူဆောင်ရွက်ခဲ့ရသည့်အသွင်ယူကာ M. Interiors Design Co.,Ltd နှင့် ကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာ ဒေါ်မြမဥ္ဇူအပေါ် ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် လုပ်ငန်းထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မမှန်မကန်သည်များကို တမင်လီဆယ်၍ ကြေညာနေခြင်းဖြစ်ပြီး ထိုသို့ကြေညာခဲ့ခြင်းကြောင့် ဒေါ်မြမဥ္ဇူနှင့် M. Interiors Design Co.,Ltd ၏ ဂုဏ်သိက္ခာထိခိုက်နစ်နာစေပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် အများပြည်သူများအကြား ထင်ယောင်ထင်မှား ဖြစ်ပေါ်စေခဲ့ပါသည်။

၁၂။ သို့ပါ၍ ဒေါ်မြမဥ္ဇူအနေဖြင့် ထပ်မံကြေညာခြင်း၊ တုံ့ပြန်ကြေညာခြင်း စသည်တို့ပြုလုပ်တော့မည်မဟုတ်ဘဲ M. Interiors Design Co.,Ltd နှင့် ဒေါ်မြမဥ္ဇူ၏ စီးပွားရေးလုပ်ငန်းများ ဆုံးရှုံးနစ်နာမှုနှင့် ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေမှုတို့အတွက် ဦးကျော်သန်းတင့်အပေါ် ဒေါ်မြမဥ္ဇူမှ တည်ဆဲ တည်မြဲ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း ဦးကျော်သန်းတင့်နှင့် အများသိစေရန် တုံ့ပြန်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။


လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးအောင်မြင့် (B.A, R.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၇၄)
ဖုန်း-၀၉-၄၂၁၀၂၆၅၂၀

**ဒေါ်ဘေဘီသင်း (LL.B, LL.M)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၇၈)
ဖုန်း-၀၉-၄၂၁၀၂၂၄၇၊ ၀၉-၂၅၄၅၅၀၆၅၃

တိုက်အမှတ်-၃၊ အခန်း-၄၊ ကြို့ကုန်းအရာရှိရိပ်သာ၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

# ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင်
# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး
# (၆၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန်တိုင်းဒေသကြီး ၊မရမ်းကုန်းမြို့နယ်၊ကမ္ဘာအေးကုန်းမြေတွင် တည်ထားကိုးကွယ်သော ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၆၈)ကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ကျင်းပမြဲအတိုင်း ၁၃၈၀-ပြည့်နှစ် ၊တပို့တွဲလဆန်း(၅)ရက်မှ တပို့တွဲလဆန်း(၁၃)ရက်(၉-၂-၂၀၁၉မှ၁၇-၂-၂၀၁၉)ရက်ထိစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

စေတီတော်မြတ်ကြီး၏ဗုဒ္ဓပူဇနိယပွဲတော်တွင်၁၃၈၀-ပြည့်နှစ်၊တပို့တွဲလဆန်း(၅)ရက်မှ(၇)ရက် (၉-၂-၂၀၁၉ မှ ၁၁-၂-၂၀၁၉)ရက်ထိ နေ့စဉ် ည(၇း၃၀)နာရီတွင် ဓမ္မပူဇာအထူးတရားပွဲများဖြင့် ပူဇော်ပါမည်။ တပို့တွဲလဆန်း (၉)ရက် (၁၃-၂-၂၀၁၉)ရက်နှင့် တပို့တွဲလဆန်း (၁၃)ရက် (၁၇-၂-၂၀၁၉)ရက် နံနက်တွင် မြတ်စွာဘုရားအားရည်မှန်း၍ ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲများကျင်းပပြီး ၊တပို့တွဲလဆန်း (၉)ရက်မှ တပို့တွဲလဆန်း (၁၃)ရက် (၁၃-၂-၂၀၁၉ မှ ၁၇-၂-၂၀၁၉)ရက်ထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါမည်။ တပို့တွဲလဆန်း (၁၀)ရက် (၁၄-၂-၂၀၁၉)ရက်နံနက်(၈း၀၀)နာရီတွင် နှမ်းမနဲထိုးပွဲကျင်းပပါမည်။တပို့တွဲလဆန်း(၁၃)ရက် (၁၇-၂-၂၀၁၉)ရက် နံနက်(၈း၀၀)နာရီတွင် စေတီတော်အတွင်း၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများ ဦးဆောင်သည့်ပင့်သံဃာတော် (၄၅)ပါးတို့ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပြီးလှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူမင်္ဂလာကျင်းပကာ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပပါမည်။

သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် မိမိတို့တက်စွမ်းသမျှ ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင်လည်း မိမိတို့ကြိုက်နှစ်သက်ရာ ဆွမ်း၊ သင်္ကန်း၊ ဆေး၊ဝတ္ထုငွေစသည့်လှူဖွယ်ပစ္စည်းများဖြင့် ပါဝင်စာရင်းသွင်းလောင်းလှူကုသိုလ်ယူနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ပွဲတော်ကာလအတွင်း တပို့တွဲ လဆန်း(၈)ရက်မှ (၉)ရက် (၁၂-၂-၂၀၁၉မှ ၁၃-၂-၂၀၁၉ရက်ထိ) မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲနှင့် တပို့တွဲလဆန်း (၁၀)ရက်(၁၄-၂-၂၀၁၉)ညတွင် ဟားငါးကောင်အငြိမ့်၊ တပို့တွဲလဆန်း (၁၁)ရက်(၁၅-၂-၂၀၁၉)ညတွင် ဇွဲအငြိမ့် တပို့တွဲလဆန်း (၁၂)ရက် (၁၆-၂-၂၀၁၉)ရက်ညတွင် မြန်မာ့ဆိုင်းဝိုင်းတို့ဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့**
**ဖုန်း- ၀၁ ၆၆၃၁၄၆၊ ၀၁ ၆၆၅၄၂၅၊ ၀၉ ၂၅၀၆၇၇၂၈၉**

---

# သဒ္ဓမ္မပါလ ရွှေပြည်ထိုက်သစ်ကျောင်း (၈၃) ကြိမ် မြောက် တရားစခန်းဖွင့်မည်

တောင်ဥက္ကလာပမြို့နယ်(၁၄/၂)ရပ်ကွက်၊ဇင်ယော်လမ်း၊သဒ္ဓမ္မပါလရွှေပြည်ထိုက်သစ်ကျောင်း၌ ဝိပဿနာ(၇)ရက် တရားစခန်းကို (၄-၂-၂၀၁၉) မှ (၁၀-၂-၂၀၁၉) ထိ **သစ္စာဒီပက ဆရာကြီးဦးကြည်** ၏ နည်းနာနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာနနာယကကမ္မဋ္ဌာနာစရိယ **အဒ္ဓဇ္ဈသာသန ( သာသနဓဇမဟာဓမ္မာစရိယ )** ဆရာတော်ကိုယ်တိုင် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ပါ၍ စခန်းဝင်မည့်ယောဂီများ (၃-၂-၂၀၁၉) ညနေ(၅)နာရီအရောက် ကြွရောက်ပါရန် နှိုးဆော်အပ်ပါသည်။

**အကျိုးဆောင်အဖွဲ့** 09-73008262, 09-262000210, 01-563141

---

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော် အရှင်သူမြတ်များ သီတင်းသုံးရန် အတွက် ပေ (၇၀ × ၆၇) အကျယ်အဝန်းရှိ ကျောင်းဆောင်သစ်ဆောက်လုပ် ရာ၌ ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁ သိန်း |
| ၂။ | ၁၀ ပေပတ်လည် တစ်ကျင်းကြွေပြား | ၁ သိန်း |
| ၃။ | အခန်းတံခါး | ၂ သိန်း |
| ၄။ | ရေချိုးခန်း | ၃ သိန်း |
| ၅။ | ကုဋိတစ်ခန်း | ၅ သိန်း |
| ၆။ | သံကူကွန်ကရစ်လှေကားတစ်စုံ | ၉ သိန်း |
| ၇။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀ သိန်း |
| ၈။ | ရေတိုင်ကီတစ်လုံး | ၁၂ သိန်း |
| ၉။ | သံဃာလေးပါးနေတစ်ခန်း | ၂၀ သိန်း |
| ၁၀။ | ဓာတ်လှေခါး | ၂၅၀ သိန်း |
| ၁၁။ | ဘုရားခန်း | ၅၀ သိန်း |
| ၁၂။ | စာသင်ခန်းမဆောင် | ၁၀၀ သိန်း |
| ၁၃။ | ဆွမ်းစားဆောင် | ၃၅၀ သိန်း |
| ၁၄။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀ သိန်း |
| ၁၅။ | ကွန်ကရစ်တိုင်တစ်လုံး | ၃ သိန်း |
| ၁၆။ | စာချဆရာတော်များနေတစ်ခန်း | ၂၅ သိန်း |
| ၁၇။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀ သိန်း |
| ၁၈။ | သံဃာတစ်ပါးနေရန်တစ်နေရာ | ၅ သိန်း |
| ၁၉။ | အလူမီနီယံတံခါးများတစ်ထပ်လျှင် | ၂၂ သိန်း |

အလှူရှင်များ ကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း ၀၉-၈၆၃၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆
ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုရုံးစည်လမ်းမတော်
(Account No. 061-301-06100921001)
ရှိုးမဘဏ်၊ ဝါးတန်းလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ကျောင်းသို့ကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

## ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင်
## သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး
## နှမ်းမနဲလှူဒါန်းပွဲ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၆၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် နှမ်းမနဲလှူဒါန်းပွဲအား (၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၁၀ရက်)၊ ၁၄-၂-၂၀၁၉ ရက်တွင် နှမ်းမနဲထိုးပွဲကျင်းပပြီး မြတ်စွာဘုရားအားရည်မှန်း၍ နှမ်းမနဲဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတော်များအား နှမ်းမနဲဆွမ်းလောင်းလှူခြင်း၊ ဘုရားပွဲလာပရိသတ်များအား နှမ်းမနဲစတုဒိသာများ ဝေငှခြင်းပြုလုပ်မည်ဖြစ်ပါသည်။ နှမ်းမနဲဆွမ်းလှူဒါန်းလိုကြသော စေတနာရှင်များအနေဖြင့် နှမ်းမနဲတစ်ဒယ်လျှင် ၃၅၀၀၀ိ/-နှုန်းဖြင့် ဂေါပကရုံးသို့ အချိန်မီဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်းနှင့် အလှူရှင်များသို့ နှမ်းမနဲလက်ဆောင်ခြင်းများ ပြန်လည်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် နှိုးဆော်အပ်ပါသည်။

**သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့**
**ဖုန်း-၀၁-၆၆၃၁၄၆၊ ၀၁-၆၆၅၄၂၅၊ ၀၉-၂၅၀၆၇၇၂၈၉**

---

## စိုက်ပျိုးရေးရုံးချုပ်ဝန်ထမ်းဟောင်းများအသင်း
## (၁၀)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ
## ဖိတ်ကြားခြင်း

ခေတ်အဆက်ဆက်၊ စိုက်ပျိုးရေးရုံးချုပ်တွင်တာဝန်ထမ်းဆောင်ခဲ့ကြပြီး ရုံးချုပ်မှ အသက်(၇၅)နှစ်နှင့်အထက် သက်ပြည့်၊ နှစ်ပြည့် အငြိမ်းစားယူခဲ့သူ အသင်းဝင်ပြီးသော အသင်းသားများကို (၁၀)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပပါမည်။

**ကျင်းပမည့်ရက်** - ၂-၂-၂၀၁၉ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁း၀၀ နာရီ
**ကျင်းပမည့်နေရာ** - မျိုးစေ့ဌာနခွဲ၊ ခန်းမဆောင်၊ ကြို့ကုန်း၊ အင်းစိန်လမ်းမကြီး၊ ရန်ကုန်မြို့

အလှူငွေနှင့် ပစ္စည်းလှူဒါန်းလိုပါက အသင်းရုံး၊ စိုက်ပျိုးရေးပြတိုက်ဝင်း၊ မြေပဒေသာ၊ ဝန်ထမ်းဟောင်းများ၊ အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ စိုက်ပျိုးရေးဦးစီးဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်နေဆဲဝန်ထမ်းများ စုံညီစွာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**လမ်းညွှန်** - YBS -၁၅၊ ၁၆၊ ၂၁၊ ၃၉၊ ၄၁၊ ၆၅၊ ၆၈၊ ၇၈၊ ၈၈ စီး၍ ဘီ-ပီ-အိုင် မှတ်တိုင်ဆင်းပါ။

**အလုပ်အမှုဆောင်အဖွဲ့**

---

## တပ်မတော်မှတ်တမ်းရုံး
## စစ်မှုထမ်းဟောင်းအသင်း

အကြိမ် (၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေးပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၀-၂-၂၀၁၉ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီမှ ၁၂ နာရီထိ
**ကျင်းပမည့်နေရာ** - ၁၄ ရပ်ကွက်၊ ဓမ္မာရုံ၊ ရွှေပေါက်ကံမြို့သစ်
**ဆက်သွယ်ရန်** - ဖုန်း-၀၉-၂၅၄၃၂၂၇၇၁၊ ၀၉-၄၅၅၆၇၆၁၆၁

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၃၇၉

| | | | |
|---|---|---|---|
| ၁။ ဒေါ်လီလီ | နှင့် | ၁။ | ဒုတိယညွှန်ကြားရေးမှူးချုပ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမျိုးအောင်) |
| ၂။ မဇင်ဇင် | | ၂။ | ဒေါ်ခင်ခင်ဝင်း |
| | | ၃။ | ဒေါ်စန်းအေး |
| | | ၄။ | ဒေါ်တင်တင်ဝင်း |
| **တရားလိုများ** | | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းအိမ်ရာ၊ တိုက်(၃)၊ အခန်း(၂၀၄)နေ ဒေါ်ခင်ခင်ဝင်း (၂-တရားပြိုင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ကွယ်လွန်သူ ဖခင် ဦးဘီဟန်စိန် အမည်ဖြင့်ချထားပေးသော တိုက်ခန်းအား ပြန်လည်သိမ်းဆည်းခြင်းမရှိဘဲ၊ (၁) တရားပြိုင်၏ဌာနမှ အိမ်ရာစီမံကိန်းဆောက်လုပ်ပြီးနောက် ကွယ်လွန်သူ၏ ဇနီး(သို့မဟုတ်) သမီးဖြစ်သူအား ပြန်လည်ချထားပေးခြင်းမပြုဘဲ သူတစ်ပါးထံသို့ အိမ်ငှားအဖြစ်သတ်မှတ်၍ လက်ရောက်လွှဲပြောင်းပေးအပ်ခြင်း မှားယွင်းကြောင်း မြွက်ဟကြေညာပြီး တရားပြိုင်များထံမှ အခန်းအား Owner Book၊ တိုက်ခန်းသော့နှင့်တကွ အလွတ်အနေအထားအတိုင်း လက်ရောက်ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် (၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအေး)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/မြဝတီ)၊ ဦးပိုင်အမှတ် ၇၆၊ ဧရိယာ ၀ဒသမ၁၀၇ဧကအနက် ဧရိယာ ၀ဒသမ၀၅၆ ဧကအား ဒေါ်ခင်မာဆွေ(ဘ)ဦးရွှင် ၉/တကန(နိုင်)၁၀၄၀၇၃မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၄၂၀/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဟင်္သာတခရိုင်တရားမရုံး
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၀

| | | |
|---|---|---|
| ဦးစံလင်း | နှင့် | ဦးတင်မြ ပါ-၂၆ |
| **တရားလို** | | **တရားပြိုင်များ** |

အထက်ပါအမှုမှ (၅)တရားပြိုင် ဦးမင်းဇော်ဦး (ဘ)ဦးဖိုးတင်ထွေး၊ (၁၀)တရားပြိုင် ဦးလှသောင်း (ဘ) ဦးတင်အေး၊ ကျောင်းကွင်းကျေးရွာ၊ ဝတ်ကုန်းအုပ်စု၊ လေးမျက်နှာမြို့နယ်နေသူ (ယခုနေရပ်လိပ်စာမသိသူ) နှင့် (၁၂)တရားပြိုင် ဦးစိုးလွင် (ဘ) ဦးထွန်းရွှေ၊ ရှားတောရွာ၊ ဝတ်ကုန်းအုပ်စု၊ လေးမျက်နှာမြို့နယ်နေသူ (ယခုနေရပ်လိပ်စာမသိသူ) တို့သုံးဦး သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးစံလင်းက ဟင်္သာတခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၀/၂၀၁၈ တွင်စိုက်ပျိုးထားသည့် ရော်ဘာပင်၊ ကျွန်းပင်များအား ဝင်ရောက်ဖျက်ဆီးသည့်အတွက် စိုက်ပျိုးပင်များပျက်စီးဆုံးရှုံးမှုနှင့် နစ်နာမှုလျော်ကြေးငွေ ၁၂၆၀၀၀၀၀ိ/- (ကျပ်တစ်ရာ့နှစ်ဆယ့်ခြောက်သိန်း) ရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် ကိစ္စအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်ကိုဖြစ်စေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၆ရက် (၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်ကြူကြူဝင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ဟင်္သာတခရိုင်တရားရုံး**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်မြ (ပြည်မြို့)

**အသက်(၉၉)နှစ်**

ပြည်မြို့၊ အနောက်စောင်းတန်းလမ်း၊ အမှတ် ၁၃၉၇နေ (ဦးချစ်တီး-ဒေါ်တင့်)တို့၏သမီး၊ (ဦးဘသောင်း)၏ဇနီး၊ ဦးတင်မောင်သောင်း-ဒေါ်စန်းငွေ၊ ဦးအေးချိုသောင်း(ဒု-အထွေထွေ မန်နေဂျာ၊ ငြိမ်း၊ သစ်ထုတ်ရေး-ဒေါက်တာ ညွှန့်ညွှန့်ဆွေ၊ ဦးခင်ဇော်သောင်း( MD ပြည်အောင်တံခွန်ကုမ္ပဏီ)၊ (ဦးမောင်မောင်ထွန်း)-ဒေါ်မြမြသောင်း(ဦးစီးအရာရှိ၊ ငြိမ်း၊ စာရင်းစစ်ရုံး)၊ ဒေါ်ငွေငွေသောင်း(အမက-ကျောင်းကြီးရပ်)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်တင်မြသည် ၂၅-၁-၂၀၁၉ရက် (သောကြာနေ့) ည ၁၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ပြည်မြို့၊ အေးငြိမ်းရာ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးပြား (ညောင်တုန်းအသင်းနာယကကြီး)

**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အမှတ်(၉၄)နေ ဒေါ်ကျင်ဥ၏ခင်ပွန်း၊ ဦးစိုးသိန်း-ဒေါ်လွင်လွင်ချစ်၊ ဦးဝင်းသိန်း-ဒေါ်တင်တင်ဝင်း၊ ဦးဗစ်တာတင်ဦး-ဒေါ်ခင်စန်းဝင်း၊ ဒေါ်သက်သက်ဆွေ၊ ဦးသောင်းထွဋ်-ဒေါ်နီနီဝင်း၊ ဒေါက်တာစုစုခိုင်တို့၏ဖခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၆-၁-၂၀၁၉ရက်(စနေနေ့) ည ၇:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၉ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်စန်း [အထပြ(ငြိမ်း)၊ အထက(၁) မ/ဥက္ကလာ]

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇) ရပ်ကွက်၊ ရွှေနံ့သာလမ်း၊ အမှတ် ၄၂၄(ခ)နေ (ဦးမောင်စိန်-ဒေါ်ဝင်းကြည်)တို့၏သမီး၊ ဦးအေးချစ်(နတလ ဦးစီးဌာန၊ ငြိမ်း)-ဒေါ်လှလှမြင့်(ဗဟိုစာရင်းအင်းအဖွဲ့၊ ငြိမ်း)တို့၏ညီမ၊ Capt. ရန်နိုင်ချစ်-ဒေါ်ယုမွန်ဝင်းဇော်တို့၏အဒေါ်၊ မခင်ပိုးရည်သာ၏အဘွားသည် ၂၆-၁-၂၀၁၉ရက် (စနေနေ့)ညနေ ၃:၄၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၉ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာကြီး

## ဦးအေးလွင်

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ ရေနံ့သာလမ်း၊ တိုက်(၈၁)၊ အခန်း(၂)နေ (ဦးလေးမောင်)-ဒေါ်ခင်စိန်တို့၏သားကြီး၊ ဦးကျော်လွင်-ဒေါ်မြမြဝင်း၊ ဦးသီရိ-ဒေါ်ထွေးထွေးအေး၊ ရဲမှူးကြီးသန်းဌေးလွင်-ဒေါ်နန်းလှလှမြင့်၊ ဦးမန်းဘငွေ-ဒေါ်ဝင်းသီတာမိုးတို့၏အစ်ကိုကြီး၊ ဒေါ်စုစုမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုနေလင်း-မအေးမမ(ဩစတြေးလျ)၊ ကိုတင်အောင်ဝင်း-မချောမမ၊ ကိုအောင်ညွှန့်နီ-မအေးမမလွင်၊ မောင်အောင်ဇော်ဟိန်းတို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေး ၃ ယောက်တို့၏ဘိုးဘိုးကြီး၊ တူ/တူမ ၁၁ယောက်တို့၏ဦးလေးသည် ၂၅-၁-၂၀၁၉ရက် (သောကြာနေ့) နံနက် ၃:၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၉ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းအောင်

**သမဦးစီး(ငြိမ်း)၊ စိန့်ဂျွန်းကျောင်းသားဟောင်း**

**အသက်(၈၆)နှစ်**

သူငယ်ချင်းဦးသန်းထွန်းအောင်-ဒေါ်ခင်သီတာတို့၏ဖခင် ဦးသန်းအောင်သည် ၂၆-၁-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၁၁:၃၀ နာရီတွင်ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ်(၃၁)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## ဒေါ်မြမြ

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၁)လမ်း၊ အမှတ် ၂၁နေ (ဦးချစ်ခင်-ဒေါ်အေးရှင်)တို့၏သမီး၊ (ဦးအောင်မြိုင်)၏ဇနီး၊ ဦးအောင်ချိန်-ဒေါ်စန်းနု၊ ဦးတင်ယု-(ဒေါ်ခင်စန်းဝင်း)၊ ဦးစန်းသူ၊ ဦးကြည်အေး-ဒေါ်ခင်မိုးကြည်၊ ဦးခင်စိုး-ဒေါ်ရီရီခင်၊ ဒေါ်မြတ်မိုးအောင်(YESC- ဗဟန်း)၊ ကိုဇော်မိုးအောင်-မစန်းစန်းမော်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၆-၁-၂၀၁၉ရက် (စနေနေ့) နံနက် ၇:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၂-၂၀၁၉ရက် (သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

## ဦးသန်းအောင် (မြိတ်)

**အသင်းဝင်အမှတ်(၁၃၇၃)**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး အနောက်ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ်(၂၀)၊ မြေညီ(ခေါင်းရင်းခန်း)နေ ဒေါ်ခင်မြင့်၏ခင်ပွန်းသည် ၂၆-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၉ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (မြိတ်အသင်းမှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)

## ဦးအေးလွင်

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ ရေနံ့သာလမ်း၊ တိုက်(၈၁)၊ အခန်း(၂)နေ အသင်းဝင် ဦးအေးလွင်သည် ၂၅-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၉ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

## မညွှန့်ခိုင်မာ (အုတ်ဖိုမြို့)

**စာရေးဆရာညွှန့်ခိုင်မာ**

**(ကျောက်ဆည်)**

**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အထက်ဗဟိုလမ်း၊ မုဒိတာအိမ်ရာ(၁) Aဆောင်၊ အမှတ် ၉၄၂နေ ဦးညွှန့်လွင်-(ဒေါ်ကျော်ကျော်သန်း) တို့၏သမီး၊ မလွင်မာသန်း (SMVTI-သက်မွေးပညာသင်တန်းကျောင်း)၏အစ်မသည် ၂၅-၁-၂၀၁၉ ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းအောင်

**သမဦးစီး-ငြိမ်း၊ စိန့်ဂျွန်းကျောင်းသားဟောင်း**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ်(၂၀/၂၂)မြေညီနေ (ဘီအိုင်ဦးထွန်းစိန်-ဒေါ်အေးညွှန့်)တို့၏သား၊ မြိတ်မြို့နောက်လယ်ရပ်နေ(ဦးဘသိုင်း-ဒေါ်ကျင်ဌွေ)တို့၏သားသမက်၊ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဦးသန်းထွန်းအောင်-ဒေါ်ခင်သီတာ၊ ဒေါ်သီတာ၊ ဦးဇာနည်အောင်တို့၏ဖခင်၊ မမိုးပွင့်ဖြူ၊ မောင်ထင်အောင်လင်းတို့၏အဘိုးသည် ၂၆-၁-၂၀၁၉ရက်(စနေနေ့) နံနက် ၁၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၉ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၁၉ရက်(သောကြာနေ့) နံနက်တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး

## ဒေါ်တင်ရီ(ခ)ဒေါ်ဘုတ်ဆုံ(ဆင်မလိုက်)

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၅-ရပ်ကွက်၊ ဘုရားလမ်းနေ (ဦးတိတ်ဝမ်-ဒေါ်စံတီ)တို့၏သမီး၊ (ဦးရီရွှေ-ဒေါ်ကင်အိန်း)၊ (ဦးအေးမြင့်-ဒေါ်အုန်းတင်)၊ ဒေါ်တိုးတို့၏ညီမ၊ ဦးစိန်ဝင်း-ဒေါ်ကြူး၊ ဦးညွှန့်ဝေ-ဒေါ်လှလှ၊ ဒေါ်မြကြည်၊ (ဦးမြစိန်)-ဒေါ်ကျင်ရီ၊ ဒေါ်စန်းစန်းဝင်း၊ ဦးလှဝင်း-ဒေါ်ခင်ဝင်းမြင့်တို့၏အစ်မကြီး၊ မြမြဝင်း၊ ကိုအိန်ပျောက်(ခ)ကိုမြင့်လွင်-မငြိမ်းငြိမ်းဦး၊ အေးအေးမာ၊ ကိုစန်းလွင်၊ ရီရီမြင့်(ခ)ကြည်မော်၊ သန်းသန်းငွေ၊ စန်းသီတာ၊ (မောင်မျိုးလွင်(ခ)တီတီးလေး)တို့၏ ကျေးဇူးရှင်မွေးမိခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့အဖွား၊ ကမာရွတ်မြို့နယ်၊ ၅ ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ် ၅၂ နေ (ဦးကျင်တိတ်)၏ဇနီး ဒေါ်တင်ရီ(ခ)ဒေါ်ဘုတ်ဆုံ သည် ၂၅-၁-၂၀၁၉ (သောကြာနေ့)နေ့လယ် ၁၂:၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁:၀၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၃၁-၁- ၂၀၁၉ (ကြာသပတေးနေ့)နံနက် ၇:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ထွေးထွေး (ညောင်ရွှေမြို့၊ တောင်သာမြို့)

**အသက်(၈၇)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နေ( ဦးထွန်းရှိန်-ဒေါ်ဖွားရွှေ)တို့၏သမီး၊ (ဦးဘမှီ- ဒေါ်ရှင်)တို့၏ချွေးမ၊ (ဦးဖေတင်၊ညောင်ရွှေ)၏ဇနီး၊ (ဦးအောင်ဆွေဝင်း)-ဒေါ်စု၊ ဦးခင်မောင်လတ်-ဒေါ်ခင်စန်းကြည်၊ (ဦးသန်းဆွေ)-ဒေါ်ခင်မေလတ်၊ ကျောက်ဆည်မြို့နေ ဗိုလ်မှူးကြီးကြည်စိန်(ငြိမ်း)-ဒေါ်ခင်မေမြတ်၊ (ဗိုလ်မှူးသံနိုင်)၊ နေပြည်တော်နေ ဦးထင်ကျော် (ညွှန်ကြားရေးမှူးချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး)-ဒေါ်လှလှတူး၊ ညောင်ရွှေမြို့နေ ဦးတင့်နိုင်-ဒေါ်သန်းမေတို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၂၆-၁-၂၀၁၉ရက်(စနေနေ့) နံနက် ၁၀:၁၅နာရီတွင် မန္တလေးမြို့၊မန္တလာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် တောင်သာမြို့ မြောက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်အေး (အောင်လံမြို့) အသက်(၈၈)နှစ်

အောင်လံမြို့နေ (ဦးရွှေ-ဒေါ်ကျော့ရှင်)တို့၏သမီး၊ မင်းဘူးမြို့နေ (ဦးဘသိန်း- ဒေါ်မြဇင်)တို့၏သမီးချွေးမ၊ အောင်လံမြို့နေ ဒေါ်သန်းသန်း(ချယ်ရီရွှေမိသားစု)၊ ဒေါ်တင်အေးတို့၏အစ်မ၊ (ဒေါက်တာ ဦးချစ်ချစ်)၏ဇနီး၊ ဦးမိုးသန်းချစ်၊ ဦးဇော်ဝင်းချစ်(ညွှန်ကြားရေးမှူး၊ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ကြည်ကြည်စိုး(ဖြူဖွေး)၊ ဦးသော်တာချစ်-ဒေါ်ခင်စန္ဒာထွန်းတို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၅-၁-၂၀၁၉ရက် (သောကြာနေ့)ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် ၁၈ဘီ၊ သုခဝတီလမ်း၊ (စူနီယံပါတ်ခ်)၊ ရန်ကင်းနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁:၁၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၁၉ရက် (ကြာသပတေးနေ့)နံနက် ၇နာရီ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်အေး (အောင်လံမြို့)

**အသက်(၈၈)နှစ်**

ဦးဇော်ဝင်းချစ်(ညွှန်ကြားရေးမှူး၊ ဒီ/ပုံ)ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)၏မိခင်သည် ၂၅-၁-၂၀၁၉ရက် (သောကြာနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး**

**ဝန်ထမ်းမိသားစုများ**

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်အေး (အောင်လံမြို့)

**အသက်(၈၈)နှစ်**

ဦးဇော်ဝင်းချစ်(ညွှန်ကြားရေးမှူး၊ ဒီ/ပုံ)ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)၏မိခင်သည် ၂၅-၁-၂၀၁၉ရက် (သောကြာနေ့)ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**

**တည်ဆောက်ရေး(၉)**

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်အေး (အောင်လံမြို့)

**အသက်(၈၈)နှစ်**

ဦးဇော်ဝင်းချစ်(ညွှန်ကြားရေးမှူး၊ ဒီ/ပုံ)ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)၏မိခင်သည် ၂၅-၁-၂၀၁၉ရက် (သောကြာနေ့)ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**

**တည်ဆောက်ရေး(၁)**

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်အေး

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ကွယ်လွန်သူ ဒေါက်တာဦးချစ်ချစ်၏ဇနီး၊ ကိုမိုးသန်းချစ်၊ ကိုဇော်ဝင်းချစ်၊ ကိုသော်တာချစ်တို့၏မိခင် ဒေါ်မြင့်မြင့်အေးသည် ၂၅-၁-၂၀၁၉ ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် သူငယ်ချင်းတို့ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ခင်ဇော်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဟားခါး**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကောသလ္လ (မဟာကမ္မဋ္ဌာနာစရိယ)

**သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ**

**စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ အိုင်လျှားရွာ၊ ဇမ္ဗူအေးမဟာစည်သာသနာ့ရိပ်သာကြီး၏ ဦးစီးပဓာနနာယကဆရာတော်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ လိပ်ပြာကန်ကျောင်းတိုက်၊ ရွှေဘုရင်ကျောင်းဆရာတော် မဟာစည်သာသနာ့ရိပ်သာကြီးများ၏ ပြည်တွင်း/ပြည်ပနာယက**

ဘဒ္ဒန္တကောသလ္လမထေရ်မြတ်ကြီးသည်(၁၃၈၀ပြည့်နှစ် ဝါခေါင်လဆန်း ၇ရက်) ၁၈-၈-၂၀၁၈ရက်(စနေနေ့)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ် ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၂/၁၃ရက်) ၁/၂-၂-၂၀၁၉ရက်များတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ အိုင်လျှားရွာ၊ ဇမ္ဗူအေးမဟာစည်သာသနာ့ရိပ်သာကြီးအတွင်း၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**

**တန့်ဆည်မြို့နယ်၊ အိုင်လျှားရွာ**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဝါယမ (သာသနဓဇမ္မောစရိယ)

**သက်တော်(၅၉)နှစ်၊ သိက္ခာတော်(၃၉)ဝါ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ မင်္ဂလာရာမစာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တဝါယမ (သာသနဓဇမ္မောစရိယ)အရှင်သူမြတ်သည် ၁၃၈၀ပြည့်နှစ် ပြာသိုလပြည့်ကျော် ၃ရက် ၂၃-၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားရာ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို သာဓုကီဠန အန္တိမအဂ္ဂိဈာပနပူဇာသဘင်ဆင်ယင်ကျင်းပ ပြုလုပ်ရာဝယ် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေလိုပါသောကြောင့် ၁၃၈၀ပြည့်နှစ် ပြာသိုလပြည့်ကျော် ၉ရက် ၂၉-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၆နာရီမှ မွန်းတည့် ၁၂နာရီအထိ မင်္ဂလာရာမစာသင်တိုက်၌ တရားတော်များ နာယူပြီး ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**တပည့်ဒါယကာ၊ ဒါယိကာမများ**

## ဦးအောင်အောင်စိုး

**တာမွေ၊ ရန်ကုန်**

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊မာဃလမ်း၊ အမှတ် ၅၀၉နေ ဦးလှထွန်းစိန်-ဒေါ်ဝိုင်းတို့၏သား၊ ရန်ကုန်မြို့နေ (ဦးလှထွန်းခိုင်)-ဒေါ်သန်းယဉ် တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အာသောကလမ်း၊ တိုက် ၁၃၊ တတိယထပ်(B)နေ ဒေါ်ခင်မာယု၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိန်လှမောင်-ဒေါ်ခင်ခင်ချို [MARGA(H)GROUP of Co.,Ltd]၊ ဦးညီညီစိုး-ဒေါ်ခင်စုလှိုင် (USA)တို့၏မောင်၊ အစ်ကိုသည် ၂၆-၁-၂၀၁၉ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၉ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၁၉ရက် နံနက် ၇နာရီ ၁၀နာရီအထိ အထက်ပါတာမွေမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းထွန်း

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့နေ (ဦးမောင်မောင်-ဒေါ်ဆုံ)တို့၏ သား၊ဦးသန်းမြင့်-ဒေါ်လွင်လွင်သိန်း၊ (ဦးအေးသိန်း)-ဒေါ်ခင်ရီ(USA)၊ (ဦးလှမော်) - ဒေါ်နီလာလူ၊ ဦးသိန်းအောင်-ဒေါ်တင်တင်အေး၊ (ဒေါ်ခင်လတ်)တို့၏ ညီ/မောင်၊တူ/တူမ ၁၃ ယောက်တို့၏ဦးလေးသည် ၂၅-၁-၂၀၁၉ရက် (သောကြာနေ့) နံနက် ၈:၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ကိုသိန်းဇော်လင်း(ခ) ကိုအန်းကူ

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကုက္ကိုင်းရိပ်သာလမ်း၊ အမှတ် ၂ နေ (ဦးနေလင်း)-ဒေါ်မြင့်မြင့်ရီတို့၏ သားကြီး၊ (ကိုအောင်ဇော်လင်း)၊ ကိုဟန်ဇော်လင်း၊ ကိုသီဟလင်း-မမိုးကလျာထွန်း၊ မသန္တာလင်းတို့၏ အစ်ကိုကြီးဖြစ်သူ ကိုသိန်းဇော်လင်း (ခ) ကိုအန်းကူ သည် ၂၆-၁-၂၀၁၉ ရက် (စနေနေ့) ည ၉:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၉ ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ဂူသွင်းသင်္ဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပေးပါမည်။

**ကျန်ရစ်သူမိသားစု**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# အိန္ဒိယသမ္မတနိုင်ငံ နှစ်(၇၀)ပြည့် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အိန္ဒိယသမ္မတနိုင်ငံ၏ နှစ်(၇၀)ပြည့် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် ဇန်နဝါရီ ၂၆**

အိန္ဒိယသမ္မတနိုင်ငံ၏ နှစ်(၇၀)ပြည့် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်း အမှတ်(၃၅)ရှိ သံအမတ်ကြီး နေအိမ်၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး ဒေါ်မေယဉ်ထွန်းတို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံသီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Saurabh Kumar (Ambassador-Designate)နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Saurabh Kumar (Ambassador-Designate) နှင့် ဇနီးတို့က

*စာမျက်နှာ ၅ ကော်လံ ၁* ❍

# ရှမ်းယူနိုက်တက်နှင့် စစ်ကိုင်းအသင်း ဂိုးပြတ်ရလဒ်ဖြင့် ပထမဆုံးနိုင်ပွဲရရှိ

**ရန်ကုန် ဇန်နဝါရီ ၂၆**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) ပထမနေ့ကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် စစ်ကိုင်းအသင်း ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက တန်းတက်ဒဂုံအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲဆက်နိုင်ပွဲ ပျောက်ဆုံးထားမှုကို အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်ပြီး နည်းပြချုပ်သစ် ဦးမင်းသူ လက်ထက် MNL အမှတ်ပေးပြိုင်ပွဲ ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးပြတ်အနိုင်ရသော်လည်း ခြေစွမ်းအရ အကောင်းဆုံးပုံစံမရှိသေးဘဲ ခံစစ်ပိုင်းကလည်း ဂိုးများဆက်တိုက်ပေးနေရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပထမဆုံးနိုင်ပွဲအတွက် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဒဏ်ရာရနေသည့် ဂိုးသမား သီဟစည်သူမှ လွဲ၍ လူစုံအသုံးပြုခဲ့ပြီး ဒဂုံအသင်း

*စာမျက်နှာ ၁၂ ကော်လံ ၅* ■



ရှမ်းယူနိုက်တက်နှင့် ဒဂုံအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ - စိုးညွန့်

# "သွေးချင်းတို့ရဲ့ပွဲတော်ဆီ"ပွဲတော် ကုန်စည်ပြပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်း၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်သည်။

**တက်ရောက်**

"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၅* ❖



"သွေးချင်းတို့ရဲ့ပွဲတော်ဆီ " ပွဲတော်သို့ လာရောက်ကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ- အောင်မြင့်(ပြန်/ဆက်)

